# ဇိနတ္ထပကာသနီ

အတွဲ [၁]

[ပဌမတွဲ နှင့် ဒုတိယတွဲ]

ဟံသာဝတီ

မင်္ဂလာဦးအောင်မြင့်

ရေး


ဘေးရန်ကင်းဝေး ချမ်းသာရေး

# သိကြားဥဒါန်း

သိကြားမင်း စသောပုဂ္ဂိုလ် ၉-ဦးတို့၏
အတ္ထုပ္ပတ္တိနှင့် အဘိုးတန် ဗုဒ္ဓဝင်ဘုရားရှိခိုး စသော
ဂါထာများပါဝင်သည်။

မင်္ဂလာ စာပေ


၁၃၄၀-ခု ၁၉၇၉-ခု

မင်္ဂလာစာပေ၏စတုတ္ထကျမ်းစာ

တန်ဘိုး ၄ ကျပ်

F-A

မင်္ဂလာဦးအောင်မြင့်

ရေး

ဘေးရန်ကင်းဝေး ချမ်းသာရေး

# သိကြားဥဒါန်း

သိကြားမင်း စသောပုဂ္ဂိုလ် ၉-ဦးတို့၏
အတ္ထုပ္ပတ္တိနှင့် အဘိုးတန် ဗုဒ္ဓဝင်ဘုရားရှိခိုး စသော
ဂါထာများပါဝင်သည်။

၁၃၄၀-ခု ၁၉၇၉-ခု

မင်္ဂလာစာပေ၏စတုတ္ထကျမ်းစာ

တန်ဘိုး ၄ ကျပ်

F.A

ပဉ္စမအကြိမ် ၁၉၇၉ ခု မတ်လ၊ အုပ်ရေ-၄၀၀၀

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ်-၁၁၅၁၆

ထုတ်ဝေသူ။ ။ဦးအောင်မြင့် မင်္ဂလာစာပေ
(မှတ်ပုံတင်အမှတ်-၀၁၇၅၈)
၅-၆ စိန်မေတ္တာလမ်း၊ ဟာမစ်တိတ်
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ။ ။ဦးအောင်မြင် ရန်ကုန်သတင်းစာပုံနှိပ်တိုက်
(မှတ်ပုံတင်အမှတ်-၀၄၈၇)
၂၀၉-၂၁၁၊ ကျုံးကြီးလမ်း-ရန်ကုန်မြို့။
စက်ရုံအမှတ် ၁၃၀၊ ကင်းဘဲလမ်း-ရန်ကုန်မြို့။

ပန်းချီ ။ ။ဦးဘကြည်

မျက်နှာဖုံးရိုက်။ ။ဇွဲပုံနှိပ်တိုက်

တန်ဖိုး ၄—ကျပ်

## သိကြား ဥဒါန်း မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပဏာမ .... .... .... .... | ၁ |
| ၂။ | နိဒါန်း .... .... .... .... | ၁ |
| ၃။ | သိကြားမင်း .... .... .... .... | ၁၁ |
| ၄။ | ပဥ္စသိခ .... .... .... .... | ၁၁ |
| ၅။ | ဗုဒ္ဓထံသိကြားမင်းချဉ်းကပ် .... .... .... | ၁၄ |
| ၆။ | သာကီဝင်မင်းသမီးဂေါပိကာနတ်သား .... .... | ၁၇ |
| ၇။ | သိကြားမင်းပြဿနာမေးလျှောက်ခြင်း .... .... | ၁၀ |
| ၈။ | တပည့်တော်ဟာ သောတာပန်ပါ .... .... | ၂၄ |
| ၉။ | လောက၌ ဗုဒ္ဓနှင့်တူသူမရှိ .... .... .... | ၂၆ |
| ၁၀။ | ဗြဟ္မာယုသုခမိန်ကြီး .... .... .... | ၂၈ |
| ၁၁။ | ဗုဒ္ဓမြတ်ဘုရား၏ကောင်းသတင်း .... .... | ၂၈ |
| ၁၂။ | ဥတ္တရလုလင် .... .... .... .... | ၃၀ |
| ၁၃။ | လက္ခဏာတော် ၃၂-ပါး .... .... .... | ၃၁ |
| ၁၄။ | ဗုဒ္ဓအသံတော် ၈-ပါး .... .... .... | ၃၇ |
| ၁၅။ | ကောသလမင်းကြီး .... .... .... | ၃၈ |
| ၁၆။ | သားသေသော သူကြွယ်နှင့် ဗုဒ္ဓ .... .... | ၃၈ |
| ၁၇။ | လောင်းကစားသမားတို့နှင့် သူကြွယ် .... .... | ၄၀ |
| ၁၈။ | ဘုရားရှင်တို့မည်သည် ချွတ်ယွင်းသောစကားမရှိ .... | ၄၂ |
| ၁၉။ | မလ္လိကာနှင့် ကောသလ .... .... .... | ၄၃ |
| ၂၀။ | ငါနားလည်ပြီ .... .... .... .... | ၄၄ |
| ၂၁။ | ဇာဏုသောဏိပုဏ္ဏားပညာရှိကြီး .... .... | ၄၅ |
| ၂၂။ | ဆင်ခြေရာကိုတွေ့က ဆင်၏ပမာဏကိုသိရမှာပါ .... | ၄၆ |
| ၂၃။ | ခြေရာလေးပါး .... .... .... .... | ၄၇ |
| ၂၄။ | သမဏအစစ် ဗြဟ္မဏအစစ် .... .... .... | ၄၉ |
| ၂၅။ | ကာရဏပါလီအမတ်ကြီး .... .... .... | ၅၀ |
| ၂၆။ | ဆာလောင်နေတဲ့သူဟာ ပျားမုံ့ကိုစားရသလို .... | ၅[illegible] |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၂၇။ | အေးမြတဲ့ရေကန်တွင်းသက်ဆင်းရသလို .... .... | ၅၂ |
| ၂၈။ | အာရမ္မဒဏ္ဍပုဏ္ဏားကြီး .... .... .... | ၅၃ |
| ၂၉။ | ပုထုဇဉ်လူသားတို့ ငြင်းကြခုံကြတာက .... .... | ၅၄ |
| ၃၀။ | ရဟန်းအချင်းချင်းငြင်းကြခုံကြတာက .... .... | ၅၅ |
| ၃၁။ | မနုဿာနီ သောတာပန်မကြီး .... .... .... | ၅၅ |
| ၃၂။ | ဗုဒ္ဓခမည်းတော်မဟိန္ဒမင်းကြီး .... .... | ၅၇ |
| ၃၃။ | သင်္ဂါရဝ၏မရီးတော် .... .... .... | ၅၈ |
| ၃၄။ | ထင်းခုတ်သမားသားဝတ္ထု၊နမောဗုဒ္ဓဿ .... .... | ၅၉ |
| ၃၅။ | ဇီနာလင်္ကာရကျမ်းလာ နမောတဿ .... .... | ၆၆ |
| ၃၆။ | ဆီးပန်းနီ ဥဒါန်းသုံးဂါထာ .... .... .... | ၆၇ |
| ၃၇။ | နမောဗုဒ္ဓါယသိဒ္ဓံ .... .... .... | ၇၀ |
| ၃၈။ | မောင်းထောင် ဥဒါန်းဂါထာများ .... .... | ၇၃ |
| ၃၉။ | မင်းလှဇေယျဝတီ ဥဒါန်း .... .... .... | ၇၉ |
| ၄၀။ | နမောတဿ ဗုဒ္ဓဝင်ဘုရားရှိခိုး.... .... .... | ၈၄ |
| ၄၁။ | သိကြားဥဒါန်း နမောတဿအနက်များ.... .... | ၁၀၀ |
| ၄၂။ | ဗုဒ္ဓသာသနာဝင်.... .... .... .... | ၁၀၇ |
| ၄၃။ | နိဂုံး .... .... .... .... | ၁၁၃ |
| ၄၄။ | (နောက်ဆက်တွဲ) ဗေလုဝနတ်စောင်းသံ ၁၄-ဂါထာ | ၁၁၄ |
| ၄၅။ | ဗေလုဝနတ်စောင်းသံ ကဗျာ ၁၄-ပုဒ် .... .... | ၁၂၀ |

# သိကြားဥဒါန်း

## ပဏာမ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ ပူဇော်အထူးကို ခံတော်မူထိုက်သော သစ္စာလေးပါး တရားအမှန်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်ကန်စွာသိတော်မူသော ထိုဗုဒ္ဓမြတ်ဘုရားအား ကျနုပ်မင်္ဂလာအောင်မြင့်သည် ရှိခိုးပါ၏။

---

## နိဒါန်း

**ဘဝတုသဗ္ဗမင်္ဂလံ-**

ရန်ကုန်မြို့ သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ကြီး၏ အမှုဆောင်လူကြီးတို့တွင် အချိန်ပြည့် လုပ်အားပေးကြသော လူကြီးများနှင့် အလှည့်ကျ လုပ်အားပေးကြသော လူကြီးတို့သည် နံနက် ၉ နာရီမထိုးမီ အဖွဲ့တည်ရာ ပိဋကတ်တိုက် ရုံးခမ်းသို့ ရောက်လာကြစမြဲဖြစ်ပါ၏၊ ရောက်သည်နှင့်တပြိုင်နက် ရုံးတက်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြပြီးနောက် အဖွဲ့ကဆောင်ရွက်ကြရမည့် သာသနာရေးလုပ်ငန်းအရပ်ရပ်တို့ကို ဝမ်းမြောက်ရွှင်လန်းစွာ တက်ညီလက်ညီ ဆောင်ရွက်ကြရပါသည်။

အလုပ်အားလပ်သော သူတို့ကမူ ညှော်ခံစားပွဲ၌ အနားယူကြရင်း ရတနာသုံးပါးနှင့်စပ်သော သိမှတ်ဖွယ်ရာတို့ကို ဆွေးနွေးကြ ဗဟုသုတဖလှယ်ကြပါ၏၊ ထို့ကြောင့်ပင် အခါအားလျော်စွာ "ကာလေနဓမ္မသာကစ္ဆာ" မင်္ဂလာ ဖြစ်ခဲ့ပါသည်။

### ဓမ္မသာကစ္ဆာပွဲ

၁၉၇၇-ခု ဩဂုတ်လ ၂၄ ရက်နေ့ မွန်းလွဲ ၁-နာရီအချိန်က အမှုဆောင်လူကြီးများ ဖြစ်ကြသော အင်ဂျင်နီယာဦးဦးခိုင် ရှေ့ဘုံသာဦးကိုကိုကြီး ဒေါ်ပုံ ဦးတင်အောင်နှင့် ကျွန်တော်တို့ ထိုင်နေကြစဉ် အင်ဂျင်နီယာ

ဦးဦးခိုင်က "နမော တဿက ဘုရားဟောလားဗျာ့၊ ဘယ်သူကစပြီး တော့ကာ ရှိခိုးတဲ့ ဘုရားရှိခိုးလဲ"ဟု မေးလိုက်ပါသည်။

ဗုဒ္ဓသာသနာကို ကိုးကွယ်ကြသူ လူမျိုးမှန်လျှင် 'နမောတဿ' ကို ယဉ်ကျေးမှုတရပ် အနေအားဖြင့် ရွတ်တတ်ရှိခိုးတတ်သူက များပါသည်၊ ဤသို့ လူတိုင်း ရကြသော်လဲ နမော တဿ အစ ဘယ်ကျမ်းက ဆိုတာကို တော့ သိသူနည်းပါးလှ၍ မေးခြင်းဖြစ်ပါသည်။

## သင်ပုံးကြီးအစ နမော တဿ

ကျွန်တော်တို့သည် ရိုးရာယဉ်ကျေးမှုအရ မြန်မာစာကို သင်ကြရ သောအခါ ရှေးက ဘုန်းတော်ကြီးကျောင်းများ၌ နှစ်ပြားတန် သင်ပုံး ကြီးစာအုပ်ကို ဦးစွာဖတ်ကြရ၏၊ သင်ပုံးကြီးစာအုပ်ကို လှန်လိုက်သည် နှင့်တပြိုင်နက် ကနဦးတွေ့ရသော စာတမ်းမှာ 'နမော တဿ'ဖြစ်ပါသည်၊ ယင်း'နမောတဿ'၏ အောက်၌ နမော ဗုဒ္ဓါယ သိဒ္ဓံ အ-အာ-ဣ-ဤ-ဥ-ဦ-ဧ-အဲ-ဩ-ဪ-အံ-အား ဖြစ်ပါ၏၊ ထို့နောက်မှပင် က-ခ-ဂ-ဃ-င- စသော ဗျည်းသုံးဆယ့်သုံးလုံးနှင့်တကွ သင်ပုံးကြီး အကုန်ဖြစ်ပါသည်။

## နမောတဿကို သုံးကြိမ်ရွတ်ဆိုပြီးမှ

တကယ်စတင်၍ သင်ရမည့်စာမှာ 'က-ခ-ဂ-ဃ-င'တို့ဖြစ်သော်လဲ စာ သင်ပေးသည့် ဘုန်းတော်ကြီးက အန္တရာယ်ကင်းခြင်း သင်ကြားမည့် ကျမ်းစာ ပြီးမြောက်ခြင်းအကျိုးငှါ သူငယ်အား နမော တဿကို နှုတ် တက်ရအောင် စတင်ချပေးလေ့ရှိပါ၏၊ ထို့နောက်မှပင် နမော ဗုဒ္ဓါယ သိဒ္ဓံ စသည်ကို ရွတ်ဆိုစေပြီးလျှင် ကကြီး ခခွေး စသည်တို့ကို သင်ပေးရိုး အစဉ်အလာဖြစ်ပါသည်။

ထိုနည်းငှင်းပင် မြန်မာအက္ခရာဖြင့် ရေးသားထားသမျှသော ပါဠိစာ ပေကျမ်းဂန်အမျိုးမျိုး မြန်မာစာပေ ကျမ်းဂန်အမျိုးမျိုးတို့၌ နမော တဿကို ပဌမဦးဆုံးသော စာမျက်နှာ ကျမ်းစာအုပ်၏အစ၌ တွေ့ရသလို ယင်းကျမ်းစာတို့ကို ဖတ်ရှုလိုသူတိုင်းပင် သို့မဟုတ်,ပို့ချလိုသူတိုင်း,သင်

ယူလိုသူတိုင်းပင် 'နမောတဿ'ကို သုံးကြိမ်ရွတ်ဖတ်ပြီးမှ ကျမ်းရင်းစာသားကို သင်ကြားမြဲ,ဖတ်ရှုမြဲ အစဉ်အလာဖြစ်ပါသည်။

ပခုက္ကူမြို့ မဟာဝိသုတာရာမ ကျောင်းတိုက်ကြီး၌ ပါဠိတော်,အဋ္ဌကထာ, ဋီကာတို့ကို ပို့ချတော်မူကြသော အာရာမိဿရ ဂဏဝါစက ဓမ္မာစရိယ ဆရာတော်တို့သည် ကျမ်းဦးအစ၌ နမောတဿကို တခမ်းတနား ပို့ချလေ့ရှိကြသဖြင့် ရောက်သစ်စ စာသင်သားတို့ဘည် နမောတဿ အနက် အမျိုးမျိုးတို့ကို ကူးယူ ရေးမှတ်ကြရ နှုတ်တက်ဆောင်ကြရလေသည်။

## နမောတဿ ဂမ္ဘီရ

ကျနုပ်တို့သည် နမောတဿ ဂမ္ဘီရရှုဘွယ်ဟူသော ကျမ်းတစောင်ကို တွေ့ပါ၏၊'နမောတဿ'သည် ဘယ်ပိဋကတ်ကျမ်းဂန်၌ပါသည်ဟူ၍ ဖော်ညွှန်းထားသည်ကိုတော့ မတွေ့ရပါ။

> "ရှေးရှေးလွန်တော်မူပြီးသော ဆရာကြီး ဆရာမြတ်တို့သည် အထူးထူးအပြားပြား များစွာကုန်သော ပါဠိ, အဋ္ဌကထာ, ဋီကာ, အနု,မဓု, လက်သန်း, ဆန်း, ယောဇနာစသော အစောင်စောင် အတိုင်းမသိသောကျမ်းတို့၏အစ၌ ဗုဒ္ဓပဏာမကို ဖြစ်စေခြင်းငှါ ဘုရားသခင်ကို ရှိသေလေးမြတ်လှသောကြောင့် 'နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'ဟူသော ဗုဒ္ဓပဏာမကို ရေးထားတော်မူပေကုန်သည်။"

ဤသို့စသည်ဖြင့် ဖော်ပြထားသည်ကိုသာ တွေ့ရပါ၏၊ တဖန်ဆက်လက်၍ ယင်းနမောတဿ ဂမ္ဘီရရှုဘွယ်ကျမ်း၌ "အကြင်သူသည် နမောတဿ ဗုဒ္ဓပဏာမ၏ အတ္ထအဓိပ္ပာယ်ကို ဆိုနိုင်စွမ်းအံ့၊ ထိုသူကို ဘုရားသဗ္ဗညုတသာ ကေန္တမှတ်၊ ဘုရားသခင်မှတပါး ပစ္စေကဗုဒ္ဓါ သာဝကတို့သည် နမောတဿပဏာမ၏ အတ္ထအဓိပ္ပာယ်ကိုကုန်စင်အောင် ဟောနိုင်မည်မဟုတ်၊ သဗ္ဗညုတဘုရားတဆူသာလျှင် နမောတဿပဏာမ၏ အတ္ထအဓိပ္ပာယ်ကို ကုန်စင်အောင် ဟောတော်မူနိုင်မည်ဟူလို"ဟု ဖော်ပြ

ပြီးနောက် နမောတဿ-၏ အနက်ကို ရေးထားသည်ကိုသာ တွေ့ရပါသည်။

### ခုခေတ် ကလေးတွေက အမေးထူ

ဆက်လက်၍ ဦးဦးခိုင်က 'ကျွန်တော်တို့ ငယ်ငယ်တုန်းကတော့ မိဘရိုးရာ အစဉ်အလာအတိုင်း မိဘဆရာသမားတို့ သင်ပေးလို့ ရလာကြတဲ့ ဒီ 'နမောတဿ' ကိုစစ်လား ဆေးလား မေးမြန်းလားလုပ်မနေခဲ့ကြပါဘူး၊ သမရိုးကြအတိုင်း သင်ယူပြီး ဘုရားရှိခိုးခဲ့ကြတာပါဘဲ ခုခေတ်ကလေးတွေကတော့ တယ်ပြဿနာထူသကိုးဗျ၊ နမောတဿက ဘုရားဟောလား၊ ဘယ်သူရေးတာလဲ စသဖြင့် မေးလာကြတယ်" ဟု ပြောပြပါသည်။

### နမော တဿ အမေးအဖြေ

ဒုတိယကမ္ဘာစစ်မဖြစ်မီက ခေတ်စားခဲ့သော တိုးတက်ရေးမဂ္ဂဇင်း၌ 'နမောတဿအစ ဘယ်တုန်းက' ဟူသော မေးခွန်းတခု ပါလာ၏၊နောက်လထုတ် စာစောင်၌ 'နမောတဿသည် သာတာဂီရိစသော နတ်မင်းကြီးငါးဦးတို့ တဦးလျှင် တပုဒ်ကြ' ရှိခိုးကြသော ဘုရားရှိခိုးဖြစ်ကြောင်း

"သာတာဂီရိ နမော ယက္ခော၊ တဿစ အသုရိန္ဒကော၊
ဘဂဝတော မဟာရာဇာ၊ သက္ကော အရဟတော တဿ၊
သမ္မာသမ္ဗုဒ္ဓဿ ဗြဟ္မာ၊ ဓေတပဉ္စ နမဿန္တိ။"

ဟူသောဂါထာကို ကိုးကား၍ ပညာရှိပုဂ္ဂိုလ်တဦးဖြေကြားခဲ့သည်ကို ကျနုပ်တို့ ဖတ်ရဘူးပါ၏၊ ကျနုပ်တို့သည်လဲ ထိုစဉ်က ပခုက္ကူမြို့ မဟာဝိသုတာရာမ၌ ဒီဃနိကာယ်ကို သင်ယူနေသူ စာသင်သား တဦးဖြစ်၍ 'နမောတဿ' သည် သိကြားမင်း ရှိခိုးသော ဘုရားရှိခိုးဖြစ်ကြောင်း သိထားသလောက် ဖြေခဲ့ဘူးပါသေးသည်။

### အတိုဆုံး ဘုရားရှိခိုး

ဆဋ္ဌသံဂါယနာခေတ်သို့ ရောက်သောအခါ ပိဋကတ်ကျမ်းဂန်တို့ကို ကြည့်နိုင်ခွင့်ရသောကြောင့် နမောတဿ အကြောင်းကို စုံစုံလင်လင် သိရ

သဖြင့် 'အတိုဆုံး ဘုရားရှိခိုး'ဟူသော အမည်ဖြင့် ရန်ကုန်သတင်းစာ (၂၂-၁၁-၆၆)နေ့ အထူးထုတ်၌ ဆောင်းပါးတပုဒ် ရေးခဲ့ဘူးပါသည်။

သို့ဖြစ်၍ အထက်ပါစကားဝိုင်း၌ နမောတဿအကြောင်းကို ပြန်လည်မှတ်မိသဖြင့် တင်ပြခဲ့ပါ၏၊ အင်ဂျင်နီယာ ဦးဦးခိုင်နှင့် ဓမ္မမိတ်ဆွေတို့က "ကလေးတွေ ·နားလည်လွယ်အောင် နမော တဿ အကြောင်း စာတအုပ် ရေးဗျာ"ဟု တိုက်တွန်းကြပါ၏၊ ကျနုပ်တို့ကလဲ ရေးပါမည်ဟု ဝန်ခံခဲ့ပါသည်၊ဤသည်လျှင် "သိကြားဥဒါန်း"စာအုပ်ဖြစ်ပေါ်လာခြင်းအကြောင်းရင်း နိဒါန်းဖြစ်ပါသည်။

## နတ်ကြီးငါးပါး ဘုရားရှိခိုးတဲ့

နမောတဿသည် နတ်ကြီးငါးပါးက တပါးလျှင် တပုဒ်ကျ စုပေါင်း၍ ရှိခိုးသော ဘုရားရှိခိုး ဟုတ်,မဟုတ်ကို လေ့လာဘို့ လိုအပ်သေးသဖြင့် ပညာရှိတို့အား ဆည်းကပ်၍၎င်း နမောတဿနှင့် စပ်ရာ ဆိုင်ရာ ကျမ်းအစောင်စောင်တို့ကို လေ့လာ၍၎င်း အဖြေရှာခဲ့ပါ၏၊ ပိဋကတ်စာပေ၌မူ နတ်ကြီးငါးပါးက တပါးလျှင် တပုဒ်စီ ရှိခိုးသည်ဟူ၍ မတွေ့ရပါ၊ သာတာဂိရိ နမော ယက္ခော စသော ဂါထာကိုလည်း ပိဋကတ်၌ မတွေ့ရပါ။

## ဦးဝါသေဋ္ဌ ပရိတ်ကြီးနိဿယက

ဆရာတော် ဦးဝါသေဋ္ဌရေး ပရိတ်ကြီးနိဿယ စာမျက်နှာ ၁၆-၌ "နမောတဿ စသည်ကား ဗုဒ္ဓရှင်တော်မြတ်အား ရှိခိုးကန်တော့ခြင်းဖြင့် ကောင်းမြတ်သော မင်္ဂလာအမှု ပြုလုပ်ခြင်းဖြစ်သည်၊ ဤ နမောတဿ ပဏာမသည် ဘာရဒွါဇ ပုဏ္ဏားကြီး၏ဇနီး ဓနဉ္စာနီမည်သော သောတာပန်ပုဏ္ဏေးမ စသောသူတို့ ဥဒါန်းကျူး ရှိခိုးပုံဖြစ်သည် ဟု ဖော်ညွှန်းထားသည်သာမက သာတာဂိရိနတ်သည် 'နမော'ဟု ဆို၍၎င်း၊ အသူရိန်နတ်မင်းသည် 'တဿ'ဟုဆို၍၎င်း၊ စတုမဟာရာဇ် နတ်မင်းကြီးလေးဦးသည် ဘဂဝတောဟုဆို၍၎င်း၊ သိကြားမင်းသည် 'အရဟတော'ဟုဆို၍၎င်း၊ဗြဟ္မာမင်းသည်'သမ္မာသမ္ဗုဒ္ဓဿ'ဟုဆို၍၎င်း ဖော်သီး

သီး ရှိခိုးကြသည်တို့ကို စုပေါင်း၍ 'နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"ဖြစ်လာပုံကို ကျမ်းနက်ခေါ် သဒ္ဒါငယ်ကျမ်း၌ 'သာတာဂိရိ နမော ယက္ခော။ ပ။ ဧတေပဥ္စ နမဿန္တိ'ဟု ဆို၏၊ ကစ္စာယန ဘေဒ ဋီကာသစ်၌လည်း တတာဟိ သာတာဂိရိ ယက္ခော နမော နမောတိ ဝန္ဒနံ ကရောတိ စသည်ဖြင့် နတ်ငါးဦး ရှိခိုးကြောင်း၊ လက်ဝဲနော်ရထာဆို ယိုးဒယားနိုင် မော်ကွန်းတွင်လည်း တပုဒ်စီ ရှိခိုးကြောင်း အဆိုရှိခဲ့၏'ဟု အဆိုတမျိုးရှိခဲ့ပုံကိုသာ ဖော်ပြခဲ့ပါသည်။

## သမန္တစက္ခုဒီပနီ

သမန္တစက္ခုဒီပနီကျမ်း ပထမအုပ် စာမျက်နှာ ၁၀၇-၌ 'နမောတဿ' ကို နတ်သား ငါးယောက်တို့ ပဏာမပြု၍ အသီးသီး ရွတ်ကြသည်'ဟု ဂါထာဗန္ဓဖွဲ့၍ ဆိုကြပါသည်၊ ဘယ်ကျမ်းတွင် လာသည်၊ ဘယ်ကာလက ရွတ်ဆိုသည်၊ဘယ်ရဟန္တာတို့ စုရုံး၍ထားသည်ကို သိလိုပါသည်'ဟူသော အမေးပြဿနာကို ဦးတည်၍ '၎င်းစကားကိုမူကား တပါးသော ပါဠိအဋ္ဌကထာတို့တွင် တိုက်ရိုက်မတွေ့၊ သဘောလည်း ဟုတ်အံ့ကဲ့သို့ မထင်' ဟု ပယ်ထား၏၊ သက္ကပဥ္စာသုတ်လာ သိကြားမင်း ဗြဟ္မာယုပုဏ္ဏား စသောပုဂ္ဂိုလ်တို့ ဥဒါန်းကျူး ရှိခိုးသော နမောတဿဖြစ်သည်ဟု ၁၇၁ ခုနှစ် ကဆုန်လတွင် မုံရွေးဆရာတော် ဖြေထားကြောင်း ဖော်ပြထားလေသည်။

## နမောတဿဘုရားရှိခိုးဖွင့်

ထိုမှတပါး နမောတဿ မဟာနမက္ကာရ သံဝဏ္ဏနာအမည်ရှိ နမောတဿ ဘုရားရှိခိုးကြီး ဖွင့်ကျမ်း ၌လဲ နမောတဿနှင့် စပ်၍ ပညာရှိအမျိုးမျိုးတို့ အသီးသီး ဖြေထားကြပုံတို့ကို ဖတ်ရှုရပါသည်။

## သိကြားမင်းစသော ကိုးဦးတို့ရှိခိုးသည့် နမောတဿ

ကျနုပ်တို့ရေးသော '၎င်းသိကြားဥဒါန်း'စာအုပ်၌ ၁- သိကြားမင်း, ၂- ဗြဟ္မာယုသုခမိန်ကြီး, ၃- ကောသလမင်းကြီး ၄- ဇာဏုသောဏိ မည်ရှိကြီး, ၅- ကာရဏပါလိ အမတ်ကြီး, ၆- အာရမ္မဒဏ္ဍ ပညာရှိ,

၇- ဓနညှာဏီ သောတာပန်မကြီး ၈- ဗုဒ္ဓခမည်းတော် မဟိန္ဒမင်းကြီး ၉- သင်္ဂါရဝ၏ မရီးတော်, ပေါင်း ၉-ဦးတို့ "နမောတဿ-ပ-သမ္ဗုဒ္ဓဿ" ဟု ဥဒါန်းကျူးရင့် ရှိခိုးခဲ့ကြပုံများကို ဝတ္ထုကြောင်းနှင့်တကွ ထုတ်ပြ ထားပါသည်။

## ဥဒါန်းဟူသည်မှာ

အထက်ဖော်ပြပါ သိကြားမင်း စသော ပုဂ္ဂိုလ်ကြီးတို့၏ အကြောင်း အရာတို့၌ 'ဥဒါန်း'ဟူသော စကားသည် ပါဝင်ပါ၏၊ ယင်း'ဥဒါန်း' ဟူသော စကားသည် 'ဥဒါန'ဟူသော ပါဠိစကား၏ ပါဠိသက် မြန်မာ စကား ဖြစ်ပါ၏၊ 'ဥဒါန်း'ဟူသည်မှာ ပီတိ အဟုန်သည် ဖြစ်စေအပ် သောစကားဟု ဆိုပါ၏၊ လူ့လောကသားတို့သည် နှစ်သက်အံ့ဩဘွယ်ရာ ဝတ္ထုတခုခုကို တွေ့ရ, မြင်ရ, ကြားရလျှင် နှစ်သက်အံ့ဩမှု ပီတိတွေ နှလုံးသားမှစ၍ တကိုယ်လုံး၌ ပြန့်၍ ဖြစ်လာ တတ်ပါ၏၊ ဤသို့ဖြစ်လာ သောအခါ ထူးထူးခြားခြား စကားတမျိုးမျိုးကို ပြောတတ်စမြဲပင်၊ ဤသို့ပြောလာခြင်းသည် ကိုယ်ထည်း၌ မျိုသိပ်မထားနိုင်၍ ပါးစပ်မှ ပျို့အန်ထွက်ပြီးလျှင် ကျူးရင့်လာခြင်းပင် ဖြစ်ပါ၏၊ "ဆီချင်သော ခွက် ဖြင့် ဆီကို ကိုင်တွယ်သောအခါ ခွက်မဆန့်၍ လျှံဖိတ်တက်လာသည်နှင့် တူ၏"ဟု ပညာရှိတို့က မိန့်ဆိုကြပါသည်၊ ဤသို့ ပါးစပ်မှ ကျူးရင့် မြွက်ဆိုသော စကားအဖြစ် အပြင်ထွက်လာသည်ကိုပင် 'ဥဒါန-ဥဒါန်း' ဟု ခေါ်ပါသည်။

## မောင်းထောင်ဆရာတော်

'သိရိပဝရ ဝိဇာယာနန္တ ယသတြိဘဝနာဒိတျာဓိပတိ ပဏ္ဍိတ မဟာ ဓမ္မ ရာဇာ ဓိ ရာဇာ' နာမံ တံဆိပ် ရှိတော်မူသော အမရပူရ မဟာ ရာဇဌာနီ ရွှေပြည် ရွှေနန်း တည် ဆင်ဖြူများရှင် ဘိုးတော် ဗဒုံ မင်း တရားကြီး၏ ဆရာ ဉာဏာဘိဝံသ ဓမ္မသေနာပတိ မတေရ် သံဃရာဇာ သာသနာပိုင် မောင်းထောင် ဆရာတော်ဘုရားကြီးသည် သာသနာတော် ၂၃၃၇-ခုနှစ် ကောဇာသက္ကရာဇ် ၁၁၅၅-ခု တန်ဆောင်မုန်း လဆန်း

၃-ရက် အင်္ဂါနေ့၌ ရဟန်းရှင်လူ တထောင်ကျော် အခြံအရံနှင့်တကွ အမရပူရ ရွှေမြို့တော်မှ ရွှေတိဂုံဆံတော်ရှင် စေတီတော်သို့ အဖူးအမြော် ရောက်လာသောအခါ ဗုဒ္ဓမြတ်ဘုရား၏ အဖြစ်တော်စဉ်တို့ နှလုံးသား၌ ထင်လာ၍ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းရာမှ ဗုဒ္ဓဆံတော်ဓါတ်မြတ်၏ အတ္ထုပ္ပတ် သနစ်,သနာ အခြင်းအရာတို့ နှလုံးသားမှ ပျှံအန်တက်လာ ပြီးသော် အံ့ဩဘွယ်ရာ တဆယ့်နှစ်ဂါထာသော တိဂုမ္ဘစေတီယ ပသံ သနာ ဥဒါန်းလွှာတို့ ရွှေနှုတ်တော်မှ ကွန့်မြူး ထွက်ပေါ်လာခဲ့ပါသည်၊ ဤကဲ့သို့ပင် ပဲခူးတိုင်း မင်းလှမြို့ ဇေယျဝတီဆရာတော် ဦးဣန္ဒိယ ဆရာ တော်ဘုရားကြီးသည်လဲ အံ့ဩဘွယ်ရာ ဥဒါန်းလွှာ ၅-ဂါထာတို့ကို ရင့် ကျူးခဲ့ပါသည်၊ ဤ တိဂုမ္ဘစေတီယ ပသံသနာ ဂါထာတို့ကို သူတော်စင် များ ရှုပွားကျက်မှတ်၍ မပြတ်နေ့ည ရှိခိုးနိုင်ကြပါရန် ဤစာအုပ်၏ နောက်ပိုင်း၌ ဖော်ပြထားပါသည်။

## နမောတဿဗုဒ္ဓဝင်အကျဉ်း

မဟာဝိဇ္ဇောတယ ဆရာတော်ဘုရားကြီးသည် "ငါး သိုင်း ချောင်း အရှင်ပညဝန္တ"ဟု ဓမ္မကထိကလောက၌ ထင်ရှားတော်မူခဲ့စဉ် ၁၂၈၇-ခုနှစ်က တဆယ့်ရှစ်လုံးရှိသော နမောတဿ ပဏာမဂါထာကို တလုံးစီ နှစ်လုံးစီ ထုတ်နှုတ်၍ ဂါထာ၏အစ ပဌမပါဒနှင့် တတိယပါဒတို့၌ ထားကာ ကြားနာရသူ ဖတ်ရှုရသူတိုင်း ဗုဒ္ဓမြတ်ဘုရား၏ ကျေးဇူးတော် ဂုဏ်တော်တို့ ထင်လာ မြင်လာ ပွားများလာနိုင်ရန် အဆန်းတကျယ် သီကုံး၍ ရှိခိုးပူဇော်အပ်သော ဗုဒ္ဓဝင် အကျဉ်းချုပ် တဆယ့်လေးဂါ ထာတို့ကို ကျွန်ုပ်တို့ ငယ်စဉ်က ဖတ်ရှုခဲ့ရဘူးပါ၏၊ အဆင့်ဆင့် ကူးယူခဲ့ ရသောကြောင့် ပါဠိအနေအထား အားမရသကဲ့သို့ ရှိရာမှ အဘယာရာမ အရှင်သီလာနန္ဒာသိဝံသ တည်းဖြတ်ကြီးကြပ်၍ စတုတ္ထအကြိမ် ပုံနှိပ် သော နမောတဿဂီတိကျမ်းကို အလယ်တောရ တိုက်အုပ်ဆရာတော် ပဌမကျော် အရှင်ဇဝနတိက္ခာဘိဝံသထံမှ ရရှိသောကြောင့် သူတော် ကောင်းအပေါင်းတို့ သဒ္ဓါကြည်ညို ကုသိုလ်ပွားနိုင်ရန် ဤစာအုပ်၌ ဖော်ပြထားပါသည်။

ထိုမှတပါး နမောတဿနှင့်အလားတူ နမောဗုဒ္ဓါယသိဒ္ဓံ, နမော ဗုဒ္ဓဿ, နမော တဿ ယတော မဟိမတော စသော ကြည်ညိုဘွယ်ရာ ဘုရားရှိခိုး အမျိုးမျိုးတို့ကိုလည်း ဤစာအုပ်၌ ဖော်ပြထားပါသေးသည်။

## နမောတဿ အနက်အမျိုးမျိုး

ထိုမှတပါး နမောတဿကို အနက်ပေးတော်မူခဲ့ကြသော ဆရာတော်ဘုရားကြီးတို့၏ အနက်အမျိုးမျိုးတို့ကို သူတော်စင်တို့ နှစ်သက်ရာကို ရွေးချယ်၍ ရှိခိုးကြည်ညိုနိုင် ပူဇော်နိုင်ရန်အလို့ငှါ-

၁။ ပခုက္ကူမြို့ မဟာဝိသုတာရာမ အဓိပတိဆရာတော် အရှင်ပညာမဟာတေရ်။

၂။ ပခုက္ကူမြို့ မဟာဝိသုတာရာမ အဓိပတိ ဆရာ တော် အရှင်နန္ဒဝံသ မဟာထေရ်။

၃။ ရန်ကုန်မြို့ သာသနာ့ရိပ်သာ မဟာစည်ဆရာတော် အရှင်သောဘန မဟာထေရ်။

၄။ ပရိတ္တဋီကာ နိဿယ ဆရာတော် မဟာထေရ်။

၅။ တွံတေးမြို့ ပရိတ်ကြီးနိဿယ ဆရာတော် မဟာထေရ်။

၆။ မြင်းခြံမြို့ ကိုးဆောင်တိုက် ပရိတ်ကြီးနိဿယ အရှင်ဝေပုလ္လမဟာထေရ်။

၇။ မန္တလေးမြို့ မိုးထိတိုက် နိကာယ်ငါးရပ် နိဿယကျမ်းပြုဆရာတော် မဟာထေရ်စသော ဆရာတော်ဘုရားကြီးတို့၏ နမောတဿ နိဿယ အမျိုးမျိုးတို့ကိုလည်း ဤကျမ်း၌ ဖော်ပြထားပါသည်။

## နမောတဿရှိခိုး မျက်မှောက် ခံစားရကျိုးများ

ဗုဒ္ဓမြတ်ဘုရား လက်ထက်တော်က နမော တဿကို ရွတ်ဆို၍ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းကြကုန်သော ပုဂ္ဂိုလ်များနှင့် ယခုမျက်မှော

၌ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းကြကုန်သော ပုဂ္ဂိုလ်တို့ မျက်မှောက် အကျိုး ခံစားကြရပုံတို့ကိုလည်း ဖော်ပြထားပါသည်။

ထို့ကြောင့် ဤကျမ်းစာအုပ်သည် နမော တဿနှင့် စပ်ဆိုင်ရာတို့ကို အတတ်နိုင်ဆုံးစုဆောင်း၍ ကလေးသူငယ်တို့ ဖတ်နိုင်၊ ကျင့်သုံး နိုင် အောင် စီစဉ်ရေးထားသော ကျမ်းဖြစ်သည့်အပြင် သိကြားမင်း ရွတ်ဆိုကျူးရင့်သော နမော တဿဥဒါန်းကို ဦးတည်၍ပြသော ကျမ်းဖြစ် သောကြောင့် ကျမ်းစာ၏အမည်ကို 'သိကြားဥဒါန်း' ဟူ၍ အမည်တပ် လိုက်ရပါသည်။

မင်္ဂလာပါခင်ဗျား

(ဤကျမ်းစာရေးသူ အသက်၆၆-နှစ်ပြည့်သောနေ့)

၁၃၃၉-ခု ဝါခေါင်လပြည့်ကျော် ၅-ရက်။

မင်္ဂလာ-ဦးအောင်မြင့်

၅-၆ စိန့်မေတ္တာလမ်း၊ ဟာမစ်တိတ်

ရွှေဂုံတိုင်စာတိုက်၊ ဗဟန်းမြို့နယ်။

ရန်ကုန်မြို့။

# သိကြားဥဒါန်း

## ၁။ သိကြားမင်း—

**ကောင်းခြင်းမင်္ဂလာ။**

နတ်တို့ဘုရင် သိကြားမင်းသည် ဗုဒ္ဓမြတ်ဘုရားကို ဖူးမြင်ဘို့ရာ စိတ်စောနေ၏၊ ထို့ကြောင့်ပင် 'ဗုဒ္ဓမြတ်ဘုရားသည် ယခုအခါ၌ ဘယ်အရပ်မှာ သီတင်းသုံးတော်မူပါလိမ့်' ဟု ဆင်ခြင်၏၊ ရာဇဂြိုဟ်မြို့ အရှေ့ဘက် အမ္ဗသဏ္ဍရွာမြောက်ဖက်မှာ ရှိသော ဝေဒိယကတောင် ဣန္ဒသာလလိုဏ်ဂူ၌ သီတင်းသုံးနေတော်မူသည်ကို နတ်မျက်စိဖြင့် မြင်ရ၏၊ တာဝတိံသာနတ်တို့ကို ခေါ်ပြီးလျှင် 'ဗုဒ္ဓမြတ်ဘုရားကို ဖူးတွေ့ပါက ကောင်းလိမ့်မည်' ဟု ပြောပြ၏၊ နတ်တို့က 'ကောင်းလှပါတယ် သိကြားမင်း၊ အရှင်သိကြားမင်းအား ကောင်းခြင်းမင်္ဂလာ ဖြစ်ပါလိမ့်မည်' ဟု ထောက်ခံကြလေသည်။

**ပဉ္စသိခနတ်သား။**

သိကြားမင်းသည် ဗုဒ္ဓမြတ်ဘုရားကို ဆည်းကပ်ဘို့ရာ ဗုဒ္ဓမြတ်ဘုရားနှင့် အကျွမ်းဝင်သောသူကို ရှေ့ဆောင်ခေါ်သွားမှ ဖြစ်မည်ကို သိ၍ ပဉ္စသိခ နတ်သားကို ခေါ်၍ တိုင်ပင်၏၊ ပဉ္စသိခနတ်သားကလဲ "အသင်သိကြားမင်းသည် ဗုဒ္ဓမြတ်ဘုရားထံ သွားဘို့ရာ ကောင်းလှပါသည်၊ အသင်သိကြားမင်းအား ကောင်းခြင်းမင်္ဂလာ ဖြစ်ပါလိမ့်မည်" ဟု ပြောကြား၏၊ ပဉ္စသိခသည် ဗုဒ္ဓမြတ်ဘုရားအထံလိုက်ဘို့ရာ ဗေလုဝစောင်းကြီးကို ပိုက်၍ သိကြားမင်းထံ သွားလေသည်။

**တဖိတ်ဖိတ်တောက်ပခြင်း။**

သိကြားမင်းသည် တာဝတိံသာနတ်တို့ဖြင့် ခြံရံကာ ပဉ္စသိခနတ်သားကို ရှေ့ဆောင်ပြုပြီးလျှင် လက်တကွေး တဆန့် အချိန်ပိုင်းမှာပင် တာဝတိံသာမှ ဝေဒိယကတောင်သို့ ရောက်လာပါတော့၏၊ နတ်များစွာ ခြံရံသော သိကြားမင်းသည် ရောက်လာသည်နှင့်တပြိုင်နက် ဝေဒိယကတောင်ရော၊ အမ္ဗသဏ္ဍရွာပါ တဖိတ်ဖိတ် တောက်ပနေပါတော့၏၊ တောင်၏အနီး ပတ်ဝန်းကျင်ရှိ ရွာများ၌ နေကြသောလူတို့က "ဒီကနေ့ ဝေဒိယကတောင်ယံမှာ မီးလောင် သကဲ့သို့ အရောင်အဝါတွေ တောက်ပ၏"ဟု ပြောကြကာ ထိတ်လန့်ကြကုန်သည်။

**ဗေဠုဝနတ်စောင်းသံ။**

'ဗုဒ္ဓမြတ်ဘုရားသည် ဈာန်ဝင်စားနေလေရော့ သလားပဲ၊ ဈာန်ဝင်စားတုန်းမှာ ငါတို့ ဆည်းကပ်ဘို့ မတော်ပါ၊ သင်က ရှေ့ကသွားပြီး ဆည်းကပ်ပါ၊ ဗုဒ္ဓမြတ်ဘုရားသည် ကြည်လင်ခွင့်ပြုတော်မူပြီးမှ ငါတို့က ဆည်းကပ်ပါမယ်'ဟု သိကြားမင်းက ပဉ္စသိခကို ပြောပြလေသည်။

'ကောင်းပါပြီ သိကြားမင်း'ဟု ပဉ္စသိခက ဝန်ခံပြီးလျှင် ဗေဠုဝစောင်းကြီးကို ပိုက်ကာ ဣန္ဒသာလလိုဏ်ဂူအနီးကို ချဉ်းကပ်လိုက်၏၊ ဗုဒ္ဓမြတ်ဘုရားနှင့် မနီးမဝေးအရပ်၌ နေရာယူပြီး သင့်တော်တဲ့အရပ်မှ နေ၍ ဗေဠုဝစောင်းကြီးကို ကြိုးညှိလိုက်၏၊ ငြိမ့်ငြောင်းသာယာ သိမ်မွေ့သော သံစဉ်ကို ရသည်နှင့် တပြိုင်နက် ဘုရား, တရား, သံဃာ, ရဟန္တာဂုဏ်တော်တို့နှင့်တကွ က[illegible]ဂုဏ်ကို အကြောင်းပြုပြီးလျှင် ဗေဠုဝနတ်စောင်းသံဖြင့်

သီချင်းဂါထာ တဆယ့်လေးပုဒ်ကို ညက်ညောသိမ်မွေ့စွာ ရင့်ကျူးလိုက်လေသည်။

(သီချင်းဂါထာ ၁၄ ပုဒ်ကို သီးသန့် ဖော်ပြထားပါ၏။)

**သီချင်းသံနှင့် စောင်းသံ လိုက်ပါပေ့။**

ဗုဒ္ဓမြတ်ဘုရားသည် ဗေဠုဝနတ်စောင်းသံကို ကြားတော်မူလေလျှင် အို–ပဉ္စသိခ၊ သင်၏ စောင်းသံသည် သီချင်းသံနှင့် လိုက်လျောပါပေ၏၊ သီချင်းသံသည်လဲ စောင်းသံနှင့် လိုက်လျောပါပေ၏။

'အို–ပဉ္စသိခ၊ သင်၏စောင်းသံသည် သီချင်းသံကိုမလွန်၊ သီချင်းသံသည်လဲ စောင်းသံကို မလွန်ချေ၊ သင်သည် ဘယ်အခါက ဗုဒ္ဓမြတ်ဘုရားဂုဏ်ကို အကြောင်းပြု၍ ဖြစ်သော တရားတော်ဂုဏ်ကို အကြောင်းပြု၍ဖြစ်သော သံဃာတော်ဂုဏ်ကို အကြောင်းပြု၍ဖြစ်သော ရဟန္တာဂုဏ်ကို အကြောင်းပြု၍ ဖြစ်သော ကာမဂုဏ်ကို အကြောင်းပြု၍ဖြစ်သော ဤသီချင်း ဂါထာတို့ကို ဖွဲ့စီခဲ့လေသနည်းဟု မေးတော်မူလေသည်။

အို–ဗုဒ္ဓမြတ်ဘုရား၊ ဗုဒ္ဓမြတ်ဘုရားသည် သဗ္ဗညုတရွှေဉာဏ်တော်ကို ရတော်မူပြီးနောက် ဥရုဝေလတောအနီး နေရဉ္စရာ မြစ်ကမ်းနားရှိ ဆိတ်ကျောင်းညောင်ပင်အောက်မှာ သီတင်းသုံးတော်မူတုန်းက တက်သစ်စ နေဝန်းပမာ ထွန်းလင်းတောက်ပတဲ့ တိမ္ဗရုဂန္ဓဗ္ဗနတ်မင်းကြီး၏ သမီးကို တပည့်တော် အလွန်လိုချင်စွဲမက်ခဲ့ပါ၏၊ ဒီနတ်သမီးက လိုချင်စွဲမက်တာက တယောက်ပါ၊ ဒီနတ်သမီးကို မာတလိ၏သား သိခဏ္ဍိက နတ်သားကလဲ စွဲမက်နေပါ၏၊ တပည့်တော်ဟာ ဒီနတ်သမီးကို...

ရာ အခြားနည်းလမ်းကို မမြင်ပါသောကြောင့် စောင်းကိုပိုက်ပြီးလျှင် တိမ္ဗရုဂန္ဓဗ္ဗနတ်မင်းကြီး၏ဗိမာန်ကို အသာချဉ်းကပ်ပြီး ဒီသီချင်းဂါထာတို့ကို သီကျူးခဲ့ပါကြောင်းဘုရား။

ဤသို့ သီကျူးလိုက်သောအခါ "ဘဒ္ဒါ"ဟု နတ်တကာတို့ ချစ်စနိုးခေါ်ကြသော သူရိယဝစ္ဆသာနတ်ပျိုအလှက တပည့်တော်အား ရှုချင့်စဖွယ် အသွင်အပြင်ဖြင့် နှုတ်ခွန်းဆက်စကား ပြောဖော်ရလာပါတယ်ဘုရား။

ဗုဒ္ဓအသံတော်ကို ကြားဘူးရုံမျှသာရှိခဲ့သော ဘဒ္ဒါ

"ညက်ညောသာယာ ဗုဒ္ဓဂုဏ်ကို ကျူးရင့်သော အိုနတ်သားတဲ့၊ ဘဒ္ဒါသည် ဗုဒ္ဓမြတ်ဘုရားကို တခါမျှ မဖူးမြင်ဘူးသေးပါ၊ တာဝတိံသာနတ်တို့၏ သုဓမ္မာသဘင်ကြီး၌ ကပြဖျော်ဖြေနေရသော ဘဒ္ဒါသည် ဗုဒ္ဓမြတ်ဘုရားတည်းဟူသော အသံတော်မျှကို ကြားဘူးရုံမျှသာ ရှိခဲ့ပါ၏၊ အို-ခ်စ်စွာသော နတ်သား၊ အခုတော့ အသင်နတ်သားက ဗုဒ္ဓမြတ်ဘုရား၏ အဖြစ်တော်စဉ်တို့ကို ဘဒ္ဒါတို့ သိရ, ကြည်ညိုရအောင် ဖော်ပြသီကျူးဖော်ရပါပေ၏၊ ဒီကနေ့ ငါတို့အချင်းချင်းချစ်ခင်ရင်းနှီးစွာ ပေါင်းဆုံမိခြင်းဖြစ်ပါတော့လော့" လို့ ခွင့်ပေးခဲ့ပါကြောင်းဘုရား၊ ထိုစဉ်က တပည့်တော်သည် ဘဒ္ဒါနတ်သမီးနှင့်အတူ ဆုံစီးခဲ့ရဘူးပါကြောင်းဘုရား' စသည်အားဖြင့် လျှောက်ထားလေသည်။

ဗုဒ္ဓထံ သိကြားမင်းချဉ်းကပ်

ဗုဒ္ဓမြတ်ဘုရားနှင့် ပဥ္စသိခနတ်သားတို့ အကျွမ်းတဝင် ပြောနေကြသည်ကို သိကြားမင်းက မလှမ်းမကမ်းတနေရာမှ ကြားနေပြီးဖြစ်၍ 'အို ပဥ္စသိခ'ဟု လှမ်းခေါ်လိုက်ရင်း သိကြားမင်း

သည့် နတ်များစွာနှင့်အတူ ဗုဒ္ဓမြတ်ဘုရားထံ လာရောက်ပြီး ခြေတော်အစုံတို့ကို ဦးညွတ်ရှိခိုးပါလေသည်။

ထိုအခါ ဂန္ဓဗ္ဗပဉ္စသိခနတ်သားက 'သုံးလောကထွဋ်ထား သဗ္ဗညုမြတ်ဘုရား၊နတ်တို့ကိုအစိုးရသော သိကြားမင်းသည် နတ်အမတ်များစွာ ခြံရံလျက် ဗုဒ္ဓမြတ်ဘုရား၏ ခြေတော်အစုံတို့ကို ဦးညွတ်ရှိကြိုး ရှိခိုးနေပါကြောင်းဘုရား'ဟု လျှောက်လေသည်။

**ချမ်းသာစေ**

ဗုဒ္ဓမြတ်ဘုရားက 'သိကြားမင်းနှင့်တကွ နတ်ရော လူရော အသူရာရော ဂန္ဓဗ္ဗတွေပါမကျန် သတ္တဝါမှန်သမျှတို့သည် ချမ်းသာကို အလိုရှိကြသည်ဖြစ်၍ 'သုခီဟောတု-ချမ်းသာစေ'ဟု ဆုပေးတော်မူလေသည်။

သိကြားမင်းသည် အလွန်ရှိသေစွာရှိခိုးရင်း ဣန္ဒသာလလိုဏ်ဂူတွင်းဝင်ပြီးလျှင် ထိုက်တန်သောနေရာ၌ ရပ်နေလေ၏၊ တာဝတိံသာနတ်တို့နှင့်တကွ ဂန္ဓဗ္ဗနတ်တို့သည်လဲ ဤသို့ပင် သူတို့နှင့် ထိုက်တန်သော နေရာတို့၌ နေရာယူ၍ ရပ်နေကြကုန်သည်။

**မိုက်နေသော အမှောင်ထု ကွယ်ခြင်း**

ထိုအခါက မညီမညွတ်ဖြစ်နေသော ဣန္ဒသာလလိုဏ်ဂူကြီးသည် ညီညွတ်လေ၏၊ ကျယ်ဝန်းလေ၏၊ ဂူတွင်း၌မိုက်နေသော အမှောင်ထုသည်လဲ ကွယ်ပျောက်လေတော့သည်။

ဗုဒ္ဓမြတ်ဘုရားက 'ကောသိယနွယ်ဖွား သိကြားမင်း' အလွန်တရာ အလုပ်တွေများတဲ့အထဲက ဤကဲ့သို့ သင်၏လာခြင်းသည် အံ့ဘွယ်လဲဖြစ်၏၊ မဖြစ်စဘူးအဖြစ်လဲထူး၏၊ ဟု မိန့်တော်မူလေသည်။

ဗုဒ္ဓမြတ်ဘုရားကို ဖူးမြှော်ဘို့ရာ ကာလအတော်ကြာကထဲက အလိုရှိနေပါ၏၊ ပြုဘွယ်ကိစ္စအရပ်ရပ်တွေက ဟန့်တားထားသဖြင့် ဖူးခွင့်မရခဲ့ပါ။

ပြန်လည်အောက်မေ့မိသည်

တခါတုန်းက သာဝတ္ထိမြို့ ထင်းရှူးဂန္ဓကုဋိ၌ ဗုဒ္ဓမြတ်ဘုရား သီတင်းသုံးနေတော်မူစဉ် ဗုဒ္ဓမြတ်ဘုရားကို ဖူးမြင်ချင်လွန်း၍ တပည့်တော် သွားခဲ့ရပါသေး၏၊ 'ဗုဒ္ဓမြတ်ဘုရားသည် ဖလသမာပတ် ဝင်စားနေတော်မူပါသည်'ဟု ရှိခိုးနေသော ဝဿဝဏ် နတ်မင်းကြီး၏ အလုပ်အကျွေး ဘူဇတိနတ်သမီးငယ်က 'တွေ့ဆုံဘို့ရာ အခါမဟုတ်သေးပါ'ဟု ပြောပြပါ၏၊ ဤသို့ဖြစ်ပါက 'ဗုဒ္ဓမြတ်ဘုရား၏ ခြေတော်အစုံတို့ကို သိကြားမင်းက ရှိခိုးသွားတဲ့အကြောင်းကိုပဲ ဗုဒ္ဓမြတ်ဘုရားအား လျှောက်လိုက်ပါ'ဟု မှာခဲ့ရပါသည်ဘုရား။

'သိကြားမင်း– ဘူဇတိနတ်သမီး၏ လျှောက်ကြားသော စကားကို ပြန်လည်အောက်မေ့မိ၏၊ ထိုစဉ်က ငါဘုရားသည် သိကြားမင်း၏ ရထားစက်ဘီးသံကြောင့် သမာဓိမှ ထခဲ့ရ၏'ဟု မိန့်တော်မူလေသည်။

လူ့ပြည်၌ဘုရားပွင့်လျှင် နတ်ပြည်၌ နတ်တွေပြည့်လာ

တပည့်တော်တို့ ရှေးက တာဝတိံသာမှာ ဖြစ်နှင့်ကြတဲ့ နတ်မင်းကြီးများက 'လောက၌ ဗုဒ္ဓမြတ်ဘုရားပွင့်တော်မူသည့်အခါ နတ်လောကမှာ နတ်များစွာတို့ ပြည့်လာကုန်၏၊ အသူရာတို့ ဆုတ်ယုတ်ကုန်၏'ဟု ပြောကြပါသည်၊ ယခု နတ်မင်းကြီးတို့ ပြောသည့်အတိုင်းပင် နတ်လောက၌ နတ်တို့ပြည့်နေသည်ကို တွေ့ရပါသည်။

### သာဂီဝင်မင်းသမီး ဂေါပိကာ

ဂေါပိကာအမည်ရှိ သာဂီဝင်မင်းသမီးသည် လူ့ပြည် ကပိလဝတ်၌ နေစဉ်က ဘုရား၌ အလွန်ကြည်ညိုပါ၏၊ တရားသံဃာ၌လဲ အလွန်ကြည်ညိုပါ၏၊ သီလကိုလဲ ဆောက်တည်ကျင့်သုံးပါ၏၊ မိန်းမအဖြစ်ကိုလဲ စက်ဆုတ်ရွံမုန်းပါ၏၊ ယောကျ်ားအဖြစ်ကိုသာ တောင့်တပါ၏၊ လူ့ပြည်က ကွယ်လွန်လေသောအခါ ကုသိုလ်ကောင်းမှုပြု သူတို့၏ ရောက်ရာ တာဝတိံသာနတ်လောက၌ တပည့်တော်တို့၏သားဖြစ်လာပါ၏၊ သူ့ကို 'ဂေါပကနတ်သား' ဟု ခေါ်ကြပါသည်။

### ရဟန်းသုံးပါး

ထိုမှတပါးလဲ ရဟန်းတော်သုံးပါးသည် ဗုဒ္ဓသာသနာတော်၌ မြတ်သောအကျင့်တို့ကို ကျင့်ကြပါသော်လဲ ဂန္ဓဗ္ဗနတ်တို့ ဖြစ်ကြရပါ၏၊ ကာမဂုဏ်တို့ဖြင့် နှစ်သက်ကြ ပြည့်စုံကြ ခံစားကြရင်း တပည့်တော်တို့အား ခစားလုပ်ကျွေး ဖျော်ဖြေနေကြရ ရှာပါသည်။

ထိုနတ်သားတို့ကို ဂေါပကနတ်သားက သင်တို့သည် ဘာကိုမျက်နှာမူပြီး ဗုဒ္ဓမြတ်ဘုရား၏ တရားတော်ကို နာကြားခဲ့ကြပါသနည်း၊ ငါသည် လူ့ပြည်၌ မိန်းမဖြစ်ခဲ့ရသော်လဲ ဘုရား, တရား, သံဃာကိုလဲ ကြည်ညိုခဲ့၍ သီလကိုလဲ ကျင့်သုံးခဲ့၍ မိန်းမဘာဝကိုလဲ စက်ဆုတ်ရွံမုန်းခဲ့၍ လူ့လောကမှ ကွယ်လွန်လေသောအခါ မိန်းမဘာဝကို စွန့်ခွာပြီးလျှင် ကုသိုလ်ကောင်းမှုပြုသူတို့၏ ရောက်ရာ ဤတာဝတိံသာ၌ နတ်ယောကျ်ား ဖြစ်လာရ၏၊ သင်တို့မှာကား (ရဟန်းဖြစ်ခဲ့ပါလျက်) ယုတ်ညံ့သော ဂန္ဓဗ္ဗနတ်မျိုး၌ ဖြစ်

လာကြရ၏၊ 'အမြင်မတော်သည်တို့ကို မြင်ရလေသည်'ဟု ကဲ့ရဲ့ပါသည်။

ဂန္ဓဗ္ဗနတ်သား နှစ်ယောက်မှာ သတိသံဝေဂရကြ၍ ဗြဟ္မပရောဟိတဘုံ ရောက်သွားကြပါပြီ၊ တယောက်မှာမူ ကာမဘုံ၌ပင် ရှိပါသေးသည်ဘုရား'ဟု သိကြားမင်း၏ နတ်လောကအတွေ့အကြုံတို့ကို လျှောက်လေသည်။

**သိကြားမင်း-ပြဿနာမေးလျှောက်ခြင်း**

အရှင်ဘုရား၊ တပည့်တော်တို့သည်လဲ ကုသိုလ်တရား ပြည့်စုံခဲ့လို့သာ နတ်ပြည်လောက၌ နတ်မင်းကြီးဖြစ်လာရပါ၏၊ ခွင့်ပြုတော်မူပါက ဗုဒ္ဓမြတ်ဘုရားအား ပြဿနာတို့ကို မေးလိုပါကြောင်းဘုရား'ဟု သိကြားမင်းက လျှောက်ပါသည်။

"မေးလော့၊ ငါသည် ဖြေအံ့"ဟု ဗုဒ္ဓမြတ်ဘုရားက ခွင့်ပြုတော်မူသည်။

မေး။ နတ်အသူရာ, နဂါး, ဂန္ဓဗ္ဗစသော သတ္တဝါတို့သည် ရန်မရှိပဲ ပျော်ပျော်ပါးပါး နေလိုကြပါသော်လဲ ရန်ရှိနေကြသည်မှာ အဘယ်အကြောင်းကြောင့် ဘယ်အနှောင်အဖွဲ့ သံယောဇဉ်တို့ကြောင့် ပါလဲဘုရား။

ဖြေ။ ဣဿာ, မစ္ဆရိယ သံယောဇဉ်တို့ကြောင့် ဖြစ်သည်။ (ဣဿာ-သူတပါး ကြီးပွားတာ မနာလိုမှု၊ မစ္ဆရိယ-ကိုယ့်ပစ္စည်းပေးရမှာ ဝန်တိုမှု)

မေး။ ဣဿာ, မစ္ဆရိယသည် ဘယ်အကြောင်းကြောင့် ဖြစ်ပါသလဲဘုရား။

ဖြေ။ ချစ်ခြင်း, မုန်းခြင်း ကြောင့် ဖြစ်သည်။

မေး။ ချစ်ခြင်း, မုန်းခြင်းသည် ဘယ်အကြောင်းကြောင့် ဖြစ်ပါသလဲဘုရား။

ဖြေ။ ချစ်ခြင်း,မုန်းခြင်းသည် ကြံတွေးမှု-ဝိတက်ကြောင့် ဖြစ်သည်။

မေး။ ကြံတွေးမှုဝိတက်သည် ဘယ်အကြောင်းကြောင့် ဖြစ်ပါသလဲဘုရား။

ဖြေ။ ကြံတွေးမှုဝိတက်သည် ချဲ့ထွင်တတ်သော (တဏှာ, မာန, ဒိဋ္ဌိ)ပပဉ္စတရားသုံးပါးကြောင့်ဖြစ်သည်။ (တဏှာ-တပ်မက်မှု၊ မာန-တက်ကြွမှု၊ ဒိဋ္ဌိ-အမြင်မှားမှု)

မေး။ ပပဉ္စတရားသုံးပါး ချုပ်ငြိမ်းအောင် ဘယ်လိုလုပ်ရပါမလဲဘုရား။

ဖြေ။ မှီဝဲသင့်သော-သောမနဿ မမှီဝဲသင့်သော-သောမနဿဟု သောမနဿ ၂-မျိုး၊ မှီဝဲသင့်သော-ဒေါမနဿ၊ မမှီဝဲသင့်သော-ဒေါမနဿဟု ၂-မျိုး၊

မှီဝဲသင့်သော-ဥပေက္ခာ၊မမှီဝဲသင့်သော-ဥပေက္ခာဟု ၂-မျိုးတို့ကို ဟောလေသည်။

ဝမ်းမြောက်မှု-သောမနဿ ဝေဒနာကို မှီဝဲသောသူအား အကုသိုလ်ပွားက မမှီဝဲအပ်၊ ကုသိုလ်ပွားက-မှီဝဲအပ်သည်။

ဝိတက်ဝိစာရနှင့်တကွဖြစ်သော သောမနဿ ဝေဒနာ၊ ဝိတက်ဝိစာရမရှိသော သောမနဿ ဝေဒနာတို့တွင် ဝိတက်ဝိစာရမရှိသော သောမနဿ ဝေဒနာသည် မြတ်သည်။

(ဒေါမနဿ ၂-မျိုး၊ ဥပေက္ခာ ၂-မျိုးတို့၌လဲ နည်းတူပင်) ။

နတ်တို့ကို အစိုးရသော သိကြားမင်း၊ ဤဆိုခဲ့သည့်အတိုင်း ကျင့်သောရဟန်းသည် သံသရာကို ချဲ့ထွင်တတ်(နယ်ချဲ့) ပပဉ္စ တရားသုံးပါးတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကို ကျင့်သည်မည်သည်'ဟု ဖြေတော်မူသည်။

တွေးတောယုံမှားခြင်းမှကူးမြောက်ပါပြီ

ဗုဒ္ဓမြတ်ဘုရားသည် သိကြားမင်းမေးသော ပြဿနာ တို့ကို ဖြေတော်မူပြီးသည်နှင့်တပြိုင်နက် သိကြားမင်းက 'ဗုဒ္ဓမြတ်ဘုရား ဖြေကြားတော်မူအပ်သော တရားတော်သည် ကောင်းမြတ်လှပါပေ၏၊ ဗုဒ္ဓမြတ်ဘုရား၏ အဖြေတို့ကို ကြားနာရသောကြောင့် တပည့်တော်အား သို့လော, သို့လော တွေးတောယုံမှားခြင်းမှ ကူးမြောက်နိုင်ပါပြီဘုရား'ဟု နှစ်သက်ဝမ်းမြောက်စွာ လျှောက်ပါသည်။

ပါတိမောက္ခသံဝရအကျင့်

မေး။ တဖန် ဆက်လက်၍ သိကြားမင်းက ဘယ်ကဲ့သို့ကျင့်သော ရဟန်းသည် ပါတိမောက္ခသံဝရသီလကို လုံခြုံအောင်ကျင့်သည် မည်ပါသလဲဘုရား။

ဖြေ။ မှီဝဲအပ်သော ကိုယ်ကျင့်တရား၊ မမှီဝဲအပ်သော ကိုယ်ကျင့်တရား နှစ်ပါးရှိသည်။

မှီဝဲအပ်သော နှုတ်ကျင့်တရား၊ မမှီဝဲအပ်သော နှုတ်ကျင့်တရား နှစ်ပါးရှိသည်။

မှီဝဲအပ်သော ရှာမှီးခြင်း၊ မမှီဝဲအပ်သော ရှာမှီးခြင်း နှစ်ပါးရှိသည်။

ကိုယ်ကျင့်တရားနှစ်ပါးတွင်–

(က) ဤကိုယ်ကျင့်တရားကို မှီဝဲသောငါ့အား အကုသိုလ်တရားတို့ပွားများ၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ပါက ဤသို့သော ကိုယ်ကျင့်တရားကို မမှီဝဲရာ။

(ခ) ဤကိုယ်ကျင့်တရားကို မှီဝဲသောငါ့အား ကုသိုလ်တရားတို့တိုးပွား၍ အကုသိုလ်တရားတို့ ဆုတ်ယုတ်ပါက ဤသို့သော ကိုယ်ကျင့်တရားကို မှီဝဲရာသည်ဟု ဖြေတော်မူသည်။

(နှုတ်ကျင့်တရားနှစ်ပါး ရှာမှီးခြင်းတရားနှစ်ပါးတို့၌လဲ နည်းတူပင်)

နတ်တို့ကို အစိုးရသော သိကြားမင်း၊ ဤဆိုခဲ့သည့်အတိုင်း ကျင့်သောရဟန်းသည် ပါတိမောက္ခသံဝရသီလ လုံခြုံစေခြင်းငှာ ကျင့်သည်မည်သည်’ဟု ဖြေတော်မူလေသည်။

**သိကြားမင်းလျှောက်ခြင်း**

ဗုဒ္ဓမြတ်ဘုရားသည် သိကြားမင်းမေးသော ပြဿနာတို့ကို ဖြေကြားတော်မူပြီးသည်နှင့်တပြိုင်နက် သိကြားမင်းက ‘ဗုဒ္ဓမြတ်ဘုရား ဖြေကြားတော်မူသော တရားတော်သည် ကောင်းမြတ်လှပါပေ၏၊ ဗုဒ္ဓမြတ်ဘုရား၏ အဖြေတို့ကို ကြားနာရပါသောကြောင့် တပည့်တော်အား သို့လော သို့လော တွေးတောယုံမှားခြင်းမှ ကူးမြောက်နိုင်ပါပြီဘုရား’ဟု နှစ်သက်ဝမ်းမြောက်စွာ လျှောက်လေသည်။

**ဇာနိန္ဒြိယသီဝရအကျင့်**

မေး။ တဖန် ဆက်လက်၍ သိကြားမင်းက ဘယ်ပုံကျင့်သော

ရဟန်းသည် ဂူန္ဒြေတို့ကိုစောင့်စည်းရန် ကျင့် သည် မည်ပါသလဲ ဘုရား'ဟု မေးလျှောက်ပြန်သည်။

ဖြေ။ ဗုဒ္ဓမြတ်ဘုရားက အဆင်းသည် မှီဝဲအပ်သော အဆင်း၊ မမှီဝဲအပ်သော အဆင်းဟု ၂-မျိုး ရှိသည်။

အသံသည်လဲ ၂-မျိုး၊ အနံ့သည်လဲ ၂-မျိုး၊ အရသာသည်လဲ ၂-မျိုး၊ အတွေ့သည်လဲ ၂-မျိုး၊ သဘောအာရုံသည်လဲ ၂-မျိုးရှိသည်ဟု ဖြေတော်မူသည်။

ဤသို့အကျဉ်းမျှ ဗုဒ္ဓမြတ်ဘုရားက ဖြေတော်မူသည်နှင့်တပြိုင်နက် သိကြားမင်းသည် အကျယ်အားဖြင့်သိလေသည်။

အဆင်းကို မှီဝဲသောသူအား အကုသိုလ်တရားတို့သည် ပွားကုန်၏၊ ကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏၊ ဤသို့သော အဆင်းကို မမှီဝဲရ။

အဆင်းကိုမှီဝဲသောသူအား အကုသိုလ်တရားတို့သည် ဆုတ်ယုတ်ကုန်၏၊ ကုသိုလ်တရားတို့သည် ပွားကုန်၏၊ ဤသို့သောအဆင်းကို မှီဝဲရာ၏'ဟု ဟောကြားတော်မူလေသည်။

(အသံ-အနံ့-အရသာ-အတွေ့-သဘောအာရုံတို့၌လဲ နည်းတူပင်)

ယုံမှားလွန်မြောက်ပါပြီ

ဗုဒ္ဓမြတ်ဘုရား၏ အကျဉ်းအားဖြင့် ဖြေတော်မူသော ဤတရားတို့ကို အကျယ်အားဖြင့် သိသောတပည့်တော်သည် ဗုဒ္ဓမြတ်ဘုရား၏အဖြေကို ကြားနာလိုက်ရသည်နှင့် တပြိုင်နက် ယုံမှားလွန်မြောက်ပါပြီ၊ သို့လော၊ သို့လော တွေးတောခြင်းကို လွန်မြောက်ပါပြီ'ဟု သိကြားမင်းက လျှောက်လေသည်။

တူညီသောဝါဒ

တဖန်ဆက်လက်၍ သိကြားမင်းက 'သမဏဗြာဟ္မဏအမည်ခံ ပုဂ္ဂိုလ်အားလုံးပင် စင်စစ်တူညီသောဝါဒ တူညီသောသီလ တူညီသောဆန္ဒ တူညီသောပြီးစီးမှု ရှိကြပ်ါသလား' ဟု မေးလျှောက်ပါသည်။

ဗုဒ္ဓမြတ်ဘုရားက မရှိဟု ဖြေသည်။

အဘယ်ကြောင့်ပါလဲဘုရားဟု ထပ်မေးသည်။

သတ္တဝါတွေဟာ များသောဓာတ် သဘောရှိသည်၊ အထူးထူးသော ဓာတ်သဘောရှိသည်၊ ပ။ ငါ၏အယူသည်သာ မှန်သည်၊ သူတပါးတို့၏အယူသည် အချည်းနှီးသာဖြစ်သည်ဟု စွဲလန်းခေါ်ဝေါ်ကြသည်၊ ထို့ကြောင့် စင်စစ်အားဖြင့် တူညီသောဝါဒ တူညီသောသီလ တူညီသောဆန္ဒ တူညီသောပြီးစီးမှု မရှိကြ'ဟု ဖြေတော်မူသည်။

သမဏဗြာဟ္မဏအမည်ခံပုဂ္ဂိုလ်အားလုံးပင် စင်စစ်အားဖြင့် အပြီးအဆုံးရှိကြပါသလား၊ ယောဂကုန်ရာရှိကြပါသလား၊ အကျင့်မြတ်ကို ကျင့်ကြပါသလား၊ အဆုံးသတ်တရား ရှိကြပါသလား'ဟု မေးလျှောက်သည်။

ဗုဒ္ဓမြတ်ဘုရားက ဤသို့မဟုတ်ကြောင်းဖြေတော်မူသည်။

အဘယ်ကြောင့်ပါလဲဘုရား ဟု ထပ်မေးသည်။

ဗုဒ္ဓမြတ်ဘုရားက'သိကြားမင်း တဏှာကုန်ကြောင်းမဂ်အကျင့်ကို လွန်မြောက်ကုန်သော ရဟန်းတို့သည်သာ(ဝါ)တဏှာကုန်ရာ နိဗ္ဗာန်ရောက်၍ လွန်မြောက်ကုန်သော ရဟန်းတို့သည်သာ စင်စစ်အားဖြင့် အပြီးအဆုံးရှိကြပေသည်၊ ယောဂကုန်ရာရှိကြ

ပေသည်၊ အကျင့်မြတ်ကို ကျင့်ကြပေသည်၊ အဆုံးသတ်တရား ရှိကြပေသည်'စသည်ဖြင့် ဖြေကြားတော်မူလေသည်။

ဝိစိကိစ္ဆာ ညောင့်တသင်း

ဘုန်းတော်ကြီးသော မြတ်ဘုရား၊ ဗုဒ္ဓမြတ်ဘုရားသည် တပည့်တော်မေးသမျှကို ဖြေကြားတော်မူခဲ့ပြီးပါပြီ၊ တပည့်တော်မှာ ကာလအတော်ကြာကထဲကပင် ဝိစိကိစ္ဆာ, ညောင့်တသင်းတို့ကို ဗုဒ္ဓမြတ်ဘုရားက ပယ်နှုတ်လိုက်ပါပြီ'ဟု လျှောက်လေသည်။

ဤပုစ္ဆာတို့ကို တပါးတခြားသော သမဏဗြာဟ္မဏ အမည်ခံ ရဟန်းပုဏ္ဏားတို့အား မေးခဲ့ဘူးသေးသလော'ဟု ဗုဒ္ဓမြတ်ဘုရားက မေးတော်မူသောအခါ သိကြားမင်းက တောကျောင်းနေ သမဏဗြာဟ္မဏအမည်ခံ ပုဂ္ဂိုလ်တို့အား မေးခဲ့ပုံ ပြည့်စုံစွာ မဖြေကြားနိုင်ကြပုံ၊ တပည့်တော်ကို သိကြားမင်းမှန်း သိကြ၍ ဘယ်ကောင်းမှုကံကို ပြုခဲ့သဖြင့် အခုလို သိကြားမင်းဖြစ်လာရပါသလဲ'ဟု မေးကြလို့ တပည့်တော်က မှတ်မိခဲ့သမျှ ပြန်လည်ဖြေကြားခဲ့ရပုံ ထိုပုဂ္ဂိုလ်တို့က ဝမ်းသာကြပုံတို့ကို လျှောက်လေသည်။

တပည့်တော်ဟာ သောတာပန်ပါ

ထိုသမဏဗြာဟ္မဏအမည်ခံ ပုဂ္ဂိုလ်တို့သည် တပည့်တော်၏ တပည့်တော်အဖြစ် ရောက်ကုန်ကြပါသည်၊ တပည့်တော်သည် ဗုဒ္ဓမြတ်ဘုရား၏ တပည့်တော်ဖြစ်သော သောတာပန် ပုဂ္ဂိုလ်တဦးပါ၊ အပါယ်လေးပါးသို့ ကျရောက်ခြင်း မရှိတော့ပါ၊ မြတ်သော သုဂတိဘဝသာ ရှိပါတော့သည်၊ အထက်မဂ်သုံးပါးသော လဲလျောင်းရာ ရှိပါတော့သည်ဘုရား' ဟု လျှောက်လေသည်။

သိကြားမင်း-ရှေးတုန်းက အခုလို နှစ်သက်ဝမ်းမြောက်ခြင်း မျိုးကို ရခဲ့ဘူးပါသလား ဟု ဗုဒ္ဓမြတ်ဘုရားက မေးတော်မူပြန်ပါသည်။

အရှင်ဘုရား နတ်နှင့်အသူရာ စစ်ဖြစ်ခဲ့တုန်းက စစ်အောင်နိုင်ခဲ့သော တပည့်တော်သည် ဤကဲ့သို့သော ဝမ်းမြောက်ခြင်းတို့ ဖြစ်ခဲ့ဘူးပါသည်၊ ထိုနှစ်သက် ဝမ်းမြောက်မှုတို့က ဒဏ်နှင့်တကွ ဖြစ်ပါသည်၊ လက်နက်နှင့်တကွ ဖြစ်ပါသည်၊ဝဋ္ဋဆင်းရဲ၌ ငြီးငွေ့ခြင်းမဖြစ်ပါ၊ ရာဂကင်းခြင်း မဖြစ်ပါ။

ဝမ်းမြောက်ခြင်းမတူ

ယခုဗုဒ္ဓမြတ်ဘုရား၏ တရားတော်ကို နာရ၍ နှစ် သက် ဝမ်းမြောက်ခြင်း တို့က ဒဏ်လဲမရှိ၊ လက်နက်လဲမပါ၊ ဝဋ္ဋဆင်းရဲ၌ ငြီးငွေ့ခြင်းငှာ, သစ္စာလေးပါးကို သိခြင်းငှာ, ဒု က္ခ ခပ် သိမ်း ငြိမ်းမှုနိဗ္ဗာန်အလို့ငှာ ဖြစ်ပါသည်ဘုရား ဟုလျှောက်လေသည်။

သင်-သိကြားမင်းသည် ဘယ်ကဲ့သို့သော အကျိုးထူးကို မြင်၍ ဤကဲ့သို့သော နှစ်သက်ဝမ်းမြောက်ရခြင်းကို ချီးမွမ်းသနည်းဟု ဗုဒ္ဓမြတ်ဘုရားက မေးတော်မူ၏။

အကျိုးထူးခြောက်ပါး

(၁) ဤအရပ်၌ပင် တည်လျက်ရှိသော သိကြားမင်းဖြစ်၍ သောတာပတ္တိမဂ်ဉာဏ်နှင့်ပြည့်စုံသော တပည့်တော် အား တဖန် သိကြားမင်းအသက်ကို ရပြန်ပါသည်။

(၂) တပည့်တော်သည် နတ်၌ဖြစ်သော ကိုယ်အဖြစ်မှ စုတေ၍စိတ်နှလုံးမွေ့လျော်ရာအရပ်၌ မတွေမဝေ ပဋိသန္ဓေယူရပါအံ့။

(၃) တပည့်တော်သည် ဗုဒ္ဓသာသနာတော်၌ သောတာပတ္တိမဂ်ဉာဏ်ဖြင့် သတိပြည့်စုံစွာနေရပါအံ့။
(၄) တပည့်တော်အား အထက် သကဒါဂါမိဖိုလ်သည် ဖြစ်ပါလတံ့။
(၅) တပည့်တော်သည် လူ့ပြည်မှာစုတေ၍ တဖန် နတ်ပြည်၌ သိကြားမင်းဖြစ်ပါလတံ့။
(၆) တပည့်တော်၏ နောက်ဆုံးဘဝသည် အကနိဋ္ဌဘုံ ဖြစ်ပါလတံ့။

ဤအကျိုးထူး ခြောက်ပါးကို မြင်၍ ဤသို့သောနှစ်သက်ခြင်း ဝမ်းမြောက်ခြင်းရခြင်းကို ချီမွမ်းရခြင်း ဖြစ်ပါသည်’ဟု လျှောက်လေသည်။

**လောက၌ ဗုဒ္ဓနှင့်တူသူမရှိ**

တဖန်ဆက်လက်၍ သိကြားမင်းက ဘုန်းတော်ကြီးတော်မူသော ဗုဒ္ဓမြတ်ဘုရား၊ တပည့်တော်တို့သည် ရှေးအခါ တုန်းက တော့ နတ်များစွာနှင့်အတူ သနင်္ကုမာရ ဗြဟ္မာမင်းကြီးအား ရှိခိုးခဲ့ကြပါကုန်သည်၊ ယခုအချိန်မှစပြီးလျှင် ဗုဒ္ဓမြတ်ဘုရားအား ရှိခိုးခွင့်ကို ပေးတော်မူပါကုန်ဘုရား။

ဗုဒ္ဓမြတ်ဘုရားသည်သာလျှင် တရားအလုံးစုံတို့ကို သိတော်မူသော ဗုဒ္ဓအစစ် ဖြစ်ပါသည်ဘုရား။

ဗုဒ္ဓမြတ်ဘုရားသည်သာလျှင် အတုမရှိ မြတ်တော်မူသော ဆရာဖြစ်တော်မူပါသည်ဘုရား။

နတ်နှင့်တကွသော လောကကြီး၌ ဗုဒ္ဓမြတ်ဘုရားနှင့်တူသော ပုဂ္ဂိုလ်တဦးတယောက်မျှ မရှိပါဘုရား။

**ပဥ္စသိခကို အဖအရာ၌တင်ထားခြင်း**

ဤသို့ သိကြားမင်းက ဗုဒ္ဓမြတ်ဘုရားကို လျှောက် ပြီး သည့်နောက် ပဥ္စသိခနတ်သားကို ခေါ် လိုက်၍၊ 'မောင်ပဥ္စသိခ သင်သည် ငါ့အား ကျေးဇူးများလှပေသည်၊သင်သည် ဗုဒ္ဓမြတ်ဘုရား စိတ်နှလုံးတော် ချမ်းအေးစေတော်မူပြီး၊ ငါတို့အား ပူဇော်အထူးကို ခံတော်မူထိုက်သော ဗုဒ္ဓမြတ်ဘုရားကို ကပ် ရောက် စေ ခဲ့ ပေသည်၊ ငါသည် သင့်အား အဖအရာ၌-ထားပေအံ့။

သင်သည် ဂန္ဓဗ္ဗနတ်မင်းကြီး ဖြစ်ပေတော့မည်၊ သင့်အား ကောင်းခြင်းအင်္ဂါလက္ခဏာနှင့် ပြည့်စုံသော သူရိယဝစ္ဆသာ နတ်သမီးကို ပေးမည်'ဟု ဂတိပြုလေသည်။

ထို့နောက် နတ်တို့ကို အစိုးရသော သိကြားမင်းသည် လက်ဖြင့် မြေကို ပုတ်ပြီးလျှင်'နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ-ပူဇော်အထူးကို ခံတော်မူထိုက်သော သစ္စာလေးပါး တရားအမှန်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်ကန်စွာ သိတော်မူသော ထိုဗုဒ္ဓမြတ်ဘုရားအား ရှိခိုးပါ၏' ဟု သုံးကြိမ်ဥဒါန်းကျူးရင့် ရှိခိုးလေသည်။

ထို့ကြောင့် "နမောတဿသည် သိကြားမင်း ဥဒါန်းကျူးရှိခိုးသော ဘုရားရှိခိုး"ဟု မှတ်ယူကြပါကုန်။

သိကြားမင်းနှင့် နတ်ရှစ်သောင်းတို့အား သောတာပတ္တိမဂ်ဉာဏ်သည် ထင်ရှားဖြစ်တော့သည်ကို ဒီဃနိကာယ်သက္ကပဉှသုတ်၌ ရှုကြပါလေကုန်။

(မနောလိုကင်း- ဝန်တိုရှင်း- လက်ငင်းချမ်းသာကြရမည်-မဟာစည်)

(ဒီဃနိကာယ် မဟာဝဂ္ဂသက္ကပဉှသုတ်ပါ ၂၃၀၊ ၄-၃၃၃)

## ၂။ ဗြဟ္မာယုသုခမိန်ကြီး

ဗုဒ္ဓမြတ်ဘုရား ရွှေလက်ထက်တော်က ခေတ်အလျောက် အတတ်ပညာရှင်တို့ အမြောက်အများ ပေါ်ပေါက်ခဲ့၏၊ ဗြဟ္မာယုသုခမိန်ကြီးလဲ ထိပ်တန်းကပါဝင်သော အတတ်ပညာရှင် ပုဂ္ဂိုလ်ကြီးတဦး ဖြစ်ပါသည်။

ဗြဟ္မာယုသုခမိန်ကြီးသည် မိဓိလာပြည်နယ်သား တဦးဖြစ်၏၊ အသက်တရာ့နှစ်ဆယ်ရှိလေပြီ၊ ထိုစဉ်က ထိပ်တန်းပညာရပ်တို့တွင် ပါဝင်သော ကျမ်းအချို့မှာ နိဃဏ္ဍုကျမ်း အဘိဓာန်ကျမ်း, ကေဋ္ဌုဘကျမ်း, အလင်္ကာကျမ်း, အက္ခရပဗေဒကျမ်း, သဒ္ဒါကျမ်း, ဣတိဟာသကျမ်းနှင့်ဗေဒင်သုံးပုံတို့ဖြစ်၏၊ဗြဟ္မာယုသုခမိန်ကြီးသည် ဤကျမ်းတို့ကို တဖက်ကမ်းရောက် တတ်မြောက်သည့်အပြင် လောကာယတကျမ်းနှင့်တကွ ယောကျ်ားမြတ်တို့၏လက္ခဏာရပ်တို့ကို ဖတ်နိုင်သော မဟာပုရိသလက္ခဏာကျမ်းကြီးကိုပါ ထိပ်တန်းရောက် တတ်မြောက်ခဲ့သော သုခမိန်ကြီးဖြစ်ပါသည်။

### ဗုဒ္ဓမြတ်ဘုရား၏ကောင်းသတင်း

တနေ့သော် ဗုဒ္ဓမြတ်ဘုရားသည် နောက်ပါရဟန်းသံဃာနှင့်အတူ ဝိဒေဟတိုင်း၌ ဒေသစာရီ လှည့်လည်ကြွမြန်းတော်မူသောအခါ ဗြဟ္မာယုသုခမိန်ကြီးသည် ဤသို့ သတင်းကြားရလေသည်။

အရှင်ဂေါတမသည်-

၁။ ပူဇော်အထူးကို ခံတော်မူထိုက်သောကြောင့် 'အရဟံ' မည်တော်မူပါပေသည်။

၂။ သစ္စာလေးပါးတရားအမှန်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်ကန်စွာသိမြင်တော်မူသောကြောင့်‘သမ္မာသမ္ဗုဒ္ဓ’မည်တော်မူပါပေသည်။
၃။ အသိဉာဏ်ဝိဇ္ဇာ အကျင့်စရဏနှင့် ပြည့်စုံတော်မူသောကြောင့် ‘ဝိဇ္ဇာစရဏသမ္ပန္န’ မည်တော်မူပါပေသည်။
၄။ စကားကောင်းကို ဆိုတော်မူတတ်သောကြောင့် ‘သုဂတ’မည်တော်မူပါပေသည်။
၅။ လောကသုံးပါးကို သိတော်မူတတ်သောကြောင့် ‘လောကဝိဒူ’ မည်တော်မူပါပေသည်။
၆။ ဆုံးမထိုက်သူကို အတုမဲ့ဆုံးမတော်မူတတ်သောကြောင့် ‘အနုတ္တရောပုရိသ ဒမ္မသာရထိ’ မည်တော်မူပါပေသည်။
၇။ နတ်လူတို့၏ ဆရာဖြစ်တော်မူသောကြောင့် ‘သတ္ထာဒေဝမနုဿာန’ မည်တော်မူပါပေသည်။
၈။ တရားအလုံးစုံကို အကုန်အစင် သိတော်မူသောကြောင့် ‘ဗုဒ္ဓေါ’ မည်တော်မူပါပေသည်။
၉။ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသောကြောင့် ‘ဘဂဝါ’ မည်တော်မူပါပေသည်။

ဤသို့ ကျော်စောသတင်း ပြန့်နှံ့လာသည်။

ဂေါတမမြတ်ဘုရားသည် နတ်, မာရ်နတ်နှင့်တကွဖြစ်သော နတ်လောကနှင့် သမဏ, ဗြာဟ္မဏမင်းများနှင့် တကွဖြစ်သော လူ့လောကကို ကိုယ်တိုင်ဉာဏ်ထူးဖြင့် သိတော်မူ၍ မျက်မှောက်ပြုပြီးသော တရားတော်ကို ဟောကြားတော်မူ၏၊ ထိုဂေါတမ

မြတ်ဘုရားသည် အစ, အလယ်, အဆုံး ကောင်းခြင်းသုံးပါးလဲရှိ အနက်သဒ္ဒါနှင့်လဲပြည့်စုံသောတရားကို ဟောတော်မူသည့်အပြင် အလုံးစုံပြည့်စုံသော စင်ကြယ်သော အကျင့် မြတ်သောအကျင့်ကိုလဲ ပြတော်မူတတ်၏၊ ဤသို့သော ရဟန္တာပုဂ္ဂိုလ်မျိုးကို ပူဇော်ဘို့ရာ ကောင်း၏ ဟု ဗြဟ္မာယု သုခမိန်ကြီးသည် သတင်းကြားရလေသည်။

ဥတ္တရလူငယ်

ထိုစဉ်က ဗြဟ္မာယု သုခမိန်ကြီး၏ တပည့် ဥတ္တရလူငယ် တယောက်လဲရှိ၏၊ လူငယ်သည် ဆရာကောင်း တပည့်တဦးဖြစ်၍ သူ၏ဆရာကြီးကဲ့သို့ပင် အတတ်ပညာရှင် တဦး ဖြစ်လေသည်။

ဗြဟ္မာယုသုခမိန်ကြီးက ဥတ္တရအား သူကြားခဲ့ရသော သတင်းကို ပြောပြ၏၊ ဆက်လက်၍ 'ချစ်သား-ဥတ္တရာ-လာပါ၊ ရဟန်းဂေါတမထံ ချဉ်းကပ်ပြီးလျှင် ရဟန်းဂေါတမ၏ ကျော်စောသတင်းသည် အမှန်အတိုင်း ပြန့်နှံ့လေသလား၊ ကျော်စောသည့်အတိုင်း မှန်ရဲ့လား၊ မမှန်ဘူးလား ဆိုတာကို သိဘို့ရာ စုံစမ်းချေပါ'ဟု ပြောပြလေသည်။

ဥတ္တရ-က- "ကျနုပ် ဘယ်ပုံ စုံစမ်းရပါမည်လဲ ဆရာကြီး"ဟု မေးလေသည်။

'ချစ်သားဥတ္တရ ငါတို့၏အတတ်ပညာတို့ထဲကဝေဒကျမ်းတွင် ယောကျ်ားမြတ်တို့၏ လက္ခဏာ သုံးဆယ့်နှစ်ပါးပါ၏၊ ယင်းလက္ခဏာတို့နှင့်ပြည့်စုံသော ယောကျ်ားမြတ်သည် အထွဋ်အထိပ် နှစ်မျိုးသာ ဖြစ်နိုင်၏၊ အခြားဖြစ်နိုင်စရာ မရှိပါ၊ တမျိုးက လူ့လောက၌နေပါလျှင် စကြာဝတေးမင်း, တမျိုးကတော့ ရဟန်း

ဘောင်၌ ရဟန်းပြုပါလျှင် ဗုဒ္ဓဘုရား ဖြစ်နိုင်ပါ၏၊ ငါသည် သင့်အား ဝေဒကျမ်းတို့ကို သင်ထားပြီး မဟုတ်လော’ဟု ပြောလေသည်။

‘ကောင်းပါပြီဆရာကြီး’ဟု ဝန်ခံပြီးလျှင် ဥတ္တရသည် ဗုဒ္ဓမြတ်ဘုရားရှိရာသို့သွား၏၊ ဗုဒ္ဓမြတ်ဘုရားနှင့်အတူ ဝမ်းမြောက်ဖွယ်ရာ တသက်တာအောက်မေ့ဖွယ်ရာ စကားတို့ကို ပြောကာ တနေရာ၌ ထိုင်နေလေသည်။

### လက္ခဏာတော် ၃၂-ပါး

ဥတ္တရသည် ဗုဒ္ဓမြတ်ဘုရား၏ ကိုယ်တော်၌ ယောကျ်ားမြတ်လက္ခဏာ သုံးဆယ့်နှစ်ပါးတို့ကို ကြည့်ရှုရှာဖွေ၏၊ လက္ခဏာအများစုကို တွေ့ရသော်လဲ အိမ်ဖြင့်ဖုံးလွှမ်းသော ပုရိသနိမိတ်ကိုငှင်း၊ ရှည်ဖြန့်သောလျှာတော်ကိုငှင်း မမြင်ရ၍ ယင်းလက္ခဏာနှစ်ပါး၌ သံသယရှိခဲ့လေသည်။

ဗုဒ္ဓမြတ်ဘုရားက ဥတ္တရလုလင်ယ်၌ လက္ခဏာနှစ်ပါးကို သံသယဖြစ်နေသည်ကို သိတော်မူ၍ အိမ်ဖြင့်ပုံးလွှမ်းသော ပုရိသနိမိတ်ကို ဥတ္တရလုလင်ယ်မြင်သာအောင် တန်ခိုးတော်ဖြင့် ဖန်ဆင်းပြတော်မူလေ၏၊ လျှာတော်ကိုလဲ တုတ်တော်မူပြီးလျှင် နားတွင်းနှစ်ဖက်တို့ကိုလဲ အပြန်အလှန်သုံးသပ်တော်မူ၏၊ နှာခေါင်းနှစ်ပေါက်တို့ကိုလဲ အပြန်အလှန် သုံးသပ်တော်မူ၏၊ နဖူးပြင်အားလုံးကိုလဲ လျှာတော်ဖြင့် ဖုံးအုပ်ပြတော်မူလေသည်။

### ဗုဒ္ဓသည် ကျော်စောသည့်အတိုင်း မှန်၏လော

ထိုအခါ ဥတ္တရလုလင်ယ်သည် ‘ရဟန်းဂေါတမသည် ယောကျ်ားမြတ်လက္ခဏာ သုံးဆယ့်နှစ်ပါးနှင့် ပြည့်စုံတော်မူပါပေ၏၊ ‘ငါ

သည် ရဟန်းဂေါတမ၏ ကြွသွားရာနောက်သို့ လိုက်ရပါမူ ထို ရဟန်းဂေါတမ၏ ရပ်ပုံ ထိုင်ပုံ လျှောင်းပုံ သွားပုံ အလုံးစုံတို့ကို မြင်ရပေမည်'ဟု အကြံဖြစ်လေ၏၊ ယင်းသို့ကြံမိသည့်အတိုင်းပင် ဥတ္တရသည် ခုနစ်လလုံးလုံး ဗုဒ္ဓမြတ်ဘုရား၏ ကြွသွားရာနောက် မှလိုက်ပြီး အကဲခတ်လေ့လာခဲ့လေသည်။

ဥတ္တရလုလင်သည် ခုနစ်လပြည့်သောအခါ ဝိဒေဟတိုင်းမှ မိဓိလာသို့ပြန်လာခဲ့၏၊ ဆရာဗြဟ္မာယုသုခမိန်ကြီးနှင့် တွေ့၏၊ သုခမိန်ကြီးက 'ချစ်သားဥတ္တရ အရှင်ဂေါတမ၏ ကျော်စော သတင်းသည် အမှန်အတိုင်း ပြန့်နှံ့သည်မှာ ဟုတ်ပါ၏လော၊ ကျော်စောသည့်အတိုင်းကော မှန်ပါ၏လော'ဟုမေး၏၊ ဥတ္တရ က 'မှန်ပါသည်' အရှင်ဂေါတမသည် ယောကျ်ားမြတ်တို့၏ လက္ခဏာသုံးဆယ့်နှစ်ပါးနှင့်လဲ ပြည့်စုံပါသည်'ဟုမြင်ခဲ့ရသော လက္ခဏာတော်တို့ကို ရေတွက်ပြလေသည်။

### အမှတ်အသားလက္ခဏာတော် ၃၂-ပါး

အရှင်ဂေါတမသည်—

၁။ ခြေဖြင့် ခြေတော်နင်းသည့်အခါ ကောင်းစွာတည်ပြီး ညီညွတ်သောဖဝါးတော် ရှိပါ၏။

၂။ ဖဝါးတော်နှစ် ဖက်အပြင်တို့၌ အကန့်အကွက် တ ထောင့်ပုံတောင်းအချက်အချာနှင့်တကွအခြင်းအရာ အလုံးစုံတို့ပြည့်စုံသော တရာ့ရှစ်ကွက် စက်လက္ခဏာ အမှတ်အသားရှိပါ၏။

၃။ ဖနောင့်တော် ရှည်ပါ၏။

၄။ လက်ချောင်းတော် ခြေချောင်းတော်ရှည်သွယ်ပါ၏။

၅။ လက်ဖဝါးတော် ခြေဖဝါးတော် နူးညံ့ပါ၏။

၆။ လေသွန်နန်းတံခါး၌ စိုက်ထားသော ရွှေပွတ်လုံးတိုင် ဖျားပမာ ခြေချောင်းတော် လက်ချောင်းတော်တို့ ရှိပါ၏။
၇။ မြင့်သော ခြေဖမျက်တော် ရှိပါ၏။
၈။ ဏေဏီသားကောင်၏ သလုံးမြင်းခေါင်းပမာ ပြည့်ဖြိုး သော သလုံးမြင်းခေါင်း ရှိပါ၏။
၉။ ရပ်တော်မူရင်း၌ပင် ကိုယ်တော်ကို မကိုင်းမညွတ်ပဲ လက်ဖဝါးတော်နှစ်ဖက်ဖြင့် ပုဆစ်ဒူးဝန်း နှစ်ဖက်ကို ဆုပ်နယ်နိုင်ပါ၏။
၁၀။ ဆဒ္ဒန်ဆင်မင်းပမာ အိမ်ဖြင့်ဖုံးလွှမ်းသော ယောကျ်ား မြတ်တို့၏ နိမိတ်ရှိတော်မူပါ၏။
၁၁။ သင်္ဂနိတ်ရွှေအဆင်းကဲ့သို့ ဝင်းဝါသော အရေတော် ရှိပါ၏။
၁၂။ သိမ်မွေ့သော အရေရှိသောကြောင့် အညစ်အကြေး မကပ်ငြိပါ။
၁၃။ မွေးညှင်းတွင်း တတွင်း,တတွင်း၌ မွေးညှင်းတော် တပင်,တပင်စီသာ ပေါက်ပါ၏။
၁၄။ အထက်သို့သာ ကော့တက်သောအမွေးတော် ရှိပါ၏။
၁၅။ ဗြဟ္မာမင်း၏ကိုယ်ကဲ့သို့ဖြောင့်မတ်သောကိုယ်ရှိပါ၏။
၁၆။ ခြေဖမိုးတော်နှစ်ဖက် လက်ဖမိုးတော်နှစ်ဖက် ပခုံး တော်နှစ်ဖက်နှင့် လည်ဂုတ်တော်ဟုဆိုအပ်သော ခုနစ် ဌာနတို့၌ ပြည့်ဖြိုးသောအသားတော်ရှိပါ၏။
၁၇။ ခြင်္သေ့မင်း၏ ရှေ့ပိုင်းကိုယ်ကဲ့သို့ ပြည့်ဖြိုးသောကိုယ် ရှိပါ၏။

၁၈။ ရွှေပျဉ်ချပ်ပမာ ခါးတော်မှစပြီး အထက်လည်ဂုတ်တော်တိုင်အောင် ရေစီးကြောင်းအကြားမထင် ပြည့်ဖြိုးသော ကျောက်ကုန်းရှိတော်မူပါ၏။

၁၉။ အ ရပ် တော် နှင့် အလံတော်ညီမျှသဖြင့် ပညောင်ပင် ဝန်းကဲ့သို့ ဝန်းသောကိုယ် ရှိပါပေ၏။

၂၀။ ညီညွတ်၍ လုံးသောလည်တိုင်တော်ရှိပါ၏။

၂၁။ နှမ်းလုံးခန့်မျှနည်းလှငယ်လှသော အရသာကိုသော်လဲ တကိုယ်လုံး ပျံ့နှံ့အောင် ဆောင်နိုင်သော အခုသာ ကျော ခုနစ်ထောင်တို့ အဖျားခြင်းအပ်ပြီးလျှင် လည်မှာ စွပ်ထားလျက်ရှိပါ၏။

၂၂။ ခြသေ့်မင်း၏မေးကဲ့သို့ပြုံးတော့မည့် အရိပ်ပမာ မေးတော်ရှိပါ၏။

၂၃။ သွားတော်ချောင်းရေ လေးဆယ်အစေ့ရှိပါ၏။

၂၄။ သွားတော်ညီညွတ်ပါ၏။

၂၅။ သွားတော်မစေ့မကွာရှိပါ၏။

၂၆။ သောက်ရှူးကြယ်ပမာ အရောင်တလက်လက် စွယ်တော်လေးဆူရှိပါ၏။

၂၇။ ရှည်လျားနူးညံ့ ပြန့်သော လျှာတော်ရှိပါ၏။

၂၈။ ပြဟ္မာမင်းတို့အသံကဲ့သို့ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အသံတော်ရှိပါ၏။

၂၉။ အလွန်ညိုသော ကြည်သော မျက်လုံးတော်ရှိပါ၏။

၃၀။ ဖွားသစ်စ နွားငယ်၏ မျက်မွေးပမာ အလွန်နူးညံ့ပျို့နုသော မျက်မွေးတော်ရှိပါ၏။

၃၁။ မျက်မှောင်(မျက်ခုံး)တော် နှစ်ခု အကြား အလည် တည့်တည့်၌ ဥဏ္ဏာလုံမွေးရှင်တော်ရှိပါ၏။

၃၂။ နဖူးတော်၌ ပကတိ ပင်ကိုယ်အားဖြင့် သင်းကျစ်ရွေ ပြား ကပ်စီထားသကဲ့သို့ သင်းကျစ်တော်အသားရှိပါ ပေ၏။

အရှင်ဂေါတမသည် ဤယောကျ်ားမြတ်လက္ခဏာသုံးဆယ့် နှစ်ပါးနှင့်ပြည့်စုံတော်မူပါပေသည်။

ရပ် သွား ထိုင် လျောင်း

အရှင်ဂေါတမသည် ကြွသွားတော်မူတဲ့အခါ၌လဲ ရှေးဦးစွာ လကျ်ာခြေတော်ဖြင့် လှမ်းကြွတော်မူ၏၊ မဝေးလွန်းခင် ခြေ တော်ကို နှုတ်ကြွတော်မူပါ၏။ မနီးလွန်းခင် ခြေတော်ကို ချ တော်မူပါ၏၊ မမြန်လွန်း မနှေးလွန်းပဲ ကြွသွားတော်မူလေ့ရှိပါ ပေသည်။

ကြွသွားတဲ့အခါ ပုဆစ်ဒူးအချင်းချင်း ဖမျက်အချင်းချင်း မထိခိုက်စေပဲ ကြွသွားတော်မူလေ့ရှိပါ၏၊ ကြွသွားတော်မူစဉ် ပေါင်ကိုမြှောက်တော်မမူ၊ ညွတ်တော်မမူ၊ တောင့်ထားတော် မမူ၊ ခါတော်မမူ၊ အောက်ပိုင်း ကိုယ်သာလျှင် လှုပ်တော်မူ၏၊ ကိုယ်အားယူတော်မူပြီး ကြွသွားတော်မမူ၊ ကြွသွားတော်မူလျှင် ပြန်ကြည့်တော်မူသည့်အခါမှာ တကိုယ်လုံး လှည့်၍သာ ပြန် ကြည့်တော်မူ၏၊ အထက်ကို မော်ကြည့်တော်မမူ၊ အောက်ကို ငုံ့ကြည့်တော်မမူ၊ ဟိုဟိုဒီဒီကြည့်ပြီး သွားတော်မမူ၊ ထမ်းပိုး တပြန်မျှသာ ကြည့်တော်မူ၏၊ ထမ်းပိုးတပြန်ထက် အလွန် ကြည့်တော်မမူ၊ အပိတ်အပင်မရှိ ဉာဏ်အမြင်ရှိတော်မူပါသည်။

အရှင်ဂေါတမသည် မြို့တွင်း,ရွာတွင်း နေတော်မူသောအခါ မကြောက်မရွံ့ မတုန်မလှုပ် မခြောက်မခြား ကြက်သီးမွေးညှင်းထခြင်းကင်းပြီး ကင်းဆိတ်ရာ(နိဗ္ဗာန်)၌ လည်သော စိတ် ရှိတော်မူပါပေသည်။

**ဆွမ်းဘုဉ်းပေးတော်မူသည့်အခါ**

အရှင်ဂေါတမသည် ဆွမ်းကို ခံယူတော်မူသည့်အခါ သပိတ်ကို မြှောက်တော်မမူ၊ ခါတော်မမူ၊ မနည်းလွန်း မများလွန်း သော ဆွမ်းကိုသာ ခံယူတော်မူ၏၊ ဟင်းကို ဟင်းပမာဏဖြင့်သာ ဘုန်းပေး သုံးဆောင်တော်မူပါ၏၊ ဟင်းဖြင့် ဆွမ်းလုပ်ကို လွန် စေတော်မမူပါ။

အရှင်ဂေါတမသည် ပျော်မြူးရန် မာရ်ရစ်ရန် အလှအပဆင်ရန် အသားအရေဖွံ့ဖြိုးရန် ဆွမ်းကို သုံးဆောင်တော်မူသည် မဟုတ်ပါ၊ ကိုယ်တော်၏တည်တံ့ရန်သာ မျှတရန်သာ ပင်ပမ်းခြင်း ငြိမ်းရုံမျှသာ မြတ်သောအကျင့်ကို ချီးမြှောက်နိုင်ရုံမျှသာ သုံးဆောင်တော်မူပါသည်။

ဆွမ်းစားပြီးသည်နောက် တခဏမျှ ဆိတ်ဆိတ်နေတော်မူပါ၏၊ ဆွမ်းအနုမောဒနာပြုရမည့်အခါကို လွန်စေတော်မမူ၊ ဆွမ်းစားပြီးနောက် အနုမောဒနာ ပြုလေ့ရှိပါသည်၊ ဆွမ်းကို ကဲ့ရဲ့တော်မမူပါ၊ အခြားဆွမ်းကိုလဲ တောင့်တတော်မမူပါ၊ စင်စစ် အားဖြင့် ထိုပရိသတ်ကို တရားစကားဖြင့် အကျိုးစီးပွားကို သိမြင်စေတော်မူပါ၏၊ တရားကို ဆောက်တည်စေတော်မူပါ၏။

**ကျောင်းတော်သို့ပြန်ရောက်သည့်အခါ**

အရှင်ဂေါတမသည် မိမိကိုယ်ကို ဆင်းရဲစေရန် လဲ အားမထုတ်၊ သူတပါးကို ဆင်းရဲစေရန်လဲအားမထုတ်၊ မိမိ သူတပါး

နှစ်ဦးသားလုံးကိုလဲ ဆင်းရဲစေရန်အားမထုတ်၊ ကိုယ်ကျိုး၊ သူကျိုးနှစ်မျိုးစုံ လောကသားအားလုံးတို့၏ အကျိုးစီးပွားကိုသာလျှင် ကြံစည်တော်မူပါသည်။

အရှင်ဂေါတမသည် ကျောင်းတိုက်သို့ပြန်ရောက်တော်မူသည် ရှိသော် ပရိသတ်၌ တရားဟောတော်မူပါ၏၊ တရားဟောရာ၌လဲ ပရိသတ်ကို မြှောက်ပင့်တောင်မမူ၊ နှိမ်ချတော်မမူ၊ စင်စစ်အားဖြင့် ပရိသတ်ကို တရားစကားဖြင့် အကျိုးစီးပွားကို သိစေကာ တရားကို တည်ဆောက်စေကာ တရားကိုကျင့်သုံးရန် ထက်သန်ရှင်လန်းစေတော်မူပါသည်။

ဗုဒ္ဓအသံတော်ရှစ်ပါး

အရှင်ဂေါတမ၏ ခံတွင်းတော်မှ သန့်ရှင်းသော, သိလွယ်သော, သာယာသော, နားပျော်ဘွယ်ကောင်းသော, လုံးစီသော ဖရိုဖရဲမကျဲသော, နက်နဲသော, ပဲ့တင်ဆပ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည့်အသံတော် ထွက်ပေါ်လာပါ၏၊ ပရိသတ်ရှိသလောက်သာ အသံတော်ဖြင့် သိစေပါ၏၊ ပရိသတ်အပြင်ကို အသံတော် လွန်တော်မမူ၊ ဟု ဗြဟ္မာယုသုခမိန်ကြီးအား ဥတ္တရလုလင်က ပြောပြပါ၏၊ ဆက်လက်၍ ဥတ္တရလုလင်က ကျွနုပ်တို့သည် အရှင်ဂေါတမ ကြွသွားတော်မူသည်ကိုလဲ မြင်ခဲ့ရပါ၏၊ ရပ်နေတော်မူတာကိုလဲ, စားသောက်တော်မူတာကိုလဲ, ဆွမ်း စား ပြီး နောက် ဆိတ်ဆိတ် ထိုင်နေတော်မူတာကိုလဲ, ဆွမ်းအနုမောဒနာပြုတာကိုလဲ, ကျောင်းတော်ကို ပြန်ကြွတော်မူတာကိုလဲ ပရိသတ်ကို တရားဟောတော်မူတာကိုလဲ မြင်ခဲ့ရပါသည်'ဟု ပြောပြလေသည်။

ဗြဟ္မာယု သုခမိန်ကြီးရှိခိုးပြီ

ဗြဟ္မာယုသုခမိန်ကြီးသည် ဥတ္တရလုလင်ယ် ပြောပြသမျှတို့ကို စူးစူးစိုက်စိုက် နားထောင်ရာက ထပြီးလျှင် လက်ဝဲတဖက် ပခုံးထက်၌ ကိုယ်ရုံလွှာကို စံပယ်တင်လျှက် ဗုဒ္ဓမြတ်ဘုရားရှိရာအရပ်ကို လက်အုပ်ချီကာ—

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

"ပူဇော်အထူးကို ခံဘော်မူထိုက်သော သစ္စာလေးပါး တရားအမှန်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်ကန်စွာသိတော်မူသော ဗုဒ္ဓမြတ်ဘုရားအား ကျန်ုပ်ရှိခိုးပါ၏" ဟု သုံးကြိမ်တိုင်တိုင် ဥဒါန်းကျူးရင့် ရှိခိုးလေသည်။

နောက်ဆုံး၌ ဗြဟ္မာယု သုခမိန်ကြီးသည် ဗုဒ္ဓမြတ်ဘုရားအား ဖူးတွေ့ရ, တရားတော်ကိုနာကြားရ၍ သောတာပတ္တိမဂ်ဉာဏ်ကို ရပြီးလျှင် မကြာမီ ကွယ်လွန်ပြီး ဗြဟ္မာ့ဘုံကို ရောက်လေသည်။ ဗြဟ္မာ့ဘုံ၌ပင် ပရိနိဗ္ဗာန် ပြုပါလိမ့်မည်။

ထို့ကြောင့် 'နမောတဿ'သည် ဗြဟ္မာယု သုခမိန်ကြီးသည် ဥဒါန်းကျူး ရှိခိုးခဲ့သော ဘုရားရှိခိုးဟူ၍လဲ မှတ်ကြပါကုန်။

(မဇ္ဈိမပဏ္ဏာသ ပါ-၄၂၄၊ ဌ-၃၀၇)

၃။ ကောသလမင်းကြီး

သားသေသောသူကြွယ်နှင့်ဗုဒ္ဓ

တခါတုန်းက ဗုဒ္ဓမြတ်ဘုရားသည် သာဝတ္ထိ နေပြည်တော် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏၊ ထိုစဉ်က သူကြွယ်တယောက်၏ ချစ်စရာ, မြတ်နိုးစရာကောင်းသော သားတယောက် ကွယ်လွန်ရှာ၏၊ ဖခင်သူကြွယ်သည် သားကွယ် လွန်

လို့ အလုပ်အကိုင်လဲ မလုပ်နိုင်၊ ထမင်းလဲ မစားနိုင်ပဲ သုသာန်ကို သွားပြီး 'ငါ့သားတယောက် ဘယ်မှာ ရောက် နေ ပါလိမ့်၊ ငါ့သားတယောက် ဘယ်မှာရောက်နေပါလိမ့်'ဟု ပြောရင်း ရင်ပတ်တီးပြီး ငိုနေရှာ၏၊ ငိုရာကထပြီး ဗုဒ္ဓမြတ်ဘုရား သီတင်းသုံးရာ ကျောင်းကို သွားရောက်၏၊ ဗုဒ္ဓမြတ်ဘုရားထံ ချဉ်းကပ်ပြီး ထိုင်လိုက်ပါသည်။

ဗုဒ္ဓမြတ်ဘုရားက 'သူကြွယ် သင့်မှာလဲ ဣန္ဒြေတွေ ပျက်လို့ပါလား'ဟု မေးတော်မူ၏၊ သူကြွယ်က 'ဘယ်မှာ ဣန္ဒြေတွေ မပျက်ပဲ ရှိပါမလဲဘုရား၊ တပည့်တော်၏ အချစ်ဆုံး နှစ်သက်မြတ်နိုးဆုံး တဦးတည်းသောသား ကွယ်လွန် သွား ရှာ ပါ တယ် ဘုရား၊ တပည့်တော်မှာ သားသေလို့ အလုပ်မလုပ်နိုင်၊ ထမင်းလဲ မစားနိုင်ပဲ၊ သုသာန်ကိုသွားပြီး 'ငါ့သားတယောက် ဘယ်မှာရောက်နေပါလိမ့်၊ ငါ့သားတယောက် ဘယ်မှာရောက်နေပါလိမ့်'လို့ မြည်တမ်းငိုယိုနေတာနဲ့ပဲ အချိန်ကုန်နေပါတော့တယ်ဘုရား'ဟု လျှောက်ပါသည်။

ပူဆွေးတာအချစ်ကြောင့်

သူကြွယ် ဒီလိုပဲ ဖြစ်ရပေလိမ့်မယ်၊ ပူဆွေးတာ ငိုကြွေးတာကိုယ်ဆင်းရဲတာ စိတ်ဆင်းရဲတာ ပင်ပန်းကြီးစွာဖြစ်တာတို့ဟာ အချစ်ကြောင့်ဖြစ်တယ်၊ အချစ်သည်ပင်လျှင် အစဖြစ်တယ်လို့ ဗုဒ္ဓမြတ်ဘုရားက မိန့်ကြားတော်မူလေသည်။

သူကြွယ်က 'ဘယ်ဟုတ်မှာလဲဘုရား' နှစ်သက် ခြင်း ဝမ်းမြောက်ခြင်းတို့သည်သာ အ ချစ် ကြောင့် ဖြစ် ရ မှာ ပါ၊ အချစ်သည်ပင်လျှင် အစဖြစ်ရမှာပါ'ဟု ဗုဒ္ဓမြတ်ဘုရား၏ စကားကို

မန္တစ်သက်၍ ကန့်ကွက်စကား ပြန်ပြောပြီးလျှင် နေရာမှထသွား ခဲ့လေသည်။

### လောင်းကစားသမားတို့နှင့် သူကြွယ်

သူကြွယ်သည်(ဘုရားကျောင်းတိုက်နှင့်)မလှမ်းမကမ်းတနေ ရာ၌ ကြွေပစ်နေကြသော က စား ဝိုင်း အ နီး ရောက် သွား ၏၊ 'သူငယ်ချင်းတို့ ငါသည် ဗုဒ္ဓမြတ်ဘုရားထံ ရောက်သွားလို့ ရှိခိုး နေစဉ် 'ဗုဒ္ဓမြတ်ဘုရားက 'သူကြွယ် သင့်မှာလဲ ဣန္ဒြေတွေပျက် လို့ပါလား'လို့ မိန့်ကြားတယ်၊ ဒီတော့ ငါက အရှင်ဘုရား တပည့်တော်၏ မျက်စိစတဲ့ဣန္ဒြေတွေ ဘယ်မှာ မပျက်ဘဲ နေပါ မည်လဲဘုရား၊ တပည့်တော်၏ အချစ်ဆုံး နှစ်သက်မြတ်နိုးဆုံး တဦးတည်းသောသားဟာ ကွယ်လွန်သွားပါတယ်ဘုရား၊တပည့် တော်သည် သားကွယ်လွန်လို့ အလုပ်ကိုလဲမလုပ်နိုင်ပါ၊ ထမင်း လဲ မစားနိုင်ပါ၊ သုသာန်ကိုသွားပြီး 'ငါ့သားတယောက် ဘယ် မှာရောက်နေပါလိမ့်၊ ငါ့သားတယောက် ဘယ်မှာရောက်နေပါ လိမ့်'လို့ ငိုနေရတာနဲ့ပဲ အချိန်ကုန်နေရပ္ပါသည်ဘုရား' လို့ လျှောက်လိုက်ပါတယ်။

ထိုအခါ ဗုဒ္ဓမြတ်ဘုရားက "သူကြွယ် ဒီလိုဘဲဖြစ်ရမှာပေါ့၊ ပူဆွေးတာ ငိုကြွေးတာ ကိုယ်ဆင်းရဲတာ စိတ်ဆင်းရဲတာ ပင် ပန်းကြီးစွာဖြစ်တာတို့ဟာ အချစ်ကြောင့်ဖြစ်တယ်၊အချစ်သည် ပင်လျှင် အစဖြစ်တယ်-လို့ ငါ့ကို မိန့်ကြားတော်မူလိုက်တယ်၊ သူငယ်ချင်းတို့ ထိုအခါ ငါက ရဟန်းဂေါတမ၏စကားကို မန္တစ် သက်လို့ ကန့်ကွက်ပြီး နေရာမှထပြန်ခဲ့တယ်'လို့ လောင်းကစား သမားတို့အား ပြောပြလေသည်။

ကောသလမင်းကြီးနှင့် မလ္လိကာ

လောင်းကစားသမားတို့က နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းတို့သည်သာ အချစ်ကြောင့် ဖြစ်ရမှာပါ'ဟု ပြောကြလေသည်။ သူကြွယ်သည် 'ငါ၏ဝါဒနှင့် လောင်းကစားသမားတို့၏ အယူအဆသည် တူ၏'ဟု ပြောပြီးလျှင် လောင်းကစားသမားတို့အနီးမှ ထွက်လာခဲ့လေသည်၊ ယင်းအကြောင်းအရာစကားသည် တယောက်စကား တယောက်နားမှ တဆင့် ကောသလမင်းကြီးနှင့် မလ္လိကာတို့စံရာ နန်းတွင်းသူ နန်းတွင်းသားတို့ထံ ရောက်သွားလေသည်။

ထိုအခါ ပသေနဒီကောသလမင်းကြီးက ဗုဒ္ဓမြတ်ဘုရားကို အလွန်ကြည်ညိုသောသူ၏မိဖုရားကြီး မလ္လိကာအား 'မလ္လိကာ—မင်းကိုးကွယ်တဲ့ ရဟန်းဂေါတမက ပူဆွေးတာ ငိုကြွေးတာ ကိုယ်ဆင်းရဲတာ စိတ်ဆင်းရဲတာ ပင်ပန်းကြီးစွာဖြစ်တာတို့ဟာ အချစ်ကြောင့်ဖြစ်တယ်၊ အချစ်သည်ပင်လျှင် အစဖြစ်တယ်'လို့ ဟောတော်မူတယ်ဆိုပါကလား'ဟု ပြောပြလေသည်။

မိဖုရားကြီးက 'ဒီစကားကို ဗုဒ္ဓမြတ်ဘုရား မိန့်တော်မူရိုးမှန်လျှင် ဒီစကားသည် ဒီအတိုင်းအမှန်ဖြစ်ရမည်'ဟု တထစ်ချ ဝမ်းမြောက်စွာထောက်ခံလိုက်၏၊ ထိုအခါ ကောသလမင်းကြီးက 'တပည့်သည် ဆရာပြောသမျှစကားကို အမှန်ပဲဟု တထစ်ချ ယုံကြည်သကဲ့သို့မလ္လိကာသည်လဲပဲ ဗုဒ္ဓဟောသမျှ ပြောသမျှစကားအားလုံးကို ဒီအတိုင်းအမှန်ဖြစ်ရမယ်'လို့ မှတ်ယူသပေါ့လေ၊ မလ္လိကာ သွားတော့၊ မင်းတော့ ပျက်စီးတော့မယ်'ဟု ကောသလမင်းကြီးက အော်လွှတ်လိုက်လေသည်။

ဘုရားရှင်တို့မည်သည် ချွတ်ယွင်းသောစကားကို မိန့်ကြားလေ့မရှိ

မလ္လိကာသည် နာဠိဇင်္ဃ ပုဏ္ဏားကိုခေါ်၍ 'ပုဏ္ဏား—ဗုဒ္ဓမြတ်ဘုရားထံသွားချေပါ၊ ငါ၏စကားဖြင့် ဗုဒ္ဓမြတ်ဘုရားခြေတော်တို့ကို ဦးတိုက်ပြီးလျှင် မလ္လိကာကအနာကင်းကြောင်း ကျန်းမာကြောင်းတို့ကို မေးလျှောက်လိုက်ပါသည်'ဟု လျှောက်ပါ၊ ထို့နောက်မှာ 'ဗုဒ္ဓမြတ်ဘုရားက ပူဆွေးတာ ငိုကြွေးတာ ကိုယ်ဆင်းရဲတာ စိတ်ဆင်းရဲတာ ပင်ပမ်းကြီးစွာ ဖြစ်တာတို့ဟာ အချစ်ကြောင့်ဖြစ်တယ်၊အချစ်သည်ပင်လျှင်အစဖြစ်တယ်'လို့ မိန့်တော်မူတယ်ဆိုတာ မှန်ပါသလားဟု လျှောက်ပါ၊ ပြီးတော့လဲ ဗုဒ္ဓမြတ်ဘုရားပြန်လည်မိန့်ကြားသမျှတို့ကို မှတ်သားခဲ့ပြီးလျှင် ငါ့အား ပြန်ပြောပြပါ၊ ဗုဒ္ဓမြတ်ဘုရားတို့မည်သည်မှာ ချွတ်ယွင်းသောစကားကို မိန့်ကြားလေ့မရှိပါ'ဟု မှာလိုက်လေသည်။

နာဠိဇင်္ဃပုဏ္ဏားနှင့်ဗုဒ္ဓ

နာဠိဇင်္ဃပုဏ္ဏားသည်'ကောင်းပါပြီမိဖုရားကြီး'ဟု ဝန်ခံပြီးလျှင် ဗုဒ္ဓမြတ်ဘုရားထံ သွားရောက်၍ ရှိခိုးလေသည်၊ မလ္လိကာမိဖုရားကြီးမှာလိုက်သည့်အတိုင်းလဲ လျှောက်လေ၏၊ ဗုဒ္ဓမြတ်ဘုရားက 'ဟုတ်တယ်ပုဏ္ဏား၊ ငါဘုရားဒီအတိုင်းပဲမိန့်ကြားတော်မူတယ်'ဟု ဝန်ခံတော်မူလေသည်။

ရှေးတုန်းက

ဆက်လက်ပြီးလျှင် ဗုဒ္ဓမြတ်ဘုရားက 'ရှေးက သာဝတ္ထိပြည်မှာ အမျိုးသမီးတယောက်သည် သူ၏အမေကွယ်လွန်၍ ရူးသွား၏၊ စိတ်ပျံ့လွင့်ပြီး လမ်းတကာလှည့်လည်၍ 'ငါ့အမေကို မြင်လိုက်ကြသလား၊ တွေ့လိုက်ကြသလား'ဟု တွေ့တာရာလူကို မေး

ပြီးလျှင် ပူဆွေးနေခြင်းသည် အမိကို ချစ်လွန်းသည့် အချစ်ကြောင့်မဟုတ်ပါလော၊ အချစ်သည်ပင်လျှင် အစမဟုတ်ပါလော။

ဤသို့ပင် အဖေကွယ်လွန်၍ အကိုကွယ်လွန်၍ အမကွယ်လွန်၍ သားကွယ်လွန်၍ သမီးကွယ်လွန်၍ ရူးသွားကြ၊ စိတ်ပျံ့လွင့်သွားကြတာတို့သည်လဲ အချစ်ကြောင့်ဖြစ်ပုံ၊အချစ်သည်ပင်လျှင် အစဖြစ်ပုံကို သိရမည်ဟု အကျယ်တဝင့် မိန့်ကြားတော်မူလိုက်လေသည်။

မလ္လိကာနှင့် ကောသလ

နာဠိဇင်္ဃပုဏ္ဏားသည် ဗုဒ္ဓမိန့်ကြားသမျှတို့ကို မှတ်သားခဲ့ပြီးလျှင် မလ္လိကာမိဖုရားအား ပြန်လည်သံတော်ဦးတင်လေသည်၊ မလ္လိကာသည် ပသေနဒီကောသလမင်းထံ သွားရောက်ပြီးလျှင် ဤသို့ ပြောပြလေသည်။

ဝဇီရီသတို့သမီး

မင်းကြီး၊ ဝဇီရီသတို့သမီးကို သင်မင်းကြီး ချစ်ရဲ့လား၊

ချစ်တာပေါ့ကွာ၊ ဝဇီရီဟာ ငါမင်းကြီးရဲ့သမီးတော်ပဲ။

ကောင်းပါပြီ၊မင်းကြီး တကယ်လို့မျှား ဝဇီရီသတို့သမီး သေသွားပါလျှင် သင်မင်းကြီး၌ ဘယ်လိုဖြစ်မလဲ၊ ပူဆွေးခြင်း ငိုကြွေးခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာ ပင်ပမ်းခြင်းတို့ မဖြစ်ပေဘူးလား။

"ဟော့- မလ္လိကာ ဘယ်မှာမဖြစ်ပဲ ရှိမှာလဲကွာ" လို့ ကောသလမင်းကြီးက ဝန်ခံလေသည်။

မင်းကြီး-သိတော်မူမြင်တော်မူလို့ ပူဇော်အထူးကို ခံတော်မူထိုက်သော ကိုယ်တိုင်မှန်စွာသိတော်မူသော ဗုဒ္ဓမြတ်ဘုရားက

ဤအကြောင်းကို ရည်ရွယ်ပြီး ပူဆွေးတာ ငိုကြွေးတာ ကိုယ်ဆင်းရဲတာ စိတ်ဆင်းရဲတာ ပင်ပမ်းကြီးစွာဖြစ်တာ တို့ဟာ အချစ်ကြောင့်ဖြစ်တယ်၊ အချစ်သည်ပင်လျှင် အစဖြစ်တယ်လို့ မိန့်တော်မူတာ ဖြစ်ပါတယ်မင်းကြီး’ဟု လျှောက်လေသည်။

တဖန်ဆက်လက်၍—

ဝါသဘခတ္တိယကိုလဲ သင်မင်းကြီး ချစ်တယ်မဟုတ်လား။

ငါ့မိဖုရားပဲ ချစ်တာပေါ့။

ဝိဋ္ဋူပစစ်သူကြီးကော ချစ်တယ်မဟုတ်ပါလား။

ချစ်တာပေါ့၊ ငါ့ရဲ့တိုင်းပြည်လုံခြုံရေးကို တာဝန်ယူနေတဲ့ စစ်သူကြီးပဲ။

ကျွန်ုပ်ကိုကော ချစ်တယ်မဟုတ်ပါလား။

ဘယ်လိုမေးလိုက်တာလဲကွာ၊ ကိုယ့်မိဖုရားကြီးပဲဟာ။

ကာသိတိုင်း ကောသလတိုင်းတို့ကို မင်းကြီးချစ်တယ်မဟုတ်ပါလား။

ငါပိုင်ဆိုင်တဲ့ တိုင်းနိုင်ငံတွေ ပြည်နယ်တွေပဲဟာ ဘယ်မှာ မချစ်ပဲ နေမှာလဲကွာ။

ငါနားလည်ပြီ

တော်တော့ဟေ့ တော်တော့၊ မလ္လိကာ တော်တော့၊ ငါနားလည်ပြီ၊ ပူဆွေးတာ ငိုကြွေးတာ ကိုယ်ဆင်းရဲတာ စိတ်ဆင်းရဲတာ အပြင်းအထန် ပင်ပန်းတာတို့ဟာ လက်စသတ်တော့ အချစ်ကြောင့်ဖြစ်တာကိုးကွ၊ အချစ်သည်ပင်လျှင်အစဖြစ်တယ်ဆိုတာကို ငါနားလည်ပြီ မိဖုရားကြီး။

မလ္လိကာ-အံ့ချီးဘွယ်ရာ ဖြစ်ပါပေစွ၊ မလ္လိကာ မဖြစ်စဘူး၊ အဖြစ်ထူးပါပေစွ၊ ဗုဒ္ဓမြတ်ဘုရားသည် ပညာဖြင့် အ လွန် ထိုး ထွင်း၍ သိတော်မူပါပေသည်၊ မြင်တော်မူပါပေသည်။

'မလ္လိကာ အနားလာပါ၊ နှုတ်ဆေးရေကိုပေးပါ'ဟု သောက် တော်ရေကို တောင်းပြီးလျှင် နှုတ် ခံ တွင်း ကို ဆေး ကြော ပြီး နောက် ခနရာမှထပြီးသော် ကိုယ်ဝတ်အပေါ်လွှမ်းကို လက်ဝဲတ ဖက် ပခုံးထက်၌ စံပယ်တင် လက်ကန်တော့ထိုးလိုက်ပြီးမှ ဗုဒ္ဓ မြတ်ဘုရား သီတင်းသုံးတော်မူရာ အရပ်ကို မှန်းဆ၍ လက်အုပ်ချီ တော်မူကာ—

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

ပူဇော်အထူးကို ခံတော်မူထိုက်သော သစ္စာလေးပါး တရား အမှန်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်စွာ ထိုး ထွင်း သိ တော် မူ သော ဗုဒ္ဓမြတ်ဘုရားအား ကျနုပ် ရှိခိုးပါ၏'ဟု သုံး ကြိမ် တိုင် တိုင် ဥဒါန်းကျူးရင့် ရှိခိုးလေသည်။

ထို့ကြောင့် နမော တဿသည် ကော သ လ မင်း ကြီး ၏ ဥဒါန်းကျူး ရှိခိုးသော ဘုရားရှိခိုးဟူ၍လဲ မှတ်ယူကြပါကုန်။

(မဇ္ဈိမပဏ္ဏာသ ပါ-၃၁၄၊ ဋ္ဌ-၂၃၀)

## ၄။ ဇာဏုသောဏိ ပုဏ္ဏားပညာရှိကြီး

တခါတုန်းက ဗုဒ္ဓမြတ်ဘုရားသည် အ နာ ထ ပိဏ် သူဌေး၏ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏၊ ထိုစဉ်က ဇာဏုသောဏိပုဏ္ဏား ပညာရှိကြီးသည် တကိုယ်လုံး ဆွတ်ဆွတ် ဖြူသော မြည်းကို ကထားသည့် ရထားဖြင့် မွန်းတိတိ ရှိန်ရှိန်ကြီး ၌ သာဝတ္ထိမြို့တွင်းမှ ထွက်လာခဲ့၏၊ အဝေးကလာသော ပိလော

တိက ပရဗိုဇ်(ဝစ္ဆာယန)ကို မြင်သောအခါ ရထားကို အသာ ရပ်စေပြီး 'အရှင်ဝစ္ဆာယန-မွန်းတိတိ ရှိန်ရှိန်ကြီးမှာ ဘယ်က ပြန်လာပါသတုန်း'ဟု မေး၏၊ 'အရှင်ဇာဏုသောဏိ-ကျနုပ်သည် ရဟန်းဂေါတမထံမှ ပြန်လာခဲ့ပါသည်'ဟု ဖြေလိုက်သည်။

'အရှင်ဂေါတမ၏ ပညာစွမ်းရည်ကို ဘယ်လို မြင်ပါသလဲ'။

'ကျနုပ်က ဘယ်လိုလူတန်းစားမို့ ရဟန်းဂေါတမ၏ ပညာအစွမ်းကို သိနိုင်မှာလဲ၊ ရဟန်းဂေါတမ၏ ပညာစွမ်းကို သိနိုင်မဲ့သူဟာ ရဟန်းဂေါတမလို ပုဂ္ဂိုလ်သာလျှင် ဖြစ်ရမှာပေါ့'။

ဤသို့ဖြေလိုက်သောအသံကို ကြားလိုက်ရသော ဇာဏုသောဏိပုဏ္ဏားကြီးက 'အရှင်ဝစ္ဆာယနသည် ရဟန်းဂေါတမကို အမြတ်တနိုး ချီးမြှောက်ခြင်းဖြင့် ချီးမြှောက်လိုက်ပါပေသည်' ဟု ပြောလေသည်။

အရှင်ဝစ္ဆာယနက ထပ်မံ၍ 'ကျနုပ်က ဘယ်လိုလူစားမို့လို့လဲ ဘယ်လိုလူစားဖြစ်လို့ ရဟန်းဂေါတမကို ချီးမွမ်းနိုင်မှာလဲ ရဟန်းဂေါတမသည် ချီးမွမ်းခံရသူအားလုံးတို့၏ အချီးမွမ်းကို ခံရသူပါ၊ နတ်တွေ လူတွေထက် မြတ်တော်မူပါတယ်' ဟု ပြောပြလေသည်။

ဇာဏုသောဏိ ပုဏ္ဏားပညာရှိကြီးက အရှင်ဝစ္ဆာယနအား 'ဘယ်အကျိုးကိုမြင်လို့ ရဟန်းဂေါတမအပေါ်၌ အခုလိုအလွန်ကြည်ညိုနေရတာလဲ'ဟု မေးမြန်းသည်။

**ဆင်ခြေရာကို တွေ့မှတော့ ဆင်ရဲ့ပမာဏကို သိရမှာပါ**

'အရှင်ဇာဏုသောဏိပုဏ္ဏားကြီး– ဥပမာအားဖြင့် ကျနုပ် ပြောပါမယ်၊ ဆင်ကြံလက္ခဏာကိုတတ်သော ပညာရှိသည် ဆင်

တောကို ဝင်သည့်အခါ အလျားရှည်ပြီး အနံကျယ်ပြန့်သော ဆင်ခြေရာကိုတွေ့ခဲ့ပါလျှင် 'မိတ်ဆွေတို့ဆင်သည်ကြီးမားပေစွ' လို့ ဆင်ခြေရာကိုမြင်သဖြင့် ဆင်၏ပမာဏကို ဆုံးဖြတ်နိုင်သလို ရဟန်းဂေါတမ၏ အပေါ်မှာလဲ လေးပါးသော(ဉာဏ်) ခြေရာတို့ကို မြင်ရသောအခါမှစပြီး ဗုဒ္ဓမြတ်ဘုရားသည် သစ္စာလေးပါးတရားတော်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်ကန်စွာသိတော်မူသော ဗုဒ္ဓဘုရားပါပေတည်း၊ တရားတော်သည်လဲ ဗုဒ္ဓမြတ်ဘုရား ကောင်းစွာဟောကြားတော်မူသော တရားတော်ပါပေတည်း၊ ဗုဒ္ဓမြတ်ဘုရား၏ တပည့်သား သံဃာတော်သည်လဲ အကျင့်ကောင်းရှိသော သံဃာတော်ပါပေတည်းလို့ ဆုံးဖြတ်နိုင်ခဲ့ပါသည်'။

ခြေရာလေးပါး

ခြေရာလေးပါးဆိုသည်မှာ—

(၁) သားကောင်၏မြီးဆံကို ဖောက်ထွင်း ပစ်နိုင်တဲ့လေးသမားကဲ့သို့ သူတပါး၏အယူဝါဒကိုသိပြီးဖြစ်သော မင်းပညာရှိအချို့ကိုပုဏ္ဏားကြီး တွေ့ဘူးပါလိမ့်မည်၊ ထိုမင်းပညာရှိတို့သည် သူတပါး၏အယူဝါဒကို ဖျက်ဆီးသကဲ့သို့ လှည့်လည်နေကြသူတွေပါ၊ သူတို့သည် ဗုဒ္ဓမြတ်ဘုရားထံချဉ်းကပ်မိတဲ့အခါ ရဟန်းဂေါတမက တရားစကားတို့ဖြင့်(အကျိုးစီးပွားတို့ကို) သိမြင်စေပြီးနောက်(တရားတော်ကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်)ထက်သန်စေတဲ့အခါ ရဟန်းဂေါတမအားပြဿနာတောင်မမေးနိုင်ကြပါ၊ အပြစ်တင်ဘို့ဆိုတာကတော့ ဝေးလှပေါ့သည်၊ တကယ်တော့သူတို့သည် ရဟန်းဂေါတမ၏ တပည့်များအဖြစ်ကိုသာ ရောက်ကုန်ကြပါတော့သည်။

အရှင်ဇာဏသောဏိ— ကျွန်ုပ်သည်ရှေးဦးစွာသော ဤဉာဏ်ခြေရာကို မြင်ပြီးကတည်းက ဗုဒ္ဓမြတ်ဘုရားသည် အလုံးစုံသော တရားတို့ကို ကိုယ်တော်တိုင်မှန်စွာ သိတော်မူသော ဘုရားပါပေတည်း၊ တရားတော်သည်လဲဗုဒ္ဓမြတ်ဘုရားသည်ကောင်းစွာဟော ကြားတော်မူသော တရားတော်ပါပေတည်း၊ ဗုဒ္ဓမြတ်ဘုရား၏ တပည့်သားသံဃာတော်တို့သည်လဲ အကျင့်ကောင်းရှိသော သံဃာတော်ပါပေတည်း' လို့ ဆုံးဖြတ်နိုင်ခဲ့ပါသည်။

(၂) နောက်တခုကတော့ ပုဏ္ဏားပညာရှိအချို့ကိုမြင်ဘူးပါသည်၊ သူတို့သည်လဲ ပညာဖြင့်သူတပါးအယူဝါဒကို ဖျက်ဆီးသကဲ့သို့ လှည့်လည်နေကြသူတွေပါ။

(၃) နောက်တခုကတော့ သူကြွယ်ပညာရှိအချို့ကို မြင်ဘူးပါသည်၊ သူတို့သည်လဲ ပညာဖြင့်သူတပါးအယူဝါဒကိုဖျက်ဆီးသကဲ့သို့ လှည့်လည်နေကြသူတွေပါ။

(၄) နောက်တခုကတော့ (သာသနာပြင်ပက) ရဟန်းပညာရှိအချို့ကို မြင်ဘူးပါသည်၊ သူတို့သည်လဲ ပညာဖြင့် သူတပါးအယူဝါဒကို ဖျက်ဆီးသကဲ့သို့ လှည့်လည်နေကြသူတွေပါ၊ သူတို့လဲ ဗုဒ္ဓမြတ်ဘုရားထံချဉ်းကပ်မိတဲ့အခါ ရဟန်းဂေါတမက တရားစကားတို့ဖြင့် (အကျိုးစီးပွားတို့ကို) သိစေပြီး နောက် (တရားတော်ကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်စေတဲ့အခါ ရဟန်းဂေါတမအား ပြဿနာ တောင် မမေးနိုင်ကြပါ၊ အပြစ်တင်ဘို့ဆိုတာကတော့ ဝေးလှပါသည်၊ တကယ်တော့ သူတို့သည် ရဟန်းဂေါတမ၏ တပည့်များအဖြစ်ကိုသာ ရောက်ကုန်ကြပါတော့သည်။

သူတို့သည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ကပ် ရောက် ရန် ရဟန်းဂေါတမအားသာ အခွင့်တောင်းကြပါကုန်သည်၊ ရဟန်းဂေါတမကလဲ ထိုသူတို့ကို ရဟန်းပြုပေးလိုက်ပါတော့သည်၊ ထိုသူတို့လဲ ဆိတ်ငြိမ်ရာသို့ကပ်ရောက်ပြီး မမေ့သောသတိဖြင့် တရားအားထုတ် ကြ ၍ အရဟတ္တဖိုလ်ချမ်းသာကို ရကုန်ကြပါတော့သည်။

**သမဏအစစ် ဗြာဟ္မဏအစစ်**

ထိုပုဂ္ဂိုလ်များကိုယ်တိုင်ကပဲ အခုလို ပြောကြပါသေးသည်၊ 'အချင်းတို့ ငါတို့ဟာ ဆုံးရှုံးဘို့ရာ ပျက်စီးဘို့ရာ အနည်းငယ်သာ လိုတော့သည်၊ အမှန်ကတော့ ငါတို့ဟာ ယခင်က သမဏလဲ မဟုတ်ပါဘဲလျက် သမဏ(ကိလေသာမှ ငြိမ်းအေးရဟန်း)ဟုဝန်ခံနေကြသည်၊ဗြာဟ္မဏလဲ မဟုတ်ပါဘဲလျက် ဗြာဟ္မဏ(မကောင်းမှုမှအပပြုပြီးသူ)ဟု ဝန်ခံနေကြသည်။

စင်စစ်တော့ ယခုမှသာ ငါတို့ သမဏဖြစ်ကုန်ကြသည်၊ ဗြာဟ္မဏ ဖြစ်ကုန်ကြသည်၊ ယခုမှသာလျှင် ငါတို့ ရဟန္တာ ဖြစ်ကုန်ကြသည်'ဟု ပြောကြပါကုန်ပြီ။

အရှင်ဇာဏုသောဏိ-ကျနုပ်သည် ရဟန်းဂေါတမ၌ လေးခု မြောက်(ဉာဏ်)ခြေရာကို မြင်သောအခါမှ အစပြုပြီးလျှင် 'ဗုဒ္ဓမြတ်ဘုရားသည် သစ္စာလေးပါးတရားအမှန်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်ကန်စွာ သိတော်မူသော ဗုဒ္ဓမြတ်ဘုရားပေတည်း၊တရားပါပေတည်း၊ သံဃာတော်ပါပေတည်း'ဟု ဆုံးဖြတ်နိုင်ခဲ့ပါပြီ။

**ဇာဏုသောဏိ ပညာရှိကြီး ဥဒါန်းကျူးပြီ**

ဤသို့ အရှင်ဝစ္ဆာယနက အရှင်ဇာဏုသောဏိ ပညာရှိကြီးအား ပြောပြလိုက်သောအခါ ဇာဏုသောဏိကြီးသည် မြည်း

ဆွတ်ဆွတ်ဖြူကြီးကသော ရထားပေါ်မှ ဆင်းပြီးလျှင် အပေါ်ရုံ စုံလျားကို လက်ဝဲတဖက်ပခုံးထက်၌ စမွယ်တင် လိုက် ပြီး သော် ဗုဒ္ဓမြတ်ဘုရားရှိတော်မူရာ အရပ်ကို လက်အုပ်ချီကာ—

နမော တဿ ဘဂဝတော အရဟာသော သမ္မာသမ္ဗုဒ္ဓဿ၊

'ပူဇော်အထူးကို ခံတော်မူထိုက်သော သစ္စာလေးပါး တရား အမှန်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်ကန်စွာသိတော်မူသော ထိုဗုဒ္ဓ မြတ်ဘုရားအား ကျွန်ုပ် ရှိခိုးပါ၏'ဟု သုံးကြိမ်တိုင်တိုင် ဥဒါန်း ကျူးရင့် ရှိခိုးလေသည်။

ထို့ကြောင့် နမောတဿသည်ဇာဏုသောဏိ ပညာရှိပုဏ္ဏား ကြီး ဥဒါန်းကျူးရင့်ရှိခိုးသော ဘုရားရှိခိုးဟူ၍လဲ မှတ်ယူကြပါ ကုန်။

(မူလပဏ္ဏာသ ပါ-၂၃၃၊ ဋ-ဒု-၁၀၂)

### ၅။ ကာရဏပါလိ အမတ်ကြီး

တခါတုန်းက ဗုဒ္ဓမြတ်ဘုရားသည် ဝေသာလီပြည် ပြဿဒ် ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် လိစ္ဆဝီမင်းတို့၏ ကိစ္စအရပ် ရပ်တို့ကို ဆောင်ရွက်နေသော ကာရဏပါလီအမတ်ကြီးသည် အဝေးမှလာနေသော အရှင်ပိင်္ဂိယာနီကို မြင်သောအခါ 'အရှင် ပိင်္ဂိယာနီ—အခုလို မွန်းတည့်ရှိန်ရှိန်ကြီးမှာ ဘယ်အရပ်က လာပါ သတုန်း'ဟု မေးလေသည်။

ကျွန်ုပ် အရှင်ဂေါတမထံမှ ပြန်လာခဲ့သည်ဟု ဖြေလေသည်၊ 'အရှင်ပိင်္ဂိယာနီ–ပညာထက်မြက်မှု၌ အရှင်ဂေါတမကို ပညာရှိ ပုဂ္ဂိုလ်ဟု မှတ်ထင်ပါသလား'ဟု မေးလေသည်။

'အရှင်ကာရဏပါလီအမတ်ကြီး – ရဟန်းဂေါတမ၏ ပညာ ထက်မြက်မှုကို ကျွန်ုပ်က ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ၊ ရဟန်း

ဂေါတမ၏ ပညာထက်မြက်မှုကို သိသူဟာ ရဟန်းဂေါတမကဲ့သို့သော ပုဂ္ဂိုလ်သည်သာ ဖြစ်ရမှာပါ'ဟု ဖြေလိုက်လေသည်။

'အရှင်ပိင်္ဂိယာနီက ရဟန်းဂေါတမအား အမြင့်မြတ်ဆုံး ချီးမွမ်းခြင်းဖြင့် ချီးမွမ်းလိုက်ပါပေသည်'ဟု ကာရဏပါလီက ပြောလေသည်။

ထိုအခါ အရှင်ပိင်္ဂိယာနီက 'အရှင်ကာရဏပါလီ-ကျုပ်ကဘာမို့လို့လဲ၊ ကျုပ်က ရဟန်းဂေါတမအား ဘယ်မှာလျှင် ချီးမွမ်းရန် စွမ်းနိုင်မှာလဲ၊ အရှင်ဂေါတမသည် ချီးမွမ်းထိုက်တဲ့ ဂုဏ်တို့ရှိသောကြောင့်သာ ချီးမွမ်းအပ်သူ ချီးမွမ်ခံထိုက်သူ ဖြစ်လို့ နတ်တွေ့ လူတွေထက် မြတ်တော်မူတာ မဟုတ်ပါလား'ဟု ပြောလေသည်။

'အရှင်ပိင်္ဂိယာနီသည် ဘယ်အကျိုးကို ကောင်းကောင်းကြီးမြင်လို့ ရဟန်းဂေါတမ၌ အခုလို ကြည်ညိုတာပါလဲ'ဟု ကာရဏပါလီက မေးပြန်ပါသည်။

**ဆာလောင်နေတဲ့သူဟာ ပျားမုံ့ကိုစားရသလို**

အရှင်ကာရဏပါလီ၊ မွန်မြတ်သောအရသာဖြင့် တင်းတိမ်ရောင့်ရဲပြီးသော ယောကျ်ားသည် အခြားယုတ်ညံ့သော အရသာတို့ကို မတောင့်တသလို ဖြစ်ပါသည်၊ သုတ်အား ဖြင့်ဖြစ်စေ, ဂေယျအားဖြင့် ဖြစ်စေ, ဝေယျာကရဏအားဖြင့် ဖြစ်စေ, အဗ္ဘုတဓမ္မအားဖြင့် ဖြစ်စေ, အရှင်ဂေါတမ၏ တရားတော်ကို ကြားနာရသည့်အခါတိုင်း အခြားတပါးသော သမဏဗြာဟ္မဏတို့၏ အယူဝါဒတွေကို မတောင့်တတော့ပါ။

အရှင်ကာရဏပါလီ–ဆာလောင်မှု,အားနည်းမှု နှိပ်စက်ခံရသော ယောကျ်ားသည် ပျားမုံ့ဆုပ်ကိုရ၍ လျက်လိုက်သည့်အခါ

တိုင်း တခြားအရသာတခုခုကို လောင်းစွက်ဖွယ်မရှိတော့သလို အလွန်ကောင်းမြတ်တဲ့ အရသာကို ခံစားရသကဲ့သို့ ပင် သုတ္တာ စသည်အားဖြင့် ထိုအရှင်ဂေါတမ၏ တရားအရသာကိုသာကြား နာရသည့်အခါတိုင်း ဝမ်းမြောက်မှု စိတ်ကြည်လင်မှုကို ရနေပါ တော့သည်။

**အနံ့တမျိုး လောင်းစွက်ဖွယ်မရှိ**

အရှင်ပုဏ္ဏား-စန္ဒကူး ရွှေတုံးကိုသော်ရင်း၊ စန္ဒကူးနီတုံးကို သော်ရင်း ရသောယောကျ်ားသည် အရင်းကပဲဖြစ်ဖြစ် အလယ် ကပဲဖြစ်ဖြစ် အဖျားကပဲဖြစ်ဖြစ် နမ်းသည့်နေရာတိုင်းမှ အနံ့တ မျိုး လောင်းစွက်ဖွယ်မရှိ၊ အလွန်ကောင်းမြတ်သော အနံ့ကိုရ သလို (မွှေးကြိုင်လာသလို) ဗုဒ္ဓမြတ်ဘုရား၏ တရားတော်ကို ကြားနာရသည့် အခါတိုင်း နှစ်သိမ့်မှု ဝမ်းသာမှုကို ရပါသည်။

အရှင်ပုဏ္ဏား-အနာနှိပ်စက်၍ ဆင်းရဲရောက်နေသော မကျန်း မာသူ ယောကျ်ားအား တတ်ကျွမ်းနားလည်သော ဆေးဆရာက တခဏချင်း အနာကို နှုတ်ပယ်လိုက်သလို ဂေါတမမြတ်ဘုရား ၏ တရားတော်ကို ကြားနာလိုက်ရသည့်အခါတိုင်း စိုးရိမ်ခြင်း ငိုကျွေးခြင်း ဆင်းရဲခြင်း နှလုံးမသာယာခြင်း ပြင်းစွာပင်ပမ်း ခြင်းတို့သည် ပျောက်ကွယ်ကုန်ပါတော့သည်။

**အေးမြတဲ့ရေကန်တွင်း သက်ဆင်းရသလို**

အရှင်ပုဏ္ဏား—ကြည်လင်ချိုမြိန်အေးမြပြီး ဖြူဖွေးသော အ ဆင်းလဲရှိ နှလုံးမွေ့လျော်ဘွယ် ရှုခင်းနှင့် ဆိပ်ကမ်းကောင်းလဲရှိ သော ရေကန်သို့ နွေရာသီမှာ နေပူမိ ခရီးပမ်း အစာရေစာ ဆာ လောင်လာတဲ့ ယောကျ်ားသည် ဆင်းပြီးလျှင် ရေကိုချိုးလိုက်ရ

လို့ပဲဖြစ်ဖြစ် သောက်လိုက်ရလို့ပဲဖြစ်ဖြစ် ပူအိုက် ဆာလောင်မှု တွေပျောက်၍ နှလုံးစိတ်ဝမ်း ငြိမ်းချမ်းသွားတော့သကဲ့သို့ ဗုဒ္ဓမြတ်ဘုရား၏ သုတ္တ, ဂေယျစသည့် တရား တ စိတ် တ ဒေ သ ကို ကြားနာလိုက်ရပါလျှင် ကြားနာလိုက်ရသည့် အခါတိုင်း မှု လောင်ပင်ပမ်း နွမ်းဟိုက်မှုတို့ တခါတည်း ငြိမ်းပျောက်ကုန်ပါတော့သည်’ဟု ပြောပြလေသည်။

**ကာရဏပါလိပုဏ္ဏားကြီး ရှိခိုးပြီ**

ကာရဏပါလိ ပုဏ္ဏားကြီးသည် အရှင်ပိင်္ဂိယာနိ၏ စကားအရပ်ရပ်တို့ကို ကြားလိုက်ရသည်နှင့် တပြိုင်နက် ဖရဏာပီတိ ဂွမ်းဆီထိသို့ တကိုယ်လုံး ယုံကြည်ကိုးစားမှု ကြည်အိလာ၍ နေရာမှထပြီးလျှင် အပေါ်ရုံ ဝတ်လွှာကို လက်ဝဲတဖက် ပခုံးထက်၌ စမ္ပယ်တင်လျက် လကျ်ာပုဆစ်ဒူးကို မြေ၌ထောက်ပြီးလျှင် ဗုဒ္ဓမြတ်ဘုရား သီတင်းသုံးရာ အရပ်ကိုမှန်းဆ၍ လက်အုပ်ချီကာ–

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

ပူဇော်အထူးကိုခံတော်မူထိုက်သော သစ္စာလေးပါး တရားအမှန်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်ကန်စွာ သိတော်မူသော ထိုဗုဒ္ဓမြတ်ဘုရားအား ကျနုပ် ရှိခိုးပါ၏’ဟု သုံးကြိမ်တိုင်တိုင် ဥဒါန်းကျူးရင့် ရှိခိုးလေသည်။

ထို့ကြောင့် နမောတဿသည် ကာရဏပါလိ ပုဏ္ဏားကြီး ဥဒါန်းကျူးရင့် ရှိခိုးသော ဘုရားရှိခိုးဟူ၍လဲ မှတ်ယူကြပါကုန်။

(အင်္ဂုတ္တရပဉ္စမ ပါ-၂၀၆၊ ဌ-၆ဂ)

**၆။ အာရမ္မဒဏ္ဍပုဏ္ဏား**

တခါတုန်းက အရှင်ကစ္စာနသည် ဝရဏမြို့ ဘဒ္ဒသာရီမြစ်ကမ်းနား၌ နေတော်မူ၏၊ ထိုစဉ်က အာ ရမ္မ ဒဏ္ဍ ပုဏ္ဏား သည်

အရှင်ကစ္စာနထံ ချဉ်းကပ်ပြီးလျှင် တသက်ပန် အောက်မေ့ထိုက်သော နှစ်သက်ဖွယ်ရာ စကားတို့ကို အရှင်ကစ္စာနနှင့်အတူ ပြောကြလေသည်။

အာရမ္မဒဏ္ဍပုဏ္ဏားက 'အရှင်ဘုရား၊ မင်းတွေကလဲ မင်းအချင်းချင်း ငြင်းကြခုန်ကြပါသည်၊ ပုဏ္ဏားတွေကလဲ ပုဏ္ဏားအချင်းချင်း ငြင်းကြခုန်ကြပါသည်၊ သူကြွယ်တွေကလဲ သူကြွယ်အချင်းချင်း ငြင်းကြခုန်ကြပါသည်၊ ဤသို့ ငြင်းကြခုန်ကြသည်မှာ အဘယ်အကြောင်းကြောင့်ပါနည်း' ဟု မေးလျှောက်လေသည်။

ပုထုဇဉ်လူသားတွေ ငြင်းကြခုန်ကြတာက

အရှင်ကစ္စာနက 'ပုဏ္ဏား- ပုထုဇဉ်လူသားတို့မှာ ကာမရာဂတွေ ရှိကြသည်၊ ယင်းကာမရာဂတွေက သက်ဝင်နေတာ နှောင်ဖွဲ့နေတာဖြစ်လို့ ကာမရာဂထဲမှာ ကျံနစ်နေသည့်အတွက် ကာမရာဂတို့က ဖမ်းစားထားတာ မျိုထားတာဖြစ်လို့ ဤသို့ ငြင်းခုန်ကြတာပဲ' ဟု ဖြေကြားလေသည်။

ရဟန်းအချင်းချင်း ငြင်းခုန်ကြတာက

'အရှင်ဘုရား-ရဟန်းအချင်းချင်း ငြင်းခုန်ကြတာကကော၊ အဘယ်အကြောင်းကြောင့်ပါလဲ' ဟု မေးပြန်သည်။

'ပုဏ္ဏား-အယူအဆ မှားယွင်းသော ဒိဋ္ဌိရာဂသည် သက်ဝင်နှောင်ဖွဲ့သည်ဖြစ်လို့ ဒိဋ္ဌိရာဂ၌ ကျံနစ်ကာ ဒိဋ္ဌိရာဂသည် ဖမ်းစားထားမျိုထားသောကြောင့် ရဟန်းအချင်းချင်းသည်လဲ ငြင်းကြခုန်ကြတာ ဖြစ်သည်' ဟု ဖြေကြားတော်မူလေသည်။

'အရှင်ဘုရား-ကာမရာဂ၌ သက်ဝင်ခြင်း နှောင်ဖွဲ့ခြင်း ကာမရာဂ၌ ကျံနစ်ခြင်း ကာမရာဂ ဖမ်းစားခြင်း မျိုထားခြင်းကို

လဲ လွန်မြောက်သူ ဒိဋ္ဌိရောဂ၏ သက်ဝင်ခြင်းနှောင်ဖွဲ့ခြင်း ဒိဋ္ဌိရောဂ၌ ကျံနစ်ခြင်း ဒိဋ္ဌိရောဂသည် ဖမ်းစားထား, မျိုထားခြင်းကိုလဲ လွန်မြောက်သူ တဦးတလေရှိပါသလားဘုရား ဟု အာရမ္မဒဏ္ဍက မေးမြန်းပြန်လေသည်။

ပုဏ္ဏား-ရှိသည်ဟု ဖြေသည်။

ဘယ်သူပါလဲဘုရားဟု မေးပြန်သည်။

'ပုဏ္ဏား-သာဝတ္ထိမြို့၌ သီတင်းသုံးတော်မူသော ပူဇော်အထူးကို ခံတော်မူထိုက်သော သစ္စာလေးပါး အလုံးစုံသောတရားအမှန်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်ကန်စွာ သိတော်မူသော ဗုဒ္ဓမြတ်ဘုရား ဖြစ်တော်မူသည်' ဟု အရှင်ကစ္စာနက ဖြေလိုက်သည်နှင့် တပြိုင်နက် အာရမ္မဒဏ္ဍပုဏ္ဏားသည် နေရာမှထပြီးလျှင် အပေါ်ရုံကို လက်ဝဲတဖက်ပခုံးထက်၌ စမ္ပယ်တင်၍ မြေ၌ ဒူးထောက်ပြီးလျှင် လက်အုပ်ချီကာ-

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ပူဇော်အထူးကို ခံတော်မူထိုက်သော သစ္စာလေးပါး တရားအမှန်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်ကန်စွာ' သိတော်မူသော ထိုဗုဒ္ဓမြတ်ဘုရားအား ကျန်ုပ်ရှိခိုးပါ၏ဟု သုံးကြိမ်တိုင်တိုင် ဥဒါန်းကျူးရင့် ရှိခိုးလေသည်။

ထို့ကြောင့် နမော တဿသည် အာရမ္မဒဏ္ဍပုဏ္ဏားကြီး ရှိခိုးသော ဘုရားရှိခိုးဟူ၍လဲ မှတ်ယူကြပါကုန်။

(အင်္ဂုတ္တရဒုကနိပါတ် ပါ-၆၇)

၇။ ဓနဥ္စာနီ သောတာပန်မကြီး

ရာဇဂြိုဟ်မြို့မှာ ရတနာသုံးပါးကို အလွန်ကြည်ညို သော ဓနဥ္စာနီသောတာပန်မကြီး တယောက်ရှိ၏၊ သူ၏ ခင်ပွန်း က

ဘာရဒွါဇပုဏ္ဏားမျိုး၌ ထင်ရှားသောသူ ဖြစ်၏၊ အများက ဘာရဒွါဇကြီးဟု ခေါ်ကြ၏၊ ပုဏ္ဏားကြီးသည် ဗြာဟ္မဏအယူကို ယူသူဖြစ်၍ တနေ့သော် သူ၏ဆရာ ဗြာဟ္မဏငါးရာတို့အား ရေမရောသော နို့ဃနာဆွမ်းကို ကျွေးမွေးဘို့ရာ စီစဉ်လေသည်။

ဘာရဒွါဇကြီးက သူ၏ဇနီး ဓနဉ္စာနီကို 'ငါ့ဆရာတို့အား ဆွမ်းကျွေးနေစဉ် သင်၏ ဦးပြည်း ရဟန်းတို့၏ဂုဏ်တို့ကို မကျူးရင့်ပါလင့်'ဟု မှာထားသည်။

ဓနဉ္စာနီ သောတာပန်မကြီးသည် ရတနာသုံးပါးကို အသဲစွဲကြည်ညိုသော အမျိုးသမီးကြီးဖြစ်၍ သူ၏နှုတ်က 'နမော တဿ'ကို အမြဲရွတ်လေ့ရှိ၏၊ ခလုတ်တိုက်မိလျှင်လဲ 'နမော တဿ' လက်က တခုခုလွတ်ကျလျှင်လဲ'နမော တဿ' ထိတ်စရာ လန့်စရာရှိ၍ ထိတ်လန့်လျှင်လဲ 'နမော တဿ'ကို နှုတ်က မြည်တမ်းလေ့ရှိပါသည်။

ခလုတ်တိုက်လို့

ပုဏ္ဏားကြီး၏ ဆရာဗြာဟ္မဏ ငါးရာတို့ အိမ်ကိုရောက်လာကြ၍ နို့ဃနာဆွမ်းကို စားနေစဉ် ဓနဉ္စာနီသောတာပန်မကြီးသည် ဘောဇဉ်ခွက်ကို ယူအလာ ခလုတ်တိုက်မိ၍ ဘောဇဉ်ခွက် လွတ်ကျသောအခါ 'နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'ဟု ရွတ်လိုက်မိလေသည်။

ဗြာဟ္မဏ ငါးရာတို့ ရှူးရှူးရှဲရှဲဖြစ်ကာ စိတ်ဆိုးပြီးလျှင် ထသွားကုန်ကြလေသတဲ့၊ ပုဏ္ဏားကြီးလဲ အရမ်းစိတ်ဆိုး သွားလေသည်။ (ဘာရဒွါဇကိုးကွယ်သော ဗြာဟ္မဏတို့မှာ သာသနာပက ပုဏ္ဏားများဖြစ်ပါသည်)

ထို့ကြောင့် နမော တဿသည် နေဥ္စာနီပုဏ္ဏေးမကြီး ရောင်ရမ်းမြည်တမ်းသောအခါ ရွတ်ဆိုလေ့ရှိသော ဘုရားရှိခိုး ဖြစ်ကြောင်းလဲ မှတ်ယူကြပါကုန်။

အကျယ်ကို (သဂါထာဝဂ္ဂ ပါ-၁၆၂)ကိုကြည့်ပါ။

ဂ။ ဗုဒ္ဓခမည်းတော် မဟိန္ဒမင်းကြီး

ဤကမ္ဘာမှ ပြန်၍ရေတွက်လျှင်ကိုးဆယ့်နှစ်ကမ္ဘာထက်က တိဿ မြတ်ဘုရား ဖုဿမြတ်ဘုရားဟူ၍ ဘုရားနှစ်ဆူ ပွင့်တော်မူခဲ့၏၊ ဖုဿမြတ်ဘုရား၏ ခမည်းတော်သည် မဟိန္ဒမင်းကြီးဖြစ်လေသည်။

ဖုဿမြတ်ဘုရား ပွင့်တော်မူစဉ်အခါက မဟိန္ဒမင်းကြီး၏ ညီတော်မှ ဖွားမြင်သောသားသည် အဂ္ဂသာဝကဖြစ်၏၊ မဟိန္ဒမင်းကြီး၏ ပရောဟိတ်မှ ဖွားမြင်သောသားသည် ဒုတိယအဂ္ဂသာဝကဖြစ်၏။

မဟိန္ဒမင်းကြီးသည် ဗုဒ္ဓမြတ်ဘုရားထံ သွားရောက်၍ ကြည်ညိုနေစဉ် 'ငါ့သားက ဗုဒ္ဓ၊ ငါ့ညီသားက မဟာသာဝက၊ ငါ့ပရောဟိတ်သားက ဒုတိယအဂ္ဂသာဝက' ဟု ဘုရားနှင့် အဂ္ဂသာဝက နှစ်ပါးတို့ကို ကြည့်ပြီးလျှင် ငါ့ဘုရား, ငါ့တရား, ငါ့သံဃာဟူ၍ ဖရဏာပီတိ ကြည်အိချမ်းမြေ့နေစဉ် အပေါ်ရုံဝတ်လွှာကို လက်ဝဲတဖက် ပခုံးထက်၌ စမွယ်တင်၍ လက်အုပ်ချီကာ—

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ပူဇော်အထူးကို ခံတော်မူထိုက်သော သစ္စာလေးပါး တရားအမှန်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်ကန်စွာသိတော်မူသော ထိုဗုဒ္ဓမြတ်ဘုရားအား ကျွန်ုပ်ရှိခိုးပါ၏' ဟု သုံးကြိမ်ဆိုင်တိုင် ဥဒါန်းကျူးရင့် ရှိခိုးလေသည်။

ထို့ကြောင့် နမော တဿ သည် ကိုးဆယ့်နှစ်ကမ္ဘာထက်က မဟိန္ဒမင်းကြီး ရှိခိုးသော ဘုရားရှိခိုးဟူ၍လဲ မှတ်ယူကြပါကုန်။

(ဓမ္မပဒအဋ္ဌကထာ ၁-၆၄)

၉။ သင်္ဂါရဝ၏ မရီးတော်

တခါက ဗုဒ္ဓမြတ်ဘုရားသည် နောက်ပါ ရဟန်းတော်ငါးရာနှင့်အတူ လှည့်လည်ကြွလာရာ သင်္ဂါရဝတို့တသိုက်နှင့် လမ်းခုလတ်၌ ဆုံမိကြသတဲ့၊ ဗုဒ္ဓမြတ်ဘုရားကို အလွန်ကြည်ညိုလှသော သင်္ဂါရဝ၏ မရီးတော် ပုဏ္ဏေးမကြီးသည် ဗုဒ္ဓမြတ်ဘုရားကို မြင်လိုက်သည်နှင့်တပြိုင်နက် ပခုံး၌တင်ထားသော ခြုံထည်ကလေးကို လက်ဝဲတဖက် ပခုံးထက်၌ ကဗျာကရာတင်ပြီး မြေမှာ ဒူးတုပ်လို့ လက်အုပ်ချီကာ—

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ဟု သုံးကြိမ်တိုင်တိုင် ရွတ်ဆိုရှိခိုးလိုက်လေသည်၊ သင်္ဂါရဝ ကမူ ဤသို့ရှိခိုးရပါမလားဟု အရမ်းစိတ်ဆိုးလေသည်။

(အကျယ်ရှု-မဇ္ဈိမပဏ္ဏာသ သင်္ဂါရဝသုတ် ပါ-၄၂၄၊ ဌ-၃၀၇)

# ထင်းခုတ်သမားသားဝတ္ထု

နမော ဗုဒ္ဓါယ

ရာဇဂြိုဟ်မြို့၌ သမ္မာဒိဋ္ဌိကနှင့် မိစ္ဆာဒိဋ္ဌိကအမည်ရှိ သူငယ်ချင်းနှစ်ယောက်ရှိလေ၏၊ သူတို့သည်ကလေးငယ်တို့ဘာဝ ဂေါ်လီပစ်တန်း ကစားလေ့ရှိ၏၊ (သမ္မာဒိဋ္ဌိက-ဟူသည် မှန်ကန်သော အယူရှိသူ၏ အမည်ဖြစ်၍ 'မောင်သမ္မာ'ဟု ခေါ်ဝေါ်ကြပါစို့၊ မိစ္ဆာဒိဋ္ဌိက–ဟူသည်မှာ မှားယွင်းသော အယူရှိသူ၏ အမည်ဖြစ်၍ 'မောင်မိစ္ဆာ'ဟု ခေါ်ကြပါစို့)။

သူတို့နှစ်ဦးတွင် မောင်သမ္မာသည် ဂေါ်လီပစ်သောအခါ (သူ့ကိုးကွယ်သော)ဗုဒ္ဓ၏ ဂုဏ်တော်တို့ကို အမြဲသတိရ အောက်မေ့ ဆင်ခြင်ပြီးမှ 'နမော ဗုဒ္ဓါယ–ဗုဒ္ဓမြတ်ဘုရားအား ရှိခိုးပါ၏' ဟု ဆို၍ ဆို၍ ဂေါ်လီပစ်လေ့ရှိ၏၊ မောင်မိစ္ဆာလဲ (သူကိုးကွယ်သော) တိတ္ထိတို့၏ ဂုဏ်တို့ကို ရည်မှတ်ပြီးမှ 'နမော အရဟန္တာနံ-အရဟန္တာတို့အား ရှိခိုးပါ၏'ဟု ဆို၍ဆို၍ ဂေါ်လီပစ်လေ့ရှိ၏၊ ထိုသို့ ကစားကြတိုင်းပင် မောင်သမ္မာကသာ နိုင်လေ့ရှိပါ၏၊ မောင်မိစ္ဆာမှာ ရှုံးလို့သာ နေလေသည်။

သို့ဖြစ်၍ မောင်မိစ္ဆာသည် ငါလဲပဲ သူ့လိုလုပ်မည်ဟု ဗုဒ္ဓဂုဏ်တော်တို့ကို အမြဲသတိရအောက်မေ့လေ့ကျင့်ထားလေ၏၊ တနေ့သ၌ သူ၏ဖခင်သည် လှည်းဖြင့် ထင်းခုတ်ထွက်ရန် မောင်မိစ္ဆာကို ခေါ်သွား၏၊ တောမှ ထင်းတို့ကို လှည်းဖြင့်တင်၍ ပြန်အလာ မြို့တွင်း ဝင်ရန် စောသေးသဖြင့် မြို့၏သုသာန်အနီး၌ လှည်းမှ နွားတို့ကို ဖြုတ်ပြီးလျှင် အစာရေစာပေါ်ရာ၌ လွှတ်ထား၏၊ နေစောင်း၍ နွားသွင်းချိန် ရောက်သောအခါ သူတပါး နွားတို့မြို့တွင်းသို့အဝင်မှာ ထင်းခုတ်သမားကြီး၏ နွားတို့လဲ့ ရောနှော၍

မြို့တွင်းသို့ လိုက်ပါသွားကုန်၏၊ထင်းခုတ်သမားကြီးသည် သူငယ်အား လှည်း၌ထားခဲ့ပြီး နွားတို့ကို ဖမ်းရန် မြို့တွင်းသို့ လိုက်သွား၏၊ နွားတို့ကိုဖမ်း၍ မြို့ပြင်သို့ ထွက်ရန်အလာ မြို့တံခါး ပိတ်သွားတော့သည်။

ထိုစဉ်က မြို့ပြင် ထင်းလှည်း၌ကျန်ခဲ့သော မောင်မိစ္ဆာသည် မိုးချုပ်လေသော် ထင်းလှည်းအောက်၌ ဝင်၍ အိပ်လေတော့၏၊ ဘီလူးနှစ်ကောင်သည် ထင်းလှည်းအနားသို့ရောက်၏၊ဆူးညှောင့်ခလုတ်ပမာ ကြမ်းတမ်းသောမိစ္ဆာဘီလူးက အိပ်နေသောသူငယ်ကိုမြင်၍ 'ဒါလေးက ဒို့အစာပဲဟေ့၊ သူ့ကိုစားကြစို့' ဟု ပြောလိုက်၏၊ အဖော်ဖြစ်သော သမ္မာဘီလူးက 'မတော်ပါဘူးကွာ၊ မစားပါနဲ့' ဟု တား၏၊ မိစ္ဆာဘီလူးသည် နားမထောင်ပဲ သူငယ်၏ ခြေထောက်တို့ကို ဆွဲလိုက်၏၊ သူငယ်ကလေးသည် ဗုဒ္ဓဂုဏ်တော်တို့ကို အမြဲသတိရအောင် အလေ့အကျင့်လုပ်ထားပြီးဖြစ်၍ တခဏခြင်းပင် 'နမော ဗုဒ္ဓဿ—ဗုဒ္ဓမြတ်ဘုရားအား ရှိခိုးပါ၏' ဟု အော်လိုက်၏၊ မိစ္ဆာဘီလူးသည် (ဓါတ်လိုက်သကဲ့သို့ဖြစ်ပြီးလျှင်) ကြောက်ရွံ့ကာ သူငယ်၏ခြေတို့ကို လွှတ်လိုက် လေတော့သည်။

သမ္မာဒိဋ္ဌိဘီလူးက 'ငါတို့တော့ မလုပ်ကောင်းတာကို လုပ်မိပြီ၊ ဒီသူငယ်အကျိုးငှာ ငါတို့ဒဏ်ထားကြရတော့မယ်' ဟု ပြောပြီးလျှင် တညတာမျှ ဒီသူငယ်အား ငါတို့စောင့်ရှောက်ကြကုန်စို့' ဟု ပြောပြလေသည်။

ညစာ မစားရသေးသော သူငယ်အတွက် မိစ္ဆာဘီလူးက မြို့တွင်းသို့ဝင်၍ စားသောက်ဖွယ်ရာပါသော ဘုရင့်စားတော် ရွှေခွက်ကိုယူခဲ့ပြီးလျှင်ဘီလူးနှစ်ကောင်သည် မိဘအသွင်ဖြင့် သူငယ်

အား မွေးကျွေး စောင့်ရှောက် ကြရလေ၏၊ ရွှေခွက်၌လဲ ဖြစ်ကြောင်းကုန်စင်တို့ကို ရေးသား၍ 'ဤစာတမ်းကို ဘုရင်မင်းမြတ်သည်သာလျှင် မြင်ပါစေ၊ အခြား သူတဦးတယောက်မျှ မမြင်ပါစေသား'ဟု အဓိဋ္ဌာန်ပြီးလျှင် ထင်းလှည်းပေါ်၌ ထားခဲ့လေသည်။

နံနက်မိုးသောက် အလင်းရောက်သောအခါ ဘုရင့်နန်းတော်၌ ဘုရင့်စားတော်ရွှေခွက် ပျောက်၍ မြို့တံခါးကို ပိတ်ပြီးလျှင် တမြို့လုံးကို ရှာဖွေ၏၊ မတွေ့ရချေ၊ မြို့ပြင်ထွက်၍ ရှာ၏၊ ထင်းလှည်းပေါ်၌ စားတော်ခွက်ကိုတွေ့ရ၏၊ သူငယ်အား သူခိုးဟု စွပ်စွဲပြီးလျှင် သူငယ်နှင့်ရွှေခွက်ကို ဘုရင်မင်းမြတ်ထံ အပ်လေတော့သည်။

ဘုရင်သည် ရွှေခွက်၌ ပါသောစာကို ဖတ်ရသဖြင့် အကြောင်းစုံသိလေ၏၊ သူငယ်အားမေး၏၊ သူငယ်သည်'ညကသူ အိပ်ပျော်နေစဉ် သူ၏မိဘများ လာရောက်၍ သူ့အား အစာကျွေးကာ အိပ်ပျော်အောင် သိပ်သောကြောင့် ဘေးရန်မရှိပဲ အိပ်ပျော်သွားသည်ကိုသာသိပါကြောင်း' သံတော်ဦး တင်လေ၏၊ ထိုအခိုက်မှာပင် သူငယ်၏ မိဘများ ရောက်လာကြ၍ ဘုရင်မင်းမြတ်သည် သူငယ်နှင့်မိဘတို့ကို ခေါ်ခဲ့၍ ဗုဒ္ဓမြတ်ဘုရားထံ သွားရောက်ပြီးလျှင် ဖြစ်ကြောင်းကုန်စင် လျှောက် ထား လေသည်။

ဆက်လက်၍ ဘုရင်မင်းမြတ်က'ဗုဒ္ဓါနုဿတိ-ဗုဒ္ဓါဂုဏ်တော်ကို အမြဲသတိရ ရှုဆင်ခြင်ခြင်းသည်သာ (အန္တရာယ်ကို)အကာအကွယ် အစောင့်အရှောက်ဖြစ်ပါသလား၊ ဓမ္မာနုဿတိ-တရား၏ဂုဏ်တော်ကို အမြဲသတိရ ရှုဆင်ခြင်ခြင်း စသည်တို့ကကော

(အန္တရာယ်ကို) အကာအကွယ် အစောင့်အရှောက် ဖြစ်ပါရဲ့လား’ဟု ဗုဒ္ဓမြတ်ဘုရားအား မေးလျှောက်လေသည်။

ထိုအခါ ဗုဒ္ဓမြတ်ဘုရားက ဗုဒ္ဓါနုဿတိ တခုတည်းကသာ အန္တရာယ်ကို အကာအကွယ် အစောင့်အရှောက် ဖြစ်သည်မဟုတ်သေး၊ ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, ကာယဂတာသတိ, အဟိံသာယရတောမနော နှင့် ဘာဝနာယရတောမနော ဟူသော ခြောက်ပါးသောတရားဖြင့် စိတ်ကိုကောင်းစွာ ရှုမှတ်ပွားများစေအပ်သောသူအား အန္တရာယ်ကို အကာအကွယ် အစောင့်အရှောက်ဖြစ်ပါ၏၊ အခြားတပါးသော (လောကီ အစီအရင်) အစောင့်အရှောက် အ တား အ ဆီး တို့ ဖြင့် သော်၎င်း (လောကီ)မန္တ ဩသဓဆေးဝါးတို့ဖြင့်သော်၎င်း ပြုလုပ်စရာမလိုတော့’ဟု ဗုဒ္ဓ မိန့်ကြားတော်မူလေသည်။

ခြောက်ပါးသော တရားတို့ကို ပြတော်မူလိုသော ဗုဒ္ဓမြတ်ဘုရားသည် ဆက်လက်၍ အောက်ပါဂါထာ ခြောက်ပုဒ်တို့ကို ဟောကြားတော်မူလေသည်။

၁။ သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါဂေါတမ သာဝကာ
ယေသံ ဒိဝါစ ရတ္တောစ၊ နိစ္စံ ဗုဒ္ဓဂတာ သတိ။

ယေသံ-အကြင်ဂေါတမသာဝက ဖြစ်ကြကုန်သော ဗုဒ္ဓသာသနာ ဝင် တို့ အား၊ ဒိဝါစ-နေ့၌၎င်း၊ ရတ္တောစ-ညဉ့်၌၎င်း၊ နိစ္စံ-အမြဲ၊ ဗုဒ္ဓဂတာသတိ-ဣတိပိ သောဘဂဝါ, အရဟံ, အစရှိသော ဗုဒ္ဓဂုဏ်တော်တို့ကို အမြဲမပြတ် သတိရခြင်းဟူသော၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းသည်၊ အတ္ထိ-ရှိ၏၊ တေဂေါတမသာဝကာ-ထိုဗုဒ္ဓါနုဿတိ ရှိကြကုန်သော ဂေါတမသာဝက ဗုဒ္ဓသာသနာဝင်

တို့သည်၊ သဒါ-အခါခပ်သိမ်း၊သုပ္ပဗုဒ္ဓံ-ကောင်းစွာနိုးခြင်းဖြင့်၊ ပဗုဇ္ဈန္တိ-နိုးသည်မည်ကုန်၏။

၂။ သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ၊
ယေသံ ဒိဝါစ ရတ္တောစ၊ နိစ္စံ ဓမ္မဂတာ သတိ။

ယေသံ – အကြင်ဂေါတမသာဝက ဖြစ်ကြကုန်သော ဗုဒ္ဓ သာသနာဝင် သူတော်စင်တို့အား၊ ဒိဝါစ–နေ့၌၎င်း၊ရတ္တောစ– ညဉ့်၌၎င်း၊နိစ္စံ–အမြဲ၊ဓမ္မဂတာသတိ–သွာက္ခာတော,ဘဂဝတာ ဓမ္မော, စသော ဓမ္မဂုဏ်တော်တို့ကို အမြဲမပြတ်သတိရခြင်းဟူ သော ဓမ္မာနုဿတိကမ္မဋ္ဌာန်းသည်၊ အတ္ထိ–ရှိ၏၊ တေ ဂေါတမ သာဝကာ- ထိုဓမ္မာနုဿတိ ရှိကြကုန်သော ဂေါတမသာဝက ဗုဒ္ဓသာသနာဝင် သူတော်စင်တို့သည်၊ သဒါ- အခါခပ်သိမ်း၊ သုပ္ပဗုဒ္ဓံ–ကောင်းစွာနိုးခြင်းဖြင့်၊ ပဗုဇ္ဈန္တိ – နိုးသည်မည်ကုန်၏။

၃။ သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ၊
ယေသံ ဒိဝါစ ရတ္တောစ၊ နိစ္စံ သံဃဂတာ သတိ။

ယေသံ- အကြင်ဂေါတမသာဝကဖြစ်ကြကုန်သော ဗုဒ္ဓသာ သနာဝင် သူတော်စင်တို့အား၊ ဒိဝါစ-နေ့၌၎င်း၊ ရတ္တောစ–ညဉ့် ၌၎င်း၊ နိစ္စံ-အမြဲ၊ သံဃဂတာသတိ– သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော စသော သံဃဂုဏ်တော်တို့ကို အမြဲသတိရခြင်း ဟူသော သံဃာနုဿတိကမ္မဋ္ဌာန်းသည်၊ အတ္ထိ-ရှိ၏၊ တေ ဂေါ တမသာဝကာ-ထိုသံဃာနုဿတိ ရှိကြကုန်သော ဂေါတမသာ ဝက ဗုဒ္ဓသာသနာဝင် သူတော်စင်တို့သည်၊ သဒါ-အခါခပ် သိမ်း၊ သုပ္ပဗုဒ္ဓံ- ကောင်းစွာနိုးခြင်းဖြင့်၊ ပဗုဇ္ဈန္တိ –နိုးသည်မည် ကုန်၏။

၄။ သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ၊
ယေသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ ကာယဂတာသတိ။

ယေသံ-အကြင်ဂေါတမ သာဝကဖြစ်ကြကုန်သောဗုဒ္ဓသာသနာဝင် သူတော်စင်တို့အား၊ ဒိဝါစ- နေ့၌၎င်း၊ ရတ္တောစ- ညဉ့်၌၎င်း၊ နိစ္စံ-အမြဲ၊ ကာယဂတာသတိ- သုံးဆယ့်နှစ်ကောဋ္ဌာသ စသည်ကို မပြတ်သတိရခြင်းဟူသော ကာယဂတာသတိကမ္မဋ္ဌာန်းသည်၊ အတ္ထိ-ရှိ၏၊ တေဂေါတမသာဝကာ- ထိုကာယဂတာသတိ ရှိကြကုန်သော ဂေါတမသာဝက ဗုဒ္ဓသာသနာဝင် သူ တော်စင် တို့သည်၊ သဒါ- အခါခပ်သိမ်း၊ သုပ္ပဗုဒ္ဓံ-ကောင်းစွာနိုးခြင်းဖြင့်၊ ပဗုဇ္ဈန္တိ-နိုးသည်မည်ကုန်၏။

၅။ သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ၊
ယေသံ ဒိဝါ စ ရတ္တောစ၊ အဟိံသာယရတော
မနော။

ယေသံ-အကြင်ဂေါတမသာဝက ဖြစ်ကြကုန်သော ဗုဒ္ဓသာသနာဝင် သူတော်စင်တို့အား၊ ဒိဝါစ- နေ့၌၎င်း၊ ရတ္တောစ၊ ညဉ့်၌၎င်း၊ နိစ္စံ- မပြတ်၊ အဟိံသာယရတော- ကရုဏာ ဘာဝနာဖြင့် မွေ့လျော်သော၊ မနော- စိတ်သည်၊ အတ္ထိ- ရှိ၏၊ တေဂေါတမသာဝကာ ထိုကရုဏာ ဘာဝနာစိတ် ရှိကြကုန်သော ဂေါတမသာဝက ဗုဒ္ဓသာသနာဝင် သူတော်စင်တို့သည်၊ သဒါ- အခါခပ်သိမ်း၊ သုပ္ပဗုဒ္ဓံ-ကောင်းစွာနိုးခြင်းဖြင့်၊ ပဗုဇ္ဈန္တိ- နိုးသည်မည်ကုန်၏။

၆။ သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ၊
ယေသံ ဒိဝါ စ ရတ္တောစ၊ဘာဝနာယ ရတော မနော။

ယေသံ-အကြင် ဂေါတမသာဝက ဖြစ်ကြကုန်သော ဗုဒ္ဓ သာသနာဝင် သူတော်စင်တို့အား၊ ဒိဝါစ-နေ့၌၎င်း၊ ရတ္တောစ-ညဥ့်၌၎င်း၊ နိစ္စံ-မပြတ်၊ ဘာဝနာယရတော-(ကရုဏာဘာဝနာ မှတပါး) မေတ္တာဘာဝနာစသော ဘာဝနာ၌မွေ့လျော်သော၊ မနော-စိတ်သည်၊ အတ္ထိ-ရှိ၏။ တေဂေါတမသာဝကာ-ထိုမေတ္တာ ဘာဝနာစိတ် စသည်ရှိကြကုန်သော ဂေါတမသာဝက ဗုဒ္ဓသာ သနာဝင် သူတော်စဉ်တို့သည်၊ သဒါ-အခါခပ်သိမ်း၊ သုပ္ပဗုဒ္ဓံ- ကောင်းစွာနိုးခြင်းဖြင့်၊ ပဗုဇ္ဈန္တိ-နိုးသည်မည်ကုန်၏။

(ဓမ္မပဒအဋ္ဌကထာ ဒုတိယအုပ် နှာ-၂၈၄)

ဗုဒ္ဓသာသနာကို ကိုးကွယ်ကြသော ဂေါတမနွယ်ဖွား ဗုဒ္ဓ သာသနာဝင်တို့သည် ဗုဒ္ဓ မြတ် ဘုရား၏ ဂုဏ် တော် စသော ခြောက်မျိုးသော အထက်ဖော်ပြပါ တရားတို့တွင် တမျိုးမျိုးကို တနေ့လုံးပဲဖြစ်ဖြစ်၊ သို့မဟုတ် တနေ့၏သုံးပုံပုံ နှစ်ပုံကိုပဲဖြစ်ဖြစ်၊ တပုံကိုပဲဖြစ်ဖြစ် သို့မဟုတ် အိပ်ရာဝင် အချိန်ရသလောက်ပဲ ဖြစ် ဖြစ် မပြတ်သတိဖြစ်စေကာ ရှုမှတ်ပွားများပါက ထို သူ အား အန္တရာယ်ကို ကာကွယ်စောင့်ရှောက်မှု ရှိပြီးဖြစ်သည်ဟု ဆိုလိုပါ သည်။ ယုတ်စွအဆုံး အထက်ဖော်ပြပါ ထင်းခုတ်သမားကဲ့သို့ ဗုဒ္ဓဂုဏ်တော်တို့ကို အလေ့အကျင့်ရအောင် ပွား များ ရှုမှတ်မှု သတိရှိထားပြီးဖြစ်ပါက အန္တရာယ် အကာအကွယ် အစောင့်အ ရှောက်ရပြီးဖြစ်ပါသည်။ ဗုဒ္ဓမြတ်ဘုရား၏ အရဟံအစရှိသော ဂုဏ်တော်တခုခုကို ပွားများရှုမှတ်မှု သတိရှိထားပြီးဖြစ်ပါစေ၊ လောကီအစီအရင် ဆေးဝါးမန္တ ဩသဓတွေ မလိုတော့ဟု ဓမ္မ ပဒ အဋ္ဌကထာ ဒု(နှာ—၂၈၆)၌ ဖွင့်ပြထားပါသည်။

ယုတ်စွအဆုံး 'နမော ဗုဒ္ဓဿ' မျှလောက်ကိုပဲ အချိန်ရသ၍ရှု

ရွတ်ဆိုပါ၊ သို့မဟုတ် ‘နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ’ကိုပဲ အချိန်ရသလောက် ရွတ်ဆိုပါ၊ အန္တရာယ်တို့ကို အကာအကွယ် ရသည်သာမက ကောင်းကျိုးချမ်းသာကိုပါရနိုင် ပါသည်။ (နမောနှင့်တဿကို ဆက်မဆိုရ ခွဲ၍ဆိုပါ)

---

ဇိနာလင်္ကာရကျမ်းလာ ‘နမောတဿ’

နမော တဿ ယတော မဟိမတော ယဿ တမောန၊

အထက်ဖော်ပြပါ ‘နမောတဿ’သည် ၁၃၁၂-ခုနှစ်က တိပိဋက ကရေ ရွေးချယ်ပွဲကြီး၌ ဝိနယပိဋကတ်ကို အာဂုံ ရေးဖြေတော်မူရန် ကြွရောက်လာတော်မူသော မင်းကွန်း ဓမ္မနာဒဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသက ကျွန်ုပ်တို့အား ချီးမြှင့်တော်မူသော ‘နမောတဿ’ဘုရားရှိခိုးဖြစ်ပါ၏၊ ကျွန်ုပ်တို့သည် ယင်း‘နမောတ ဿ’ကို ငယ်ရွယ်စဉ်က ကျမ်းတစောင်၌ တွေ့ဘူးဖတ်ဘူးသော်လဲ နှုတ်တက်ရအောင်လဲ မဆောင်ခဲ့ပါ၊ ရွတ်ဆို၍ ဘုရားရှိခိုးရန်လဲ စိတ်မစင်စားခဲ့ပါ၊ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ ချီးမြှင့်မှု ပင် တန်ဘိုးကိုသိ၍ အရဆောင်ပြီးလျှင် သတိရတိုင်း ရွတ်ဆို၍ ဘုရားရှိခိုးခဲ့ပါသည်။

ယင်း ‘နမောတဿ’သည် စာလုံးရေ(၁၅)လုံးရှိသော ပဋိလောမယမကဂါထာဖြစ်ကြောင်း ဇိနာလင်္ကာရဋီကာဆရာ အရှင်ဗုဒ္ဓရက္ခိတမထေရ်က စာမျက်နှာ-၂၀၉ ၌ ဖွင့်ထားခဲ့ပါ၏၊ ယင်းပဋိလောမ ယမကဂါထာကို အသေအချာကြည့်ပါလျှင်‘ဟိ’ အက္ခရာသည် အလည်တည့်တည့်၌ တည်ရှိပါ၏၊ ယင်း ‘ဟိ’အက္ခ ရာ၏ ဝဲယာတို့၌ ရှိသောအက္ခရာတို့သည် အနုလောမ အစဉ်အ တိုင်းပင် ဖတ်ဖတ်၊ ပဋိလောမ နောက်ပြန်ပင်ဖတ်ဖတ် ‘န-မော-

တ-သ-ယ-တော-မ-ဟိ-မတော-ယ-သံ-တ-မော-န' ဟူ၍ပင် တွေ့ရပါမည်၊ ထို့ကြောင့်ပင် ပဋိလောမ ယ မ က ဂါထာဟူ၍ ခေါ်ဝေါ်ခြင်းဖြစ်ကြောင်း သိနိုင်ပါသည်၊ တွေ့ရခဲ့သော ဝိသေသ ပါဠိဂါထာပါတည်း။

**ဂါထာအနက်-**

ယတောမဟိမတော-အကြင် ပါရမီဆယ်ပါး စွန့်ခြင်းကြီး ငါးပါး စရိယသုံးပါးတို့ကို ဖြည့်ကျင့်တော်မူခဲ့သော တံခိုးသိဒ္ဓိ**အ**စွမ်းကြောင့်၊ ဝါ-ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါးတို့ကို သိမြင်တော်မူသော တံခိုးသိဒ္ဓိအစွမ်းကြောင့်၊ ဝါ-မာရ်ငါးပါးကို အောင်မြင်တော်မူသော တံခိုးသိဒ္ဓိအစွမ်းကြောင့်၊ ယသာဗုဒ္ဓသာ-အကြင်ဗုဒ္ဓမြတ်ဘုရားအား၊ တမော၊ ကိလေသာတည်းဟူသော အမိုက်မှောင်သည်၊ န-ရှိတော်မမူ၊ တသာဗုဒ္ဓသာ-ကိလေသာအမိုက်မှောင်ကင်းတော်မူသော ထိုသိဒ္ဓိတံခိုးရှင် ဗုဒ္ဓမြတ်ဘုရားအား၊ မေ-အကျွန်ုပ်၏၊ နမော-ရှိခိုးခြင်းသည်၊ အတ္ထု-ဖြစ်ပါစေသတည်း။

ဤ နမောတသာ ယမကဂါထာကို နေ့စဉ်ရွတ်ပါ၊ ဘုရားရှိခိုးပါ၊ ကြံတိုင်းအောင်မြင်၍ ဆောင်ရွက်တိုင်း ကိစ္စပြီးပါသည်၊ အန္တရာယ်ကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပြီးလျှင် လိုရာဆန္ဒ ပြည့်ဝနိုင်ပါသည်။

---

## ဆီးပန်းနီ ဥဒါန်းသုံးဂါထာ။

(မြန်မာသက္ကရာဇ် ၁၂၄၅-ခုနှစ် နှောင်းတန်ခူးလဆန်း ၁၃ ရက် အင်္ဂါနေ့က နေ့ ၂-ချက်တီးကျော်မှစ၍ ည ၄-ချက်တီးတိုင်အောင် မန္တလေးမြို့တောင်ပြင် မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်

၏ ဂ န္ဓကုဋိတိုက်တော် ထက်ဝန်းကျင်၌ ရေမီးအစုံစုံစသော တန်ခိုးပြာဋိဟာပြသည်တို့ကို ဖူးမြင်ကြရကြည်ညိုကြရသော ရဟန်းရှင်လူများစွာတို့တွင် တပါးအပါအဝင် ဖူးမြင်ကြည်ညိုတော်မူရသော မန္တလေးမြို့ ဆီးပန်းနီကျောင်းတိုက်၏အရှင် အာရာမိဿရပိဋကတ္တယဝိဒူ ကျမ်းအဆူဆူတို့ကို ရေးသားတော်မူခဲ့သော ဆီးပန်းနီဆရာတော်ဘုရားကြီးသည် ပီတိပါမောဇ္ဇလျှမ်းကြွဖိတ်ဖိဘ် နှလုံးသားမှ တရိပ်ရိပ် ပေါ်ထွက်လာသော မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအားရှိခိုးဥဒါန်းကျူးသည့်ဂါထာတော်သုံးပုဒ်)

၁။ နေဝါယံ ဘာရဂုံ မုဟုံ၊ ပဇ္ဇုန္နေ မေဃဝိဇ္ဇုဝ၊
စန္ဒာပိ သူရိယော ယာဘာ၊ သမန္တာ စ ဒိသာ အဃာ။

အယံအာဘာ—ဤအရောင်တို့သည်၊ ပဇ္ဇုန္နေ-ပဇ္ဇုန်သမယပိုးကာလ၌၊မေဃဝိဇ္ဇုဝ-မိုးတိမ်မှပြက်သောလျှပ်စစ်ရောင်ကဲ့သို့၊ သမန္တာဒိသာစ-ထက်ဝန်းကျင် အရပ်မျက်နှာမှုရှင်း၊ အဃာစ-ကောင်းကင်မှုရှင်း၊ မုဟုံ—အဖန်ဖန်တလဲလဲ၊ အာဘာ–အာဘာတိ—လွန်စွာတောက်ပပါပေ၏၊ ဘာရဂုံ-သောက်ရှူးကြယ်ကဲ့သို့ရှင်း၊ စန္ဒာပိသူရိယောအာဘာ-နေရောင်လရောင်ကဲ့သို့ရှင်း၊ နေဝဟောတိ-မဟုတ်ပါ။

၂။ ဘူကာသံ ဟူတာသံ ဣဝ၊ အာဒိဗ္ဗတိ ပုနပ္ပုနံ၊
အစေတနံ စ စေတနံ၊ ဝသုန္ဓရံဝ ကုဋ္ဌရံ။

ဘူကာသံ—မြေတောင် ကောင်းကင် အလုံးသည်၊ ဟူတာသံဣဝ-ပူဇော်အပ်သော ရွှေမီးပန်းကဲ့သို့၊ ပုနပ္ပုနံ-အဖန်တလဲလဲ၊ အာဒိဗ္ဗတိ—လွန်စွာတောက်ပ၏၊ (ရောင်ခြည်တော်ဖွဲ့)အစေတနံ စိတ်စေတနာမရှိသော၊ ဝသုန္ဓရံ—မြေအပြင်ကို၊ စေတနံ—စိတ်

စေတနာရှိသော၊ကုဥ္စရံဝ–မြေပြင်ရန်အောင် ဆဒ္ဒန်ပြောင်ကဲ့သို့၊ နဒါပေတိ–ကြည်းဟည်း(မြည်ဟည်း)စေ၏၊(တော်လည်းသံဖွဲ့) (တော်လည်းစေ၏)။

၃။ နိစ္စလံ စာလာပူဇတိ၊ မိတေယောစ န နောကာသာ၊
ကျန္တာ နန္တာ ဗုဒ္ဓဂုဏာ၊ အဟစ္ဆရာ မဟာမုနိ။

နိစ္စလံ-အမြဲတည်သော မြေကြီးမြင့်မိုရ် ယုဂန္ဓိုရ်စသည်ကို၊ စာလံ-စာလန္တော–တုန်လှုပ်စေလျက်၊ အာဘူဇတိ–အာဘူဇာပေတိ–ချာချာလည်စေ၏၊ မိတေယောစ-မိတည်းဘုရားသခင်သည်လည်း၊ န၊ ဖန်ဆင်းတော်မူသည်မဟုတ်၊ အနောကာသာ-မိတည်း (မိတေယျဘုရား) မာရ်နှိမ် ပွင့်ချိန် (ကလည်း) မတိုင်သေး။ (မြေကြီးတုန်လှုပ်ဖွဲ့)။ ပေ–အိုသူတော်ကောင်းတို့၊ ဗုဒ္ဓဂုဏာ-ဘုရားကျေးဇူးတော်တို့သည်၊ ကျန္တာ–ကိံအန္တာ–အဆုံးရှိကုန်သလော၊ အနန္တာ –အဆုံးမရှိကုန်၊ မဟာမုနိ-မြတ်သောမုနိဖြစ်တော်မူသော ရှပ်ရှင်-တော်ဘုရား၊ တေပျာဘာဒိ–တေပိအာဘာဒယော–ထိုရောင်ခြည်တော် တောက်ပခြင်း, မြေကြီးဟည်းတော်လဲခြင်း, မြေတုန်လှုပ်ခြင်း, အစရှိသည်တို့သည်လဲ၊ အဟစ္ဆရာ-အဟောစ္ဆရာ-သြော် အံ့သြဘွယ်ရှိပေစွ၊အစိန္တိယာ-မကြံနိုင်ကုန်ပါဘုရား၊ အဟံ၊ အကျွန်ုပ်သည်၊ သုခတ္တာယ–ချမ်းသာသုံးဖြာ ရပါစေခြင်းအကျိုးငှာ၊ ဝန္ဒာမိ–ရှိသေမြတ်နိုး ရှိခိုးပါ၏၊ ဥပါဂမိ-နွေညဥ့်မပြတ် ဆည်းကပ်ပါ၏ (ဘုရား)။

ဆီးပန်းနီဥဒါန်း သုံးဂါထာပါဌ်အနက်ပြီး၏။

(ကဝိမဏ္ဍနမေဓနီကျမ်း ပ-၄ဂ၊ ၄၉-မှ)

## နမော ဗုဒ္ဓါယ သိဒ္ဓံ

ကျွန်ုပ်တို့ငယ်ရွယ်စဉ်က သင်ခဲ့ရသော သင်ပုံးကြီး စာအုပ်၏ အစ၌ 'နမောတဿ'ပြီးလျှင် 'နမော ဗုဒ္ဓါယ သိဒ္ဓံ'ကို တွေ့ရကြောင်း ကျမ်းအစ၌ ဖော်ပြခဲ့ပါပြီ။

ဤ 'နမော ဗုဒ္ဓါယ သိဒ္ဓံ' ဟူသော ပါဠိ၌ 'ဗုဒ္ဓါယ'ဟု ဣတ္ထိလိင်ဖြင့်မရှိသင့်၊ 'ဗုဒ္ဓဿ'ဟု ပုလ္လိင်ဖြင့်သာ ရှိသင့်ကြောင်း ပုဂံအင်းဝခေတ်က အငြင်းအခုန်ဖြစ်ခဲ့ဘူးသည်ဟု တဆင့်စကားပြောကြားလေ့ရှိပါသည်။

တချို့ပညာရှိတို့က ယင်း'နမော ဗုဒ္ဓါယ သိဒ္ဓံ'ကို လိင်မမှန်ဟု ဆိုကာ အသုံးပင်မပြုကြချေ။ သို့ပါသော်လဲ စာပေအချို့တို့၌ ကျမ်းစာ၏ အစမှာပင် ထည့်၍ ယခုခေတ် တိုင်အောင် သုံးစွဲလေ့ရှိသည်ကို တွေ့ရပါ၏။ အချို့ စာရေးဆရာတို့ကလဲ မိမိတို့ရေးသော စာ၏ အစ၌ ပဏာမ အနေအားဖြင့် ယင်းကို ရေးထည့်လေ့ရှိသည်ကို တွေ့ရပါသည်။

ကျွန်ုပ်တို့သည် "မဟာစည်သြကာသအဖွင့်"ကို ရေးစဉ်က 'သြကာသအစ ဘယ်ခေတ်က' ဟူသည်ကို သိရန် ပညာရှိတို့ထံ ချဉ်းကပ်ခဲ့ရာတွင် ရန်ကုန်မြို့ ကြားတောရလမ်း ကျိုက်သိမ့်ပါဠိတက္ကသိုလ်ဆရာတော်ကြီး ဦးကုသလနှင့် ၎င်းကျောင်းတိုက်သာသနဓဇသိရိပဝရ ဓမ္မာစရိယ ဆရာတော် ဦးတိဿတို့ထံကို လည်း ရောက်ခဲ့ပါသည်။

ထိုစဉ်က 'သြကာသ' အပြင် 'နမော ဗုဒ္ဓါယ သိဒ္ဓံ' အကြောင်းရင်းကိုပါ မွန်သရာတော်ဘုရားကြီး နှစ်ပါးက အမိန့်ရှိလိုက်သည်ကို မမေ့ပါ၊ အခွင့်သာ၍ အကြောင်းဆိုက်လာပါလျှင် ထုတ်ဖော်ရန် စိတ်စောလျက် ရှိပါသည်။

ဤသိကြား ဥဒါန်းစာအုပ် ရေးသောအခါ၌‘နမောတဿ’ နှင့် အလှမ်းမဝေးသော ‘နမော ဗုဒ္ဓါယ သိဒ္ဓံ’ကိုလည်း ဖော်ပြရန် အကြောင်းဆိုက်လာပြီ ဖြစ်သောကြောင့် မွန်ဆရာတော်ဘုရားကြီးတို့အထံ ပြန်လည် ချဉ်းကပ်၍ ဩဝါဒ ခံယူပြီးလျှင် အကျဉ်းမျှ ဖော်ပြလိုက်ပါသည်။

နှ-မူ-ဗု-ဓာ-ယ-သိ-ဓံ

နမော ဗုဒ္ဓါယ သိဒ္ဓံသည် မွန်တို့ ရွတ်ဆို ရှိခိုးသော ပဏာမ ‘နှ-မူ-ဗု-ဓာ-ယ-သိ-ဓံ’ပင်ဖြစ်ကြောင်း၊ ယင်း နှ-မူ-ဗု-ဓာ-ယ သိ-ဓံကို ‘နမောဗုဒ္ဓါယသိဒ္ဓံ’ဟု မြန်မာအက္ခရာ မြန်မာ အသံ ထွက်ဖြင့် ရေးကြ ဖတ်ကြခြင်းဖြစ်သည်’ဟု အမိန့်ရှိပါသည်။

စင်စစ်မှာ‘နှ-မူ-ဗု-ဓာ-ယ-သိ-ဓံ’သည်စက္ခုမာစရ မာစိဏ္ဏော ဂါထာ၌ အစပါဒတို့မှ စ,ဓ,ဗ,ဝ အက္ခရာတို့ကို ယူ၍ အတိုကောက် ရေးထား သကဲ့သို့ မွန်ဘာသာဖြင့် ရေးထားသော ပဏာမ ဘုရားရှိခိုးမှ အစ အက္ခရာတို့ကို ရေးထားခြင်း ဖြစ်ကြောင်း ယင်းအက္ခရာတို့၏ အကျယ် ဆိုလိုရင်းမှာ ရွှေတိဂုံဘုရားရှိခိုးဖြစ်ကြောင်း အမိန့်ရှိလိုက်ပါသည်။

မွန်ဘုရားရှိခိုး

၁–နှ သောစရိုတ်၊ စိုတ်ပကို့ယောင်၊
၂–မူ လအတိက်၊ ကောန်ဗွိက်ကွာင်။
၃–ဗု ဒ္ဓကေသာ၊ ညးစါကေတ်နှင်။
၄-ဓာ တုကျာ်တြဲ၊ ပွဲဒိုတြိယင်။

မြန်မာပြန်

၁-ကောင်းသောစိတ်စေတနာဖြင့်
၂-ရှေးအခါက သင်္ဘောကုန်သည်တို့သည်
၃-ဘုရားဆံတော်ဓာတ်များကို သူတို့ နှစ်ယောက် ယူလာသည်။
၄-တိဂုံပကုန်းမြေမှာ ဘုရားဆံတော်ဓာတ် တည်ထားသည်။

မွန်ဘုရားရှိခိုး

၅-ယဂ်အိန် ဒက်၊ စက်ဂေတ်ပ္ဒင်၊
၇-သိရသာကို့ပ်၊ ဖျေက္ဍိုပ်ဒှ်ဒှ်။
၆-ဓမ္မတာကျာ်၊ ပြာ်သတ်လောကီ။

မြန်မာပြန်

၅-ယင်း (ဆံတော်)ကို သိကြားမင်းက စက်ယန္တယားတပ်၍ လည်စေသည်။
၆-ဓမ္မတာအရ လောကီသားကိုကယ်တင်တော်မူသော၊
၇-မြတ်ဘုရားကို ဦးခေါင်းရတနာဖြင့် ရှိခိုးပါ၏။

အထက် ဖော်ပြပါ မွန်စကားရင်းနှင့် မြန်မာပြန်တို့ အရ-န-မူ-ဗု-ဓာ-ယ သိ-ခံ-ဟူသော အက္ခရာ (၇) လုံးသည် မွန်ဘာသာဖြင့် ရေးထားသော ရွှေတိဂုံ ဘုရားရှိခိုး အတိုကောက်ဖြစ်ကြောင်း သိရပါသည်။ ယင်းဘုရားရှိခိုးကို ရှေးရိုး အစဉ်အလာအရ အန္တရာယ်ပျောက်ခြင်း ဘေးကင်းခြင်း လုပ်သမျှအလုပ်အကိုင်တို့ ပြီးမြောက်ခြင်း အောင်မြင်ခြင်း ဟူသော အ

ကျိုးထူး တရားတို့ကို ရနိုင်သောကြောင့် မြန်မာပြည် အထက်ပိုင်း၌ သာသနာမရောက်မီကပင် မွန်လူမျိုးတို့ ရှိခိုးလေ့ရှိသော ဘုရားရှိခိုးဖြစ်ကြောင်း သိရပါသည်။

---

မောင်းထောင် ဥဒါန်းဂါထာများ

(သိရီပဝရ ဝိဇယာနန္တ ယသတြိ ဘဝနာ ဒိတျာဓိပတိ ပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇ တံဆိပ်ရှိတော်မူသော အမရပူရ မဟာရာဇဌာနီ ရွှေပြည်နန်းတည် ဆင်ဖြူများရှင် ဘိုးတော် ပဒုံမင်းတရားကြီး၏ ဆရာ ဉာဏာဘိဝံသ ဓမ္မသေနာပတိ မထေရ် သံဃာရာဇာ သာသနာပိုင် မောင်းထောင် ဆရာတော်ဘုရားကြီးသည် သာသနာတော် ၂၃၃၇-ခုနှစ် ကောဇာသက္ကရာဇ် ၁၁၅၅-ခု တန်ဆောင်မုန်းလဆန်း (၃) ရက် အင်္ဂါနေ့ ရဟန်း ရှင်လူ တထောင်ကျော် အခြံအရံနှင့်တကွ အမရပူရရွှေမြို့တော်မှ ရန်ကုန်မြို့ ရွှေတိဂုံ ဆံတော်ရှင် စေတီတော်သို့ ဘုရားဖူး ရောက်တော်မူသောအခါ ဗုဒ္ဓမြတ်ဘုရား၏ ဘုရား ဖြစ်ကြောင်း ကောင်းသော ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့ပုံ ဗောဓိပင်နှင့် ရွှေပလ္လင်ထက်၌ မာရ်ငါးပါးကို အောင်မြင်တော်မူ၍ သစ္စာလေးပါး တရားအလုံးစုံတို့ကို သိမြင်တော်မူကာ သဗ္ဗညုတ ဉာဏ်တော်ကို ရတော်မူပုံ စသည်တို့ကို ဆင်ချင်တော်မူစဉ် နှလုံးသားမှ ပျို့အံထွက်လာသော ရွှေတိဂုံဆံတော်ရှင် ရှိခိုးပူဇော် ဥဒါန်း ဝန္ဒနာ ၁၂-ဂါထာ ဖြစ်ပါသည်။)

၁။ ယော ဒ္ဒိပက်ရမူလမှိ၊ ပဒံ ဟတ္ထဂတံ စဇိ၊
သမ္ဗာ သမ္ဗောဓိ မာ ကခ်ံ၊ ဝန္ဒေ တဿ
သိရောရုဟံ။

ယောနာထော- အကြင်မြတ်စွာဘုရားသည်၊ ဒီပင်္ကရမူလမှ- ဒီပင်္ကရာဘုရားရှင် ခြေတော်ရင်း၌၊ သမ္ဗောဓိံ- သဗ္ဗညု ဘုရားဆုကို၊ အာကင်္ခိ- အာကင်္ခန္တော- အလိုရှိတော်မူသည်ဖြစ်၍၊ ဟတ္ထဂတံ- လက်တော်သို့ ရောက်လုဆဲသော၊ ပဒံ-နိဗ္ဗာန် ချမ်းသာကို၊ စဇိ-စွန့်တော်မူလေပြီ၊ တဿ နာထဿ-ထိုမြတ်စွာ ဘုရား၏၊ သိရောရုဟံ-ဦးခေါင်းတော်၌ ရောက်သော ဆံတော် ဓာတ်ကို၊ အဟံ-အကျွန်ုပ်သည်၊ ဝန္ဒေ-ဝန္ဒာမိ- ရှိခိုးပါ၏။

၂။ ပူရေတွာ ဗောဓိ သမ္ဘာရေ၊ မသေသံ ယော အနုတ္တရံ၊
ဖလတ္ထ ဗုဒ္ဓတ္တံ တဿ၊ ကေသဓာတု ဝရံ နမေ။

ယောနာထော-အကြင်မြတ်စွာဘုရားသည်၊ ဗောဓိသမ္ဘာရံ- သဗ္ဗညုတဉာဏ်တော်၏ အဆောက်အဦ ပါရမီအပေါင်းကို၊ အသေသံ- အကြွင်းမဲ့၊ ပူရေတွ- ဖြည့်တော်မူပြီး၍၊ အနုတ္တရံ- အတုမရှိသော၊ ဗုဒ္ဓတ္တံ- ဘုရားအဖြစ်ကို၊ အလတ္ထ-ရတော်မူလေ ပြီ၊ တဿနထဿ- ထိုမြတ်စွာဘုရား၏၊ ကေသဓာတုဝရံ- ဆံ တော်ဓာတ်မြတ်ကို၊ အဟံ- အကျွန်ုပ်သည်၊ နမေ-နမာမိ- ရှိခိုး ပါ၏။

၃။ လဒ္ဓါ ဗုဒ္ဓတ္တံ ဆဠာနံ၊ အတိက္ကမ္မ ပဝေဒယိ၊
ဝိမုတ္တိံ ရာဇာယတနေ၊ တဿ ကေသဝရံ နမေ။

ယောနာထော- အကြင်မြတ်စွာဘုရားသည်၊ ဗုဒ္ဓတ္တံ- ဘုရား အဖြစ်ကို၊ လဒ္ဓါ- ရတော်မူပြီး၍၊ ဆဠာနံ- ခြောက်ပါးသော ဌာနကို၊အတိက္ကမ္မ- လွန်တော်မူ၍၊ရာဇာယတနေ-ခုနစ်ခုမြောက် သော လင်းလွန်းပင်ရင်း၌၊ ဝိမုတ္တိံ- မဂ်သမာပတ်ကို၊ ပဝေ ဒယိ- အထူးထူးအပြားပြားခံစားတော်မူလေပြီ၊တဿနာထဿ-

ထိုမြတ်စွာဘုရား၏၊ ကေသဝရံ-ဆံတော်မြတ်ကို၊ အဟံ-အကျွန်ုပ်သည်၊ နမေ- နမာမိ- ရှိခိုးပါ၏။

၄။ တတ္ထ သက္က ဒတ္တိယမ္ပိ၊ နာဂလတံ ဟရီတကံ၊
အနောတတ္တောဒကံ ဘုဥ္ဇိ၊ ဝန္ဒေ တဿ သိရောရုဟံ။

ယောနာထော- အကြင်ဗုဒ္ဓမြတ်ဘုရားသည်၊ တတ္ထ- ထိုရာဇာယတနသက္ကာဟဍ၌၊ သက္ကဒတ္တိယံ- သိကြားမင်းလှူသော၊ နာဂလတမ္ပိ- ကွမ်းရိုးဒန်ပူကိုငှင်း၊ ဟရီတကမ္ပိ- ကြိဇုအသီးကိုငှင်း၊ အနောတတ္တော- အနောတတ်အိုင်မှ၊ ဥဒကမ္ပိ- ရေကိုငှင်း၊ ဘုဥ္ဇိ- သုံးဆောင်တော်မူလေပြီ၊ တဿ နာထဿ- ထိုမြတ်ဘုရား၏၊ သိရောရုဟံ- ဦးခေါင်းတော်၌ရှိသော ဆံတော်ခေတ်ကို၊ အဟံ-အကျွန်ုပ်သည်၊ ဝန္ဒေ-ဝန္ဒာမိ- ရှိခိုးပါ၏။

၅။ တဒါမုဂ္ဂ သေလပတ္တံ၊ မဟာ ရာဇူဟိ ဒိန္နကံ၊
တထာဂတော ပဋိဂ္ဂဏှိ၊ ဝန္ဒာမိ တဿ သီသဇံ။

ယောနာထော-အကြင်ဗုဒ္ဓမြတ်ဘုရားသည်၊ တဒါ-ထိုရာဇာယတန သတ္တာဟဝယ် နေတော်မူသောအခါ၌၊ မဟာရာဇူဟိ-စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့သည်၊ ဒိန္နကံ-လှူအပ်သော၊ မုဂ္ဂသေလပတ္တံ—ပဲနောက်အဆင်း ကျောက်ညိုသပိတ်ကို၊ တထာဂတော-ရှေးဘုရားတို့ကဲ့သို့ အလား အကျင့်ရှိတော်မူသည်ဖြစ်၍၊ ပဋိဂ္ဂဏှိ—ခံတော်မူပြီ၊ တဿနာထဿ-ထိုဗုဒ္ဓမြတ်ဘုရား၏၊ သီသဇံ—ဦးခေါင်းတော်၌ ရောက်သော ဆံတော်ကို၊ အဟံ-အကျွန်ုပ်သည်၊ ဝန္ဒာမိ—ရှိခိုးပါ၏။

၆။ တဒါ ဒိန္နံ ဒွေ ဘာတိကာ၊ ဇနေဟိ မဓုပိဏ္ဍိကံ၊
ပရိဘုဥ္ဇိသိ မန္ထမ္ပိ၊ တဿ သီသသိရိ နမေ။

ယောနာထော-အကြင်ဗုဒ္ဓမြတ်ဘုရားသည်၊ တဒါ-ထိုရာဇာ ယတန သတ္တာဟဝယ် နေတော်မူသောအခါ၌၊ တတ္ထ—ထိုလင်းလွန်းပင်ရင်းသို့၊ ဥပဂတောဟိ-ဆည်းကပ်လာကုန်သော၊ ဒွေဘာတိကဇနေဟိ-တပုဿ ဘလ္လိကညီနောင် နှစ်ယောက်တို့သည်၊ ဒိန္န-ပေးလှူအပ်သော၊ မဓုပိဏ္ဍိကံ-ပျားမုံ့ ဆုပ်ကိုင်း၊ မန္ထမွိ-မုံ့ကြွက်ကျစ်ကိုင်း၊ ပရိဘုဥ္ဇသိ-ဘုဉ်းပေးတော်မူလေပြီ၊ တဿနာထဿ-ထိုဗုဒ္ဓမြတ်ဘုရား၏၊ သီသသိရိ-ဦးခေါင်းတော်၏ ကြက်သရေဖြစ်သော ဆံတော်ဓါတ်ကို၊ အဟံ-အကျွန်ုပ်သည်၊ နမေ-နမာမိ-ရှိခိုးပါ၏။

၇။ ယော တပုဿ ဘလ္လိကာနံ၊ တဒါ ဒွိသရဏံ အဒါ၊
လောကမှိ သဗ္ဗပဌမံ၊ တဿ သီရိဝရံ နမေ။

ယောနာထော-အကြင်ဗုဒ္ဓမြတ်ဘုရားသည်၊ တဒါ-ထိုရာဇာယတနသတ္တာဟဝယ် နေတော်မူသောအခါ၌၊ တပုဿ ဘလ္လိကာနံ- တပုဿ ဘလ္လိက ညီနောင်တို့အား၊ လောကမှိ-လောကသုံးပါး၌၊ သဗ္ဗပဌမံ-ခပ်သိမ်းသောသူတို့၏ လက်ဦးစွာ၊ ဒွိသရဏံ-ဒွေဝါစိကသရဏဂုံကို၊အဒါ-ပေးတော်မူလေပြီ၊တဿနာထဿ-ထိုဗုဒ္ဓမြတ်ဘုရား၏၊ သီရိဝရံ-ကြက်သရေကို ဆောင်တတ်သော ဆံတော်မြတ်ကို၊အဟံ-အကျွန်ုပ်သည်၊ နမေ- နမာမိ-ရှိခိုးပါ၏။

၈။ တဒါ တတ္ထုပဋ္ဌာကာနံ၊ ဝေသံ ကေသေ အဒါအဌ၊
လောကဟိတာ မပေက္ခန္တော၊ နာထော ယော တဿ
တေ နမော။

ယောနာထော-အကြင်ဗုဒ္ဓမြတ်ဘုရားသည်၊ တဒါ-ထိုရာဇာယတနသတ္တာဟဝယ် နေတော်မူသောအခါ၌၊တတ္ထ-ထိုလင်းလွန်း

ပင်ရင်းသို့၊ ဥပဋ္ဌာကာနံ- ဆည်းကပ်လာကုန်သော၊ တေသံ-ထို တပုဿ ဘလ္လိကာညီနောင်တို့အား၊ အဋ္ဌကေသော-ဆံတော်ရှစ်ဆူ တို့ကို၊ လောကဟိတံ-သတ္တလောက၏ အစီးအပွားကို၊ အပေက္ခ န္တော-အရှည် ထောက်ရှုတော်မူလျက်၊ အဒါ-ပေးအပ်တော် မူ လေပြီ၊ တသာ နာထဿ-ထိုဗုဒ္ဓမြတ်ဘုရား၏၊ တေ အဋ္ဌကေသေ- ထိုဆံတော်ရှစ်ဆူတို့ကို၊ အဟံ-အကျွန်ုပ်သည်၊ နမေ-နမာမိ-ရှိခိုး ပါ၏။

၉။ တေပိ တံ အာဟရိတွာန၊ ပေါက္ခရဝတိယံ ကရုံ၊
သဇီဝ ကေသ စေတိယံ၊ နမေ တံ သဗ္ဗ ပုဗ္ဗကံ။

တေပိ-ထိုတပုဿ ဘလ္လိက ညီနောင်တို့သည်လည်း၊ တံ-ထိုဆံ တော်ဓါတ်ကို၊ အာဟရိတွာန-ဆောင်ကုန်၍၊ ပေါက္ခရဗတိယံ- အသိတဉ္စနမည်သော ပေါက္ခရဝတီမြို့၌၊ သဇီဝကေသစေတိယံ၊ သက်တော်ထင်ရှားရှိသော မြတ်စွာဘုရား၏ ဆံတော်စေတီကို၊ အကရုံ-ပြုလေကုန်ပြီ။ သဗ္ဗပုဗ္ဗကံ- ခပ်သိမ်းသောစေတီတို့၏ ရှေး ဦးဖြစ်သော၊ တံ-ထိုဆံတော်စေတီကို၊ အဟံ-အကျွန်ုပ်သည်၊ နမေ နမာမိ-ရှိခိုးပါ၏။

၁၀။ ဥပေါသထ ပေါသထမှိ၊ မုဥ္စန္တံ နီလရသ္မိယော၊
ဘဂဝါဝ လောကအတ္ထံ၊ ကရောန္တံ တံ သဒါ နမေ။

ဥပေါသထပေါသထမှိ၊ဥပုသ်နေ့တိုင်း,ဥပုသ်နေ့တိုင်း၌၊နီလ ရသ္မိယော-ညိုသော ရောင်ခြည်တော်တို့ကို၊ မုဥ္စန္တံ-လွှတ်ပြလျက်၊ ဘဂဝါဝ- သက်တော်ထင်ရှားရှိသော သဗ္ဗညုဘုရားကဲ့သို့၊ လော ကအတ္ထံ-လူတို့၏အကျိုးစီးပွားကို၊ ကရောန္တံ-ပြုတော်မူတတ်

သော၊ တံ-ထိုဆံတော်စေတီကို၊ အဟံ-အကျွန်ုပ်သည်၊ သဒါ-အခါခပ်သိမ်း၊ နမေ-နမာမိ-ရှိခိုးပါ၏။

၁၁။ စူဠာမဏိ ဒုဿစေတျံ၊ ကာလမှိ ဗောဓိသတ္တကော၊
ဗုဒ္ဓကာလေ ဂူဒံသဗ္ဗ၊ ပဌမံ တံ နမာမဟံ။

စူဠာမဏိဒုဿစေတျံ-တာဝတိံသာ-စူဠာမဏိစေတီ ဗြဟ္မပြည် ဒုဿစေတီ ဤစေတီနှစ်ဆူသည်၊ဗောဓိသတ္တကော-ကာလမှိ၊ဘုရားလောင်းလက်ထက်ဖြစ်သော ကာလ၌၊ သဗ္ဗပဌမံ၊ ခပ်သိမ်းသောစေတီတို့၏ ရှေးဦးစွာဖြစ်၏၊ ဗုဒ္ဓကာလေ-ဘုရားရှင်လက်ထက်၌၊ ဂူဒံ-ဤရွှေတိဂုံဆံတော် စေတီသည်၊ သဗ္ဗပဌမံ- ခပ်သိမ်းသောစေတီတို့၏ ရှေးဦးစွာဖြစ်၏၊ တံ တာဒိသံ-ထိုသို့သဘောရှိသောစေတီကို၊အဟံ- အကျွန်ုပ်သည်၊ နမာမိ-ရှိခိုးပါ၏။

၁၂။ နမာမဟံ ဝန္ဒာမဟံ၊ ပူဇေမဟံ သိရောရုဟံ၊
ပုညံမိဒံ ဘဝတု မေ၊ ပစ္စယော အာသဝက္ခယေ။

အဟံ-အကျွန်ုပ်သည်၊ သိရောရုဟံ- ဆံတော်ဓါတ်မြတ်ကို၊ နမာမိ-ရှိခိုးပါ၏၊ အဟံ-အကျွန်ုပ်သည်၊ သိရောရုဟံ-ဆံတော်ဓါတ်မြတ်ကို၊ ဝန္ဒာမိ-ရှိခိုးပါ၏၊ အဟံ-အကျွန်ုပ်သည်၊ သိရောရုဟံ-ဆံတော်ဓါတ်မြတ်ကို၊ ပူဇေမိ-ပူဇော်ပါ၏၊ ဂူဒံပုညံ-ဤကောင်းမှုအပေါင်းသည်၊ မေ-အကျွန်ုပ်အား၊ အာသဝက္ခယေ-အာသဝေါတရားလေးပါး ကုန်ခြင်း၌၊ ဝါ-အာသဝေါတရားလေးပါးကုန်ခြင်း၏၊ ပစ္စယော-အကြောင်းသည်၊ ဘဝတု-ဖြစ်ပါစေသတည်း။

(ရွှေတိဂုံဆံတော်ရှင် စေတီတော်ဘုရားရှိခိုး မောင်းထောင်
ဥဒါန်း ၈၂၈ ထာပြီး၏)

---

# မင်းလှဇေယျဝတီဥဒါန်း

(ပဲခူးတိုင်း မင်းလှမြို့ ဇေယျဝတီဆရာတော် အရှင်ဉာဏိန္ဒိယ မထေရ်သည် မောင်းထောင်ဆရာတော်ဘုရားကြီးကဲ့သို့ပင် သဒ္ဒါရှင်လန်း ပီတိလွှမ်း၍ ဥဒါန်းရင့်ကျူးသော ရွှေတိဂုံဆံတော်ရှင် ရှိခိုး ၅ ဂါထာဖြစ်ပါသည်။)

၁။ ယော ဒီပင်္ကရမူလမှိ၊ ပဒံ ဟတ္ထဂတံ စဇိ၊
သမ္မာသမ္ဗောဓိ မာကင်္ခံ၊ ဝန္ဒေ တသ သိရောရုဟံ။

၂။ တထာ စဇတိ အန္တိမေ၊ ရာဇာယတန မူလကော၊
တပုဿ ဘလ္လိကာ ပဥ္စာ၊ ဂတကာလေစ ယာစရေ။

၃။ အထဗုဒ္ဓေါ မဟာသီသံ၊ ပရာမသိ သုသောဘိတံ၊
လဂ္ဂံသု ယထာဓိဋ္ဌာနံ၊ အဋ္ဌကေသာ သုမောစိတာ။

၄။ ပစ္စုဂ္ဂန္တွာ ဣတော တေသံ၊ စမ္ပူပတိ သသေနိကာ၊
စေတိယဗန္တရံ ကတွာ၊ ဌပယန္တိ သဒေသိတာ။

၅။ ဗုဒ္ဓဗိမ္ဗံ အဋ္ဌကေသံ၊ ပူဇာရဟံ သိရိန္ဓရံ၊
မဟာတေဇံ ဗုဒ္ဓဒိန္နံ၊ မဇ္ဈိမတော ဣဓာဟတံ။

သမ္မာသမ္ဗောဓိံ-အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်ရှင် ဖြစ်တော်မူမည့် ဘုရားဆုတော်ကြီးကို၊ အာကင်္ခံ အာကင်္ခန္တော- အာသာငန်းငန်း ဘုရားဖြစ်လိုသော ဆန္ဒတော်အစွမ်းဖြင့် ပင်ပန်းပစေ မရလျှင် ငါမနေဟု လေးသင်္ချေ ကမ္ဘာတသိန်း တွက်ကိန်းတွေ့ ဘယ်လောက်မျှားသော်လည်း စိတ်အားတော်မငယ် အလွယ်ပင် ရနိုင်ရဲ့ဟု တကဲ့စိတ်ထားဖြင့် လိုလားနှစ်သက် တောင့်တချက် ပြင်းထန်လှစွာသော။ ယောဗုဒ္ဓကိုရော-ဘုရားလောင်းဘဝသို့ ပြောင်းကြွ လာခဲ့သော အကြင်သုမေဓာရှင်ရသေ့သည်၊ ဟတ္ထဂတံ-သုမေဓာဘဝ ဟူသော လက်တွင်း

သို့ သက်ဆင်းကျရောက်လူဆဲသော၊ ပဒံ-နိဗ္ဗာန်ချမ်းသာကြီးကို၊ ဒီပင်္ကရမူလမှ-ဒီပင်္ကရာဘုရား၏ ခြေတော်ရင်း၌၊ စဇတိယထာ-မကြောက်မရွံ့ နောက်မတွန့်ဘဲ ရဲရဲဝံ့ဝံ့ကြီး စွန့်လွှတ်တော်မူဘိသကဲ့သို့၊ ဝေဝံတထာ-ဤနည်းတားယူ အလားတူသာလျှင်၊ ရာဇာယတနမူလကေ- ရာဇာယတနသတ္တာဟဟူသော လင်းလွန်းပင်အနီး၌၊ တပုဿဘလ္လိကာ-တပုဿနှင့်ဘလ္လိကခေါ် ညီနောင်နှစ်ဖော်တို့သည်၊ ပစ္ဆာဂတကာလေ-သဒ္ဓါရှင်လန်းပျူးမှုဆွမ်းကို လှူဒါန်းပူဇော်ကာ ဘုရားတရားအစုံ ဒွေဝါစိကသရဏဂုံ တည်ပြီး ပြန်ကာနီး အခါကာလ၌၊ အဘိဝါဒနာဒိ အတ္တာသ- ရှိခိုးခြင်း ပူဇော်ခြင်း စသည်တို့အကျိုးငှာ၊ ယာစရေယာစန္တိ- ကိုးကွယ်ဘို့ရေး မျှော်ထောက်တွေးလျက် လေးလေးစားစား ပေးသနားပါရန် တောင်း ပန် လျှောက် ထား ကြ လေကုန်၏။

အထ- ထိုသို့ တောင်းပန်ကြသောအခါ၌၊ ဗုဒ္ဓေါ-သစ္စာသိမြင် ဘုရားရှင်သည်၊ သုသောဘိတံ-ကောင်းမြတ်တင့်တယ် ရှုချင့်ဘွယ် ရှိတော်မူသော၊ မဟာသီသံ- မဟာမဏိ အမည်ရှိတဲ့ ဥကွောင်းတော် ဥသျှောင်တော်ကြီးကို၊ ဟတ္ထေန-လက်တော်ဖြင့်၊ ပရာမသိ- ဖြေးညှင်းသာယာ သုံးသပ်တော်မူလေ၏၊ တဒါ-ထိုသို့ သုံးသပ်တော်မူသော အခါ၌၊ ယထာဓိဋ္ဌာနံ-ဓိဋ္ဌာန်တော်မူသည့်အတိုင်း၊ အဋ္ဌကေသာ-ဆံတော်ရှစ်ဆူတို့သည်၊ သုမောစိတာ- စိမ်းရှင်သောဦးရေပြားမှ ထူးထူးခြားခြား ကျွတ်လွတ်ကြကုန်သည် ဖြစ်၍၊ လဂ္ဂိံသု-ထွေထွေသိပ္ပံအဓိဋ္ဌာန်ဖြင့် စိတ်ကြံမြဲခိုင် ဆွဲမကိုင်ဘဲ လဲဆိုင်သုံးသပ် ငြိဏာကပ်သို့ ငြိကပ်ပါလာကြလေကုန်ပြီ၊ တေကေသေ-လက်တော်

မြတ်၌ ငြိကပ်ပါလာ ထိုဆံတော်ဓာတ် ရှစ်ဖြာတို့ကို၊ ဝါဏိဇ္ဇာနံ–တပုဿနှင့် ဘလ္လိကာမည် ကုန်သည်ညီနောင်တို့အား၊ စဇိ–ပူဇော်ဘို့ရန် အကြောင်းခံဖြင့် တောင်းပန်သည်ကို နှစ်လိုဝမ်းသာ ကရုဏာဓာတ် မေတ္တာမြတ်ဖြင့် ပေးအပ်စွန့်လွှတ်တော်မူလေပြီ။

တဿ–ထိုအလောင်းတော်မြတ် ဗောဓိသတ်၏၊ အန္တိမေ–နောက်ဆုံးဖြစ်သောဘဝ၌၊ သိရောရုဟံ– ကိုယ်တော်ဦးထိပ်၌ပေါက်ရောက်လာသော၊ ဗုဒ္ဓဒိန္နံ–ဘုရားကိုယ်တိုင် ပေးသနားတော်မူအပ်သော၊ အဌကေသံ–ဆံတော်ဓာတ်ရှစ်ဆူကို၊ မဇ္ဈိမတော–မဇ္ဈိမဒေသ ဥက္ကလာဇနပုဒ်မှ၊ ဥက္ကလ–ရာမညတိုင်း တလိုင်းသုံးရပ် ထုံးအမှတ်ဖြင့် ကုန်းမြတ်သိင်္ဂုတ် မတိမ်မြုပ်သည့် ဥက္ကလမည် မြန်တိုင်းပြည်သို့၊ အာဟတံ–ကုန်သည်နှစ်ဖော် ညီနောင်တော်တို့ ပူဇော်လိုရင်း နှလုံးသွင်းဖြင့် ဆောင်ကျဥ်းပင့်ယူ၍လာအပ်သော တန်ခိုးအာနုဘော် ရှိတော်မူသော၊အဌကေသံ–ရှစ်ဆူသော ဆံတော်မြတ်ကို။ဣတော–မြန်ပြည်နဂရ ဥက္ကလာပဤတိုင်း ဤဌာနမှ၊ သသေနိကာ–စစ်သည်ရဲမက်နှင့်တကွကုန်သော၊ စမူပတိစ–စစ်သူကြီး (ဝါ စစ်ဗိုလ်ကြီး) တထောင်တို့သည်၎င်း၊ သဒေသိကာ–ရပ်သူရွာသားနှင့် တကွကုန်သော၊ ရာဇာနောစ – မင်းမှူးမတ် တို့သည်၎င်း၊ မစ္စုဂ္ဂန္တွာ – မြိုင်မြိုင်ဆိုင်ဆိုင် နိုင်ငံအဝှမ်း ခြိမ့်ခြိမ့်မွှမ်းအောင် ရှမ်းရှမ်းဝေဝေ ကြက်သရေအဖြာဖြာ မင်္ဂလာအဖုံဖုံ တူရိယာအမျိုးစုံတို့ဖြင့် ကိုးဂုဏ်သခင် ဘုရားရှင်ကို သင်္ဃာနဂိုရ် ကြိုအဆိုသို့ ကြည်ညိုလိုက်လှဲ့ ကြိုဆိုပွဲ ပြုလုပ်ကြကုန်ပြီးသော်၊ တေသံ· ထိုဆံတော်ဓာတ်ရှစ်ဆူတို့ကို၊ စေတိယဗ္ဘန္တရံကတွာ– မင်းစိုးရာဇာ များသူ

ငါတို့ ကောင်းစွာ တည်ဆောက် ရွှေတောင်ပေါက်သို့ ဝင်း တောက်ရောင်ခြည် ပြောင်ပြောင်လည်သည့် စေတီတော်တွင်း ကြုတ်ခတော်တွင်း၌ ထည့်သွင်း၌ာပနာကြကုန်လျက်၊ ၌ာပယန္တိ– အရှည်အားဖြင့်တည်ထားကိုးကွယ်ကြလေကုန်၏။ ။ဤကား သမိုင်းချုပ်တည်း။

တဿ– ထိုအလောင်းတော်မြတ် ဗောဓိသတ်၏၊ အန္တိမေ ဒေဟေ–ဘိတ်ဆုံးဘဝ ထိပ်ဆုံးကျသည့် ဂေါတမကိုယ်တော်၏ အဖြစ်၌၊ သိရောရုဟံ–ကိုယ်တော့်ဦးထိပ် နဖူးမြိတ်၌ ဖိတ်ဖိတ် ပြောင်ပြောင် သပိတ်ရောင်လို ချိတ်မှောင်ဝင်းကြည် စီရရီ ပေါက်ရောက်တော်မူလာထသော။ ဗုဒ္ဓဗိမ္ဗံ– ဘုရားကိုယ်စား ရုပ်ပွားတော်တဆူ ဖြစ်တော်မူထသော၊ ပူဇာရဟံ–မြန်ပြည် အလုံး ခြိမ့်ခြိမ့်အုံးအောင် ညွှတ်ရုံးကော်ရော် ပူဇော်ထိုက်ပေ ထသော၊ သိရိန္ဓရံ–ထူးထွေအံ့ဖွယ် ရောင်ခြောက်သွယ်ဖြင့် တင့် တယ်လှပေ ဘဝဂ်ဝေမျှ ကြက်သရေသုံးဂုဏ် အလုံးစုံကို ဆောင် တော်မူပေထသော၊ မဟာတေဇံ–လမ်းခရီးတွင် တန်ခိုးရှင်ဟု ပေါ်လွင်ထင်ရှား မြတ်ဘုရားသို့ ကြီးမားသော တန်ခိုးတေ ဇော် အာနုဘော်လည်း ရှိတော်မူထသော၊ ဗုဒ္ဓဒိန္နံ–ဥက္ကလာပ တိုင်း၌ာနသို့ ရောက်ကြသော အခါ ကိုးကွယ်ရာဟု မဟာ ဥဩချောင် ဖွဲ့အနှောင်ကို ဘုန်းခေါင်ပရမေ မြတ်စိန္တေသည် ထွေထွေသိပ္ပံ အမိဋ္ဌာန်ဖြင့် စိတ်ကြံမြဲခိုင် ဆွဲမကိုင်ဘဲ လဲဆိုင်သုံး သပ် ငြိကာကပ်သို့ ငြိကပ်ပါလာ ဆံကေသာကို ကောင်းစွာ ပေးသနားတော်မူထသော။ အဌကေသံ- ဥက္ကလာပမင်းနှင့်တကွ တည်ဆောက်ကြ၍ လောကဝိဒူမြတ်ဘုန်းလူတို့ လေးဆူဓာတ်ပုံ ရွှေတိဂုံလျှင် ဆံတော်ရှင်ဟု မည်တွင်ခဲ့ပေ ကုန်းမြင့်မြေဝယ်

စေတီတော်တွင်း ကြုတ်တော်တွင်း၌ ထည့်သွင်း ဌာပနာကိုး ကွယ်ပါသည့် ကေသာထွင့်မြတ် ရှစ်ဆူသော ဆံတော်ခေါတ်ကို၊ အဟံ-ရှုပ်နာမ် နှစ်ရပ်ပရမတ်ကို ပညတ်မှည့်ခေါ် တပည့်တော် သည်၊ ဝန္ဒေ-ဝန္ဒာမိ-သဒ္ဓါပုဗ္ဗင် ဇောအစဉ်ဖြင့် ကြည်လင် မြတ်နိုး လက်စုံမိုး၍ ရှိခိုးဦးနှိမ့်ပါ၏ အရှင်ဘုရား။

(ပါဠိဂါထာ ပါဠ်အနက်ဘုရားရှိခိုးတည်း)

ရင်းဆံတော်ရှင် ဘုရားရှိခိုး လင်္ကာ

ဗောဓိညောင်ရွှေ ရောင်မဟေဟု အောင်မြေတင့်ဆန်း ပလ္လင် နန်းမှ အလှမ်းမကွာ စံမြန်းရှာသည့် ရာဇာယတန သတ္တာဟ၌ ဗုဒ္ဓမြတ်စွာ စိန္တေယျာအား သဒ္ဓါရွှင်လန်း ပျားမုံ့ဆွမ်း ကို လှူဒါန်းပြီးကာ ဝါဏိဇ္ဇာတို့ ဒွေဝါစိက သရဏဂုံ တည်ကုန်ကြ ပြီး ပြန်ကာနီးဝယ် ဆည်းကပ်ကော်ရော် ပူဇော်မြတ်နိုး ရှိခိုး ဘို့ရန် အကြောင်းခံဖြင့် တောင်းပန်သောခါ ကိုးကွယ်ရာဟု မဟာဥသျှောင်ဖွဲ့အနှောင်ကို ဘုန်းခေါင်ပရမေ မြတ်စိန္တေသည် ထွေထွေသိပ္ပံ အမိဋ္ဌာန်ဖြင့် စိတ်ကြံမြဲခိုင် ဆွဲမကိုင်ဘဲ လဲဆိုင် သုံးသပ် ငြိကာကပ်သို့ ငြိကပ်ပါလာ ဆံကေသာကို ပေးကာ စွန့်လိုက် လွန်နှစ်ခြိုက်၍ သိမ်းပိုက်ယူကာ မဇ္ဈိမာမှ ပြန်လှည့် ကြ၍ ဥက္ကလမည် မြန်တိုင်းပြည်သို့ ကုန်သည်နှစ်ဖြာ ပင့်ဆောင် လာခဲ့။

ထိုခါကာလ ဥက္ကလမှ ကြိုကြပြီးကာ နတ်ပြဟ္မာတို့ ရာဇာ သနင်း သူဋ္ဌေးမင်းနှင့် မယွင်းတူကွ စေတီယကို ခဏလျှင်စွာ တည်ဆောက်ခါလျှင် လေးဖြာဗုဒ္ဓ ပွင့်ကုန်ကြသား လောက ဝိဒူ မြတ်ဘုန်းလူကို လေးဆူဓာတ်ပုံ ရွှေတိဂုံလျှင် ဆံတော်ရှင်

ဟု မည်တွင်ခဲ့ပေ ကုန်းမြင့်မြေဝဲယ် စေတီတော်တွင်း ကြုတ်တော်တွင်း၌ ထည့်သွင်း၌ာပနာ ကိုးကွယ်ရှာသည့် ကေသာထွင့်မြတ် ဆံတော်ဓာတ်ကို နူးညွတ်မြတ်နိုး လက်စုံမိုး၍ ရှိခိုးဦးနှိမ်ပါ၏ အရှင်ဘုရား။ ။

မင်းလှဇေယျဝတီ ဥဒါန်း ၅-ဂါထာနှင့် ဘုရားရှိခိုးလင်္ကာ ပြီး၏။

---

## နမောတဿ ဗုဒ္ဓဝင် ဘုရားရှိခိုး

ငါးသိုင်းချောင်းမြို့ ဘုရားကြီးကျောင်းတိုက် ဂဏဝါစကအရှင်ပညာဝန္တ(မဟာဝိဇ္ဇာတယ ဆရာတော်ဘုရား)ရေးတော်မူသော နမော တဿ ဂီတိကျမ်းမှ ဖော်ပြပါသည်။

၁– သတ္တဝါတို့ အကျိုးငှာ ပါရမီ ဖြည့်ကျင့်တော် မူခဲ့ရသော မြတ်စွာဘုရားကို ရှိခိုးကန်တော့ရန်။

န ရာသဘော အနေကေသု၊ ဘဝေသု တိံသပါရမီ၊
မာမိ သိရသာ နိစ္စံ၊ ပူရေတွာ အာဂတော ဝရံ။

ယောနရာသဘော-ဇာတိ အာဏာ ဝိသယာဟု သုံးဖြာထင်လင်း ခေတ်အတွင်းဝယ် နေမင်းရာထောင် ခြည်ဝါဒရောင်သို့ ထိန်ပြောင်ယှက်သန်း ရှုမခန်း အောင် တောက်လျှမ်းထွန်းပ ဂုဏ်ပေါင်းခသည့် နရဥက္က၌ အကြင်ဘုရားမြတ်သည်၊ အနေကေသု-သိန်းသန်းကုဋေ ကိန်း ခန်း ပွေ အောင် တွက် ရေမ ရ များပြားလှကုန်သော၊ ဘဝေသု-နိမ့်တုံ မြင့်တုံ ရဟတ်ပုံသို့ ကြိုက်ကြုံသမျှ ဘုံဘဝတို့၌၊ တိံသပါရမီ – ဒါနအစ များလှပေါယာယ် သုံးဆယ်အညီ ပါရမီတို့ကို၊ ပူရေတွာ-ပြည်အမတာနန်း ရည်ကာမှန်းလျက် ရွှင်လန်းကြည်ဖြူ ဖြည့်ကျင့်တော်မူ၍၊

အာဂတော-သားတူပမာ မျှားသူငါတို့ကြောင့် လက်မှာရပြီး နိဗ္ဗာန်ကြီးကို မမှီးပယ်ခွာ ဆင်းရဲစွာဖြင့် ကြလာတော်မူခဲ့ရပေ၏၊ ဝရံ-ပါရမီကြွယ် သာကီနွယ်ဟု လူဝယ်ထင်ရှား အမျိုးအားဖြင့် မပြားနေဇာတ် မြင့်မြတ်တော် မူထသော၊ ဝါ-လူနတ် ဗြဟ္မာ သတ္တဝါတို့ လွန်စွာမပြတ် တောင့်တအပ်ထသော၊ တံနရာသဘံ-ထိုန္နဲ့တုမရ သုံးလူ့ဘဟု နရဥက္ကဋ္ဌ ဘုရားမြတ်ကို၊ အဟံ-ပဋ္ဌိစ္စဝတ် သံသာညွတ်မှ မလွတ်နိုင်ပဲ တလဲလဲဖြင့် ဆင်းရဲဒုက္ခ ခံနေရသော အကျွနုပ်သည်၊ နိစ္စံ-မိနစ်စက္ကန့် ဆိုင်းမင့်ပဲ အာရုံစွဲ၍ အမြဲမပြတ်၊ သိရသာ-ပိတုန်းရောင်ဟန် နှုန်းဆောင်ပန်သည့် ကေဆံတည်ရာ ဦးခေါင်းရတနာဖြင့်၊ နမာမိ-မနိုင်းယှဉ်သာ ဂုဏ်များစွာကို စိတ်မှာရည်စူး သဒ္ဓါမြူး၍ ကြည်နူးဝမ်းသာ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား။ (ဤကား 'န' ဟူသော အက္ခရာကို အစထား၍ ရေးသားစီကုံး အပ်သော ပဏာမ ဂါထာပါဌ် အနက်တည်း)။

၂– ဥရုဝေလတော၌ ဒုက္ကရစရိယာ ကျင့်တော်မူသော မြတ်စွာဘုရားကို ရှိခိုးကန်တော့ရန်။

မော ကွံ နာထော အတိစ္ဆန္တော၊ ဒွယံ ဟိတွာ သရဠကံ၊<br>ဒံ ဝနေ သုဒုက္ကာရံ၊ နမာမိ သိရသာဒရံ။

နာထော-ဗြဟ္မာနတ်လူ သုံးဘုံသူတို့၏ ကြည်ဖြူ ကိုးစားအားထားမှီခိုရာ အစစ်ဖြစ်ကြီးဖြစ်တော်မူသော၊ ယောဗုဒ္ဓေါ-အကြွင်းသစ္စာသိမြင် ဘုရားရှင်ကိုယ်တော်မြတ်သည်၊ မောက္ခံ-သီဝံအောင်ခန်း နိဗ္ဗာန်နန်းကို ဝါ-ကာမနှောင်ကျဉ်း ထောင်အတွင်းမှ ရှောင်ကွင်းဖျက်ဖေါက် ထွက်မြောက်တော်မူခြင်းကို၊

အတိဗ္ဗူစ္စန္တော၊ ကြံတွေးရှုမြော် အလွန် အလိုတော် ရှိတော်မူသည်ဖြစ်၍။ သရဋ္ဌကံ-ရွှေအိမ်ရွှေနန်း နတ်ကြငှန်းသို့ ရှင်လန်းဘွယ်ရာ စည်ပင်သာသည့် အောင်ချာရဋ္ဌ ကပိလခေါ် ရွှေပြည်တော်နှင့် တကွ။ ဒွယံ-ဒြပ်ဖြိုးလူ နတ်မိုးသူနှင့် ပုံတူနိုင်းစာယဉ်မူသာသည့် ဗိမ္ဗာရွှေလှော် မယ်ယသော်နှင့် မျက်ဖျော်ရင်ဥလှပေါင်းစုသည့် 'ရာဟု'နန်းဖွား မင်းနှစ်ပါးကို၊ ဟိတွာ-မခင်မတွယ် မစင်နှယ်သို့ စွန့်ပယ်ရှောင်ရှား ပစ်ထားတော်မူခဲ့၍၊ ဝနေ-နေရဋ္ဌရာ အနော်မာဟု လွန်စွာတင့်တယ် မြစ်နှစ်သွယ်တို့ အလယ်ကုန်းကျော ဥရုဝေလ တော၌၊ မောဒံ-မောဒနွှော-အဖော်ကင်းမဲ့ အားတော်နွဲ့၍ ကျန်ခဲ့ရသူ ဒါယူနှစ်ပါး နန်းသူများကြောင့် စိတ်ထားဖေါက်ပြန် လွမ်းစဖန်၍ နောက်ဆံမငင် ပျော်ရှင်ဝမ်းမြောက်တော်မူလျက်၊သုဒုက္ကာရံ-အရိုးပေါ်တွင် အရေတင်လျက် ငြိုငြင်ဆင်းရဲ ပြုနိုင်ခဲ့သည့် အသဲကြွေမျှ ပြင်းထန်လှသော မဟာပဓာန အကျင့်တော်ကို၊ သမာစရိ-ရန်သင်း ခလုတ် မာရ်မင်းယုတ်၏ မဟုတ်တန်းဂါး ထံတော်ပါး၌ သနားသယောင် ဟန်ပန်ဆောင်၍ ပြန် အောင် လှည့်ဖြားလျှောက်စကားကို ပယ်ရှားငေါက်ကာ ခြောက်နှစ်ကြာအောင် ကောင်းစွာ ကျင့်တော်မူလေပြီ။ တံ-ဗုဒ္ဓံ- ထိုသို့ ဒုက္ကရစရိယာ ခြောက်နှစ်ကြာအောင် ကောင်းစွာကျင့်တော်မူသော မြတ်စွာဘုရားကို၊ အဟံ-ပဋိစ္စဝဠ် သံသာညွတ်မှ မလွတ်နိုင်ပဲ တလဲလဲ ဖြင့် ဆင်းရဲမှုဒုက္ခ ခံနေရသော အကျွန်ုပ်သည်၊ အာဒရံ-နှစ်သက်ကြည်ညို ရှိသေလှစွာ၊ သိရသာ-ပိတုန်းရောင်ဟန် နှုန်းဆောင်ဖန်သည့် ကေသံတည်ရာ ဦးခေါင်းရတနာဖြင့်၊ နမာမိ-ကာယဝစီ မနောချီလျက် သုံးလီဒွါရ ကရိုဏ်းပြု၍ တုပ်ကွရှိုကျိုး လက်စုံ

မိုးကာ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား။ (ဤကား 'မော' ဟူသော အက္ခရာကိုအစထား၍ ရေးသားစီကုံးအပ်သော ပဏာမ ဂါထာပါဠိအနက်တည်း။)

၃– မဟာဗောဓိပင်နှင့် တကွ မြတ်စွာဘုရားကို ရှိခိုးကန် တော့ရန်။

တဿ မူလံ မဟာဥာဏော၊ ဥပေသိ ဗောဓိ မဏ္ဍလေ၊
ဗုဒ္ဓဿ ပါဒေစ၊ သဗောဓ ယော နမာမဟံ။

မဟာဥာဏော-မြေထုရေထု လေအစုနှင့် မေရုဗဟို၊ တောင် မြင့်မိုရ်ပင် နှိုင်းဆိုမရ ကြီးကျယ်လှသည့် ဉာဏ်များမဟေ သုံးလူ့ ဆွေသည်၊ ဗောဓိမဏ္ဍလေ- ကမ္ဘာတည်ဦး ပကတူးက ပွင့်ဖူးပဒို ကြာငါးရုံနှင့် ငါးစုံသက်န်း ပေါ်ထွက်ထွန်း၍ လေးကျွန်းအစ တူမျှပတိ တုမရှိသည့် ဗောဓိမဏ္ဍိုင် မြေဦးကိုင်၌၊ ငှီတော-စိမ်း လဲ့ပြိုးပြောင် မြသွေးရောင်နှယ် သန်တောင်တရာ ထက်အာကာ သို့ မြင့်စွာဖြိုးမောက် တန်ခိုးတောက်၍ ပေါက်ရောက် တည်ရှိ ထသော၊ယော ဗောဓိရုက္ခော-ဖွားဘက်တော်ရင်း အကြင်ဗောဓိ ပင်မင်းသည်၊ အတ္ထိ-ဖားဖားဝေဝေ တည်ရှိပေ၏၊ တဿ-ဗောဓိ ရုက္ခဿ-ထိုသဗ္ဗညုတ ဉာဏ်မျှသခင် မီးရှူးစင်က တူပင်ပြိုင် လျက် မြေမှထွက်သည့် ဖွားဘက်တော်ရင်း ဗောဓိပင်မင်း၏၊ မူလံ-ရှေးရှုရွက်စပ် အနီးရပ်သို့ ဥပေသိ-ဥရုဝေလ အမည်ရသည့် တောမှဖဲခွာ ပန်းမိုးရွာလျက် ဒေဝါဖန်သ နတ်လမ်းမဖြင့် လှမ်း ထယဉ်ယဉ် မြန်းကြွဝင်၍ မောင်စင်လူဆက် ရှစ်ဆုပ်မြက်ကို ရွှေလက်တော်ဆန့် ကြဲကာဖြန့်မည် စိတ်တော်ရည်၍ ထိုဤ လှည့်ပတ် အရှေ့ရပ်က ချဉ်းကပ်တော်မူလေပြီ။ သဗောဓယော-

ပင်စည်ကိုင်းခက် ကြွားကြွားတက်သည့် ဖွားဘက်တော်ရင်း ဗောဓိပင်မင်းနှင့် တကွ ဖြစ်ကုန်သော၊ တဿဗုဒ္ဓဿ-ထိုဗောဓိ ပင်နီး ရွှေတောင်ကြီးသို့ ယှဉ်မှီးကပ်ငြား မြတ်ဘုရား၏၊ ပါဒေစ-ပတ္တမြားအသွေး နီထွေးရောင်လက်- ကန့်အကွက်နှင့် ရွှေစက်ဒ:စုံ ကြာပဒုံတို့ကိုလည်း၊ အဟံ-ပဋ္ဌိစ္စဝဠ် သံသာညွတ်မှ မလွတ်နိုင်ပဲ တလဲလဲဖြင့် ဆင်းရဲဒုက္ခ ခံနေရသော အကျွန်ုပ်သည်၊ နမာမိ-နမော တဿ ဇောဗလဝဖြင့် ဝဇီရစိန်နှုံး ကျမ်းတိုင်းအဆီ ဆန်းဂိုဏ်းညီအောင် စီကာကုံး၍ ရှင်ပြုံးသဒ္ဒါ နိဗ္ဗာန်အကျိုး စိတ်ကြံကိုး၍ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား။ (ဤကား 'တဿ' ဟူသော ပုဒ်ကို အစထား၍ ရေးသားစီကုံးအပ်သော ပဏ္ဏာမ ဂါထာ ပါဌ်အနက်တည်း။)

၄— ပဌမသတ္တာဟ ပလ္လင်တော်နှင့်တကွ မြတ်စွာဘုရားကို ရှိခိုးကန်တော့ရန်။

ဘ ဂဝါ အဂ္ဂ မင္ဂေန၊ ပဌမာရေ အသေသတော၊
ဥတ္တြာန သိခါပတ္တော သပလ္လင်္က နမာမိ တံ။

ယော ဘဂဝါ-မြေမိုးအလုံး စွေဖြိုးချုန်းသည့် မရှဘုန်းတော်သခင် အကြင်ဘုရားမြတ်သည်၊ ပလ္လင်္က-ဗောဓိပင်ရင်း မြက်ဖြန့်ခင်း၍ ထင်လင်းပေါ်လာ ပလ္လင်ရတနာ၌၊ နိသီဒိတွာ-ဗောဓိပင်ကို ကပ်ယှဉ်မှီတွဲ တံကဲပမာ ကောင်းစွာအားယူ ထိုင်တော်မူ၍၊ ပဌမာရေ-ဒေဝပုတ္တ ကိလေသနှင့် ခန္ဓမစ္စု သခင်္ခါရဟု ငါးခုလုံးစုံ မာရ်သူပုန်တို့ကို၊ အဂ္ဂမင္ဂေန-တချက်ခုတ်က ဇက်ပြုတ်ကျ၍ မထနိုင်အောင် စွမ်းဆောင်ထက်မြက် အရဟတ္တမဂ်ဖြင့်၊ အသေသတော-မကျန်အကုန် ဥဿုံပြုံပြုံ အကြွင်းမဲ့၊ ဘဥ္ဆတွာ-အဆိုး

အယုတ် အမျိုးပြုတ်အောင် ချိုးခုတ် ဖျက်ဆီး တော်မူပြီး၍၊ သိဓါပတ္တော-ဒီပင်္ကရာ မည်တွင်သာသည့် မြတ်စွာထံပါး အစ ထား၍ ဘုရားဖြစ်မှု ရည်သန်ပြုသည့် အောင်ဆုမင်္ဂလာ ပတ္ထနာ သည် ကောင်းစွာ ပြီးမြောက် ခရီးပေါက်၍ အထွဋ်အထိပ်သို့ ရောက်တော်မူလေပြီ၊ သပလ္လင်္က-တဆယ့်လေးတောင် အမြင့် ဆောင်သည့် ထိန်ပြောင်ဝင်းလျှပ် ရတနာ ပလ္လင်တော်မြတ်နှင့် တကွ တံ ဘဂဝန္တံ-ထိုပလ္လင်တော်ထက် ငြိမ်သက်စံပျော် နှုံးမ မြှော်သည့် ဘုန်းတော် သခင် ဘုရားရှင်ကို၊ အဟံ - ပဋိစ္စဝဋ္ဋ သံသာ၁ည့်တ်မှ မလွတ်နိုင်ပဲ တလဲလဲဖြင့် ဆင်းရဲဒုက္ခ ခံနေရသော အကျွန်ုပ်သည်၊ နမာမိ-ယခင်ရှေးဦး တင်ပေဘူးသည့် ကျေးဇူး သစ္စာ ဂုဏ်များစွာကို စိတ်မှာရည်စူး သဒ္ဓါပြုး၍ ကြည်နူးဝမ်း သာ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား။ (ဤကား 'ဘ' ဟူ သော အက္ခရာကို အစထား၍ ရေးသားစီကုံးအပ်သော ပဏာမ ဂါထာ ပါဌ်အနက်တည်း။)

၅— ဒုတိယသတ္တာဟ အနိမိသစေတီတော်နှင့်တကွ မြတ်စွာ ဘုရားကို ရှိခိုးကန်တော့ရန်။

ဂ
နွှာ မုနိဝရော တမှာ၊ အနိမိသေ ဝရာသနေ၊
ဂနေ ပုဏ္ဏစန္ဒောဝ၊ သာ နိမိသံ နမာမိ တံ။

မုနိဝရော – အနာဂါရ အာဂါရနှင့် သေက္ခ သေက္ခာ ပစ္စေကဘာဟု ငါးဖြာမည်ရှိ ယင်းမုနိတို့ထက် ဆထက်လွန်ကြူး အထူးသဖြင့် မြတ်တော်မူထသော၊ ယောနာထော - အကြင် လူသုံးပါးတို့၏ ကိုးစားမှီခိုရာအစစ် ဖြစ်ကြီးဖြစ်တော်မူသော မြတ်စွာ ဘုရားသည်၊ ဂဂနေ-မြူတိမ်ကင်းစင် ထက်ကောင်း

ကင်၍၊ ပုဏ္ဏစန္ဒော၀-သရဒရာသီ အခါဆည်ဝယ် ကြည်ကြည် ပြောင်ရှန်း ပေါ်ထွက်ထွန်းသည့် လဝန်းယုန်အိမ် ပုဏ္ဏမိန်ကဲ့ သို့၊ တမှာ-ထိုမဟာဘူမိ အပရာဇိတ ဗောဓိအောင်ခန်း ပလ္လင် နန်းမှ၊ ဂန္ဓ၁-တင့်တယ်ဖြည်းညှံ့ စက်ဖြန့်ကြွ သွား တော်မူ၍၊ အနိမိသေ - မျက်တောင်မခတ် ကိုယ်တော် ရပ်၍ မတ်မတ် မယိမ်း မလှုပ်တိမ်းပဲ စိန်းစိန်းရှုကာ ရပ်တည်ရာ ဖြစ်ခြင်း ကြောင့် အနိမိသ အမည်တော်ရသော၊ ဝရာသနေ-အရှေ့မြောက် စွန်း စဉ်းငယ်ယွန်းသည့် တာဝန်းမကွာ မြတ်သောနေရာ၌၊ သံဠိတော - ဗောဓိအောင်ခန်း ပလ္လင်နန်းကို မြှော်မှန်းရှေးရှု ကောင်းစွာရပ်တည်တော်မူလေပြီ၊ သာနိမိသံ- ဒုတိယသတ္တာဟ 'အနိမိသ' စေတီတော်ဌာနနှင့်တကွသော၊ တံ နာထံ-ထိုဌာနိသရ အာဒိစ္စဟု နရထိပ်တင် ဘုရားရှင်ကို၊ အဟံ - အကျွန်ုပ်သည်၊ နမာမိ—အဥ္ဇလီညွန့် တင်ချီကွန့်လျက် မတွန့်သဒ္ဓါ-ကြည်ကြည် မြမြ ဝစီဟ၍ ဦးချရှိခိုးပါ၏ မြတ်စွာဘုရား။ (ဤကား 'ဂ' ဟူသော အက္ခရာကို အစထား၍ ရေးသား စီကုံးအပ်သော ပဏာမဂါထာပါဠိအနက်တည်း)။

၆— တတိယသတ္တာဟ စင်္ကြံန်တော်နှင့်တကွ မြတ်စွာဘုရား ကို ရှိခိုးကန်တော့ရန်။

၀ န္တွာမိ သော နဘော နာထော၊ ဒသောတ္ထာ ပါဠိဟာရိယံ၊
သာဒေါ ဝိယ စင်္ကမိ၊ သစင်္ကမံ နမာမိ တံ။

ဝန္တွာမိသော - မခင်မချစ် ဘင်အစစ်သို့ စွန့်ပစ်ဝေးလန် အရေးဖန်၍ ထွေးအန်အပ်ပြီးသော ကိလေသာ ရှိတော်မူထ

သော၊ ဝါ-ဝတ္တုကိုလေ နှစ်ထွေကာမ တရားစုကို တခုမကျန် ထွေးအန်တော်မူပြီးထသော၊ ယောနာထော - မင်္ဂဖိုလ်အမတ တက်လိုကြသူ နတ်နှင့်လူကို ကြည်ဖြူသနား ရည်တူထား၍ တရား ကျင့်ရန် အသင့်ဖန်လျက် တောင်းပန် တိုက်တွန်းတော်မူတတ် သော အကြင်မြတ်စွာဘုရားသည်၊ နဘော- တိမ်ဖြူတိမ်ပြာ တိမ် အဝါနှင့် မိလ္လာယှက်သန်း ကောင်းကင်နန်း၌၊ ပါဋိဟာရိယံ- လက်ျာတော် နားပန်းစွန်းမှ 'မီးအလျှံ'၊ လက်ဝဲတော် နားပန်း စွန်းမှ 'ရေအလျှံ'၊ လက်ျာတော်မျက်လုံးမှ မီးအလျှံ၊ လက်ဝဲ တော်မျက်လုံးမှ ရေအလျှံ အတန်တန် အဖုံဖုံ အစုံစုံသော တန်ခိုးပြာဋိဟာကို၊ ဒဿေတွာ-ပညာနည်းပါး နတ်အများကို ယုံမှားကင်းအောင် ဥာဏ်ဆောင်ရှေးရှု ပြတော်မူ၍။ မဇ္ဈေ- ပလ္လင်အနိမိသ နှစ်ဌာနတို့၏ မဇ္ဈလယ်ရပ် မြေအမြတ်၌၊ ဝသာ ဒေါဝိယ-ဂနိုင်သေလာ မြိုင်ဟေမာဝယ် တေဇာတောက်လင်း ခြသေ့်မင်း၊ကဲ့သို့၊ စင်္ကမိ-အရှေ့အနောက် ကိုယ်တော်လျှောက်၍ တောင်ခြောက်ဆယ်မျှ စင်္ကြံန်ကြွတော်မူလေပြီ၊ သစင်္ကမံ- တတိယသတ္တာဟ စင်္ကြံန်တော်ဌာနနှင့်တကွသော၊ တံ နာထံ- ထိုဌာနီဿရ အာဒိစ္စဟု နရထိပ်တင် ဘုရားရှင်ကို၊ အဟံ- အကျွန်ုပ်သည်၊ နမာမိ-နုဖရောင်းလက် စုပေါင်းယှက်၍ နူတ် မြွက်ခါခါ ဂုဏ်တော်ကို တတွတ်တွတ် ပုံပေါ်အောင် ရွတ်ရွတ် ပြီး ဦးညွှတ်ရှိခိုးပါ၏ မြတ်စွာဘုရား။ (ဤကား 'ဝ'ဟူသော အက္ခရာကို အစထား၍ ရေးသားစီကုံးအပ်သော ပဏ္ဏာမဂါ ထာပါဌ်အနက်တည်း)။

၇—စတုတ္ထ သတ္တာဟ ရတနာဃရ ရွှေအိမ်တော်နှင့် တကွ မြတ်စွာဘုရားကို ရှိခိုးကန်တော့ရန်။

တော ရဏ ဋ္ဌိတသက်ာသော၊ လောကဂ္ဂေါ ရတနာဃရေ၊
သေသိ ဇနံ ရံသီဟိ၊ သ ဃရဟံ နမာမိ တံ။

တောရဏဋ္ဌိတသက်ာသော-ပြိုးပြိုးပြက်ပြက် ရောင်စုံယှက်၍ ထိန်လက်ဝင်းပြောင် ရတနာတောင်ဝယ် လွှားထောင်မတ်မတ် စိုက်ထူအပ်သော 'ရွှေတုရိုဏ်းတိုင်'ကဲ့သို့ မယိုင်မယိမ်း မတိမ်း မညွတ် ဖြောင့်မတ်သော ကိုယ်တော်လည်း ရှိတော်မူထသော။ လောကဂ္ဂေါ-သုံးပါးလောက သုံးဌာနဝယ် တူမျှသသူ ထွက် မပြူပဲ တဆူဥက္ကဋ္ဌ မြတ်ကြီး မြတ်တော်မူထသော။ ယောနာ ထော-အကြင်မြတ်စွာဘုရားသည်၊ ရတနာဃရေ-ဗောဓိအောက် မှ အနောက်မြောက်စွန်း စဥ်းငယ်ယွန်းသည့် ကျယ်ဝန်းသာ ယာ ရတနာရောင် ထိန်ထိန်ပြောင်၍ တောက်လောင်ယှက်သန်း ရွှေအိမ်နန်း၌၊ နိသီဒိတွာ-အဘိဓမ္မာ ဒေသနာနက်ဝှမ်း ပဋ္ဌာန်း ကျမ်းကို စီးဖြန်းထပ်ထပ် သုံးသပ်ရှုမျှော် နေတော်မူ၍၊ ရံသီဟိ- မြင်သမျှငေး ရင်ဝအေး လောက်သည့် နီထွေးဖြူဝါ အစဖြာ သား လွန်စွာထူးဆန်း ရောင်ခြည်ပန်းတို့ဖြင့်၊ ဇနံ - များစွာ သောင်းသောင်း နတ်လူအပေါင်းကို၊ တောသေသိ-ဝါဂွမ်းနှ များ ဆီထိလားသို့ ရှင်အားချိမ့်ချိမ့် ပီတိစိမ့်အောင် နှစ်သိမ့် စေတော်မူလေပြီ၊ သ ဃရံ- အဘိဓမ္မာ ဒေသနာတော်မြတ် အ ဆုံးခတ်အောင် သုံးသပ်တော်မူရာ ရတနာရွှေအိမ်နှင့် တကွ သော၊ တံ နာထံ-ထိုရွှေအိမ်နန်းထက် စံမြန်းပျော်ရှင် ဘုရား ရှင်ကို၊ အဟံ- အကျွန်ုပ်သည်၊ နမာမိ- ဆယ်ချောင်းလက်စုံ ကြာဖူးငုံကို ပွင့်မှုံရှုရှု သီသအပြင် ချီမတင်၍ ကြည်လင်သဒ္ဒါ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား။ (ဤကား 'တော' ဟူသော

အက္ခရာကို အစထား၍ ရေးသား စီကုံးအပ်သော ပဏာမ ဂါထာပါဌ်အနက်တည်း)။

ဂ— ပဋ္ဌမသတ္တာဟ အဇပါလ ဆိတ်ကျောင်း ညောင်ပင် စေတီတော်နှင့် မြတ်စွာဘုရားကို ရှိခိုးကန်တော့ရန်။

အ ဂ်ီရသော မဟာပုညော၊ အဇပါလမုပါဂတော၊
နုတ္တရော မဟောသက္ခော၊ သာဇပါလံ နမာမိ တံ။

အင်္ဂီရသော-ရတီမည်မျှ ချိန်မရသည့် ထိန်ပတောက်လောင် ဝိန်စစ်တောင်ကို နေရောင်ဝါထိ ပဏာမိသဖြင့် တအိအိ တလင်း လင်း တဝင်းဝင်းတလျှပ်လျှပ် မပြတ်ပြိုးပြက် လျှပ်နွယ်ယှက် သကဲ့သို့ ပေါ်ထွက် ကွန့်မြူးသော ကိုယ်ရောင် တော်လည်း ရှိတော်မူထသော၊ မဟာပုညော-လူမင်းနတ်မင်း ဗြဟ္မာမင်းတို့ မာန်တင်းပလွှား မပြိုင်အားအောင် ကြီးမားသောဘုန်းတော် လည်း ရှိတော်မူထသော၊ မဟောသက္ခော-မြေလျှိုးမိုးပျံ အဘိ ညာဏ်ဖြင့် သဏ္ဍာန်ထူးခြား နတ်သိကြားနှင့် နဂါးဂဠုန် ဂုမ္ဘဏ်အဆင်း ခဏချင်းလျှင် ဖန်ဆင်းနိုင်ခြင်း စသော ဣဒ္ဓိ အမျိုးမျိုး ကြီးမြတ်သော တန်ခိုးလည်း ရှိတော်မူထသော၊ အနုတ္တရော-နှစ်ဆူမထွက် ဘူအချက်ဝယ် ပြိုင်ဘက်မပူ မြင့်မြတ် တော်မူထသော၊ ယောနာထော - အကြင် မြတ်စွာဘုရားသည်၊ အဇပါလံ-ဆိတ်ကျောင်းသားတို့ ပျော်ပါးခိုဝင် ဆိတ်ကျောင်း ညောင်ပင်သို့၊ ဥပါဂတော- ရွှေအိမ်တော်မှ လှမ်းကာထ၍.... မြန်းကြွ ချဉ်းကပ် တော်မူလေပြီ၊ သာဇပါလံ-ပဋ္ဌမသတ္တာဟ ဆိတ်ကျောင်းညောင်ဌာနနှင့်တကွသော၊ တံ နာထံ-ထိုညောင် ပင်ရင်း ကပ်ချဉ်းစံစား မြတ်ဘုရားကို၊ အဟံ-အကျွန်ုပ်သည်၊

နမာမိ-အဘ္ဗုလီမှန်း တင်ရည်မှန်းလျက် ရှင်လန်းသဒ္ဒါ ပြည်အမ တာကျိုး ရည်ကာကိုး၍ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား။ (ဤကား 'အ'ဟူသော အက္ခရာကိုအစထား၍ ရေးသားစီကုံး အပ်သော ပဏာမ ဂါထာ ပါဌ်အနက်တည်း။)

၉— ဆင့်သတ္တာဟ မုစလိန္ဒ ကျည်းပင်အိုင်နှင့်တကွ မြတ်စွာ ဘုရားကို ရှိခိုးကန်တော့ရန်။

သမ္ဗိဇာလေဟိ ဇောတေန္တော၊ မုစလိန္ဒေ မဟာသရေ၊
၅ ဝိရာဇာဝ ယော နာထော၊ သ ဌာနာတံ နမာမိ တံ။

ယောနာထော-အကြင် မြတ်စွာ ဘုရားသည်၊ မုစလိန္ဒေ-မုစ လိန္ဒ နာမထင်လင်း နဂါးမင်း၏ ပျော်ခင်းစံရာ မုစလိန္ဒာ အမည် ရှိသော၊ မဟာသရေ - ဝတ်မှုံစားသုံး ပျားပိတုန်းတို့ အုံးအုံးသဲသဲ ပျံကာဝဲ၍ ပျော်နွဲ့ကြရာ မွှေးနံ့သာဖြာသည့် ရွှေ ကြာမြိုင်မြိုင် မြတ်သောအိုင်၌၊ ရဝိရာဇာဝ-ဥဒည်စွန်းမှ ပေါ် ထွန်းထွက်လာ ရောင်ဝါညီးညီး နေမင်းကြီးကဲ့သို့၊ ရသ္မိဇာလေ ဟိ-ထိန်ပြောင်ဝဲဝဲ စိန်တောင်ကြီး ကဲ့သကဲ့သို့ ယှက်တွဲတောက် လောင် ရောင်ခြည်တော် ကွန်ယက်တို့ဖြင့်၊ ဇောတေန္တော-ဝန်း ကျင်ပတ်ချာ ဆယ်မျက်နှာဝယ် ခြောက်ဖြာအရောင် ပြောင် ပြောင် ဝင်းဝင်း ထွန်းလင်း တောက်ပတော်မူလျက်၊ နိသီဒိ- နဂါးကိုသားရင်းပမာ ကရုဏာဖြင့် ကောင်းစွာ ပင့် ထောက် ချီးမြှောက်ရှင်ပျော် စံနေတော်မူလေပြီ၊ သ ဌာနံ-မုစလိန္ဒာ ရွှေကြာမြိုင်မြိုင် ပန်းအိုင်သတ္တာဟ မြတ်ကျည်းပင်ဌာနနှင့် တကွ သော၊ တံ နာထံ-ထိုရွှေကြာအိုင်မင်း ကျည်းပင်ရင်း၌ သီတင်း သုံးတော်မူသော မြတ်စွာ ဘုရားကို၊ အဟံ-အကျွန်ုပ်သည်။

နမာမိ-ပီတိပြည့်လျှမ်း ဆီထိဂွမ်းသို့ ရွှင်လန်းသဒ္ဓါ အထူးဝပ်လျိုး ဦးညွတ်ကျိုး၍ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား။ (ဤကား 'ရ' ဟူသော အက္ခရာကို အစထား၍ ရေးသားစီကုံးအပ်သော ပဏာမဂါထာ ပါဠိအနက်တည်း။)

၁၀– သတ္တမ သတ္တာဟ လင်းလွန်းပင်နှင့် တကွသော မြတ်စွာ ဘုရားကို ရှိခိုးကန်တော့ရန်။

ဟ တာဝိဇ္ဇော ဂုဏာဓာရော၊ ရာဇာယတနပါဒပေ၊
ဝေ နိသိဒိ လက္ခိယာ၊ သဌာနာဟံ နမာမိ တံ။

ဟတာဝိဇ္ဇော-အရဟတ္တမဂ် ဓားသံလျက်ဖြင့် ပယ်ဖျက်ခုတ်ဖြတ် အမြစ်ပြတ်အောင် သတ်အပ်ပြီးသော အဝိဇ္ဇာရှိတော်မူထသော။ ဂုဏာဓာရော-အရဟံအစ အနန္တ သချေ်ျ တွက်ရေမရများလှသောင်းသောင်း ဂုဏ်တော်ပေါင်းတို့၏ စုအောင်းတည်နေရာလည်းဖြစ်တော်မူပေထသော။ ယောနာထော-အကြင်မြတ်စွာဘုရားသည်၊ ရာဇာယတနပါဒပေ-ပလ္လင်တော်နောက် ထွန်းတောက်လျှံဝါ ရောင်စုံဖြာသည့် ရာဇာယတန နာမမည်တွင် လင်းလွန်းပင်သတ္တာဟ ခုနစ်ခုမြောက်သော ဌာန၌၊ ဟဝေ-စင်စစ်၊ လက္ခိယာ-ထိန်ဝင်းပြိုးပြောင် စိန်စစ်တောင်သို့ခြောက်ရောင် ရွှန်းဝေ ဘုရားတို့အသရေဖြင့်၊ နိသိဒိ-ခုနစ်ရက်ပတ်လုံးသီတင်းသုံး၍ ရွှင်ပြုံးမွေ့လျော် နေတော်မူလေပြီ။ သဌာနံ-ခုနစ်ရက်ပတ်လုံး သီတင်းသုံး၍....ရွှင်ပြုံးမွေ့လျော် စံတော်မူရာ ရာဇာယတန လင်းလွန်းပင်ဌာနနှင့်တကွသော။ တံ နာထံ-ထိုဌာနဝယ် မျှတစံပျော် သုံးလူ့ဘော်ကို၊ အဟံ-အကျွန်ုပ်သည်၊

နမာမိ-ဘယလာဘ ကုလမဖက် သက်သက်သဒ္ဒါ ခေမာအကျိုး စေတနာဖြိုး၍ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား။ (ဤကား 'ဟ' ဟူသော အက္ခရာကို အစထား၍ ရေးသားစီကုံးအပ်သော ပဏ္ဏာမ ဂါထာ ပါဌ်အနက်တည်း)

၁၁– ဗောဓိမဏ္ဍိုင်မှ မိဂဒါဝုန်တောသို့ ကြွတော်မူသော မြတ်စွာဘုရားကို ရှိခိုးကန်တော့ရန်။

တော မရေန အရိံ ဟန္တွာ၊ မိဂဒါယံ မဟာဝနံ၊
သေတွာ ဥပကံ ဂန္တွာ၊ မဟာဇိနံ နမာမိ တံ။

ယောနာထော-အကြင်မြတ်စွာဘုရားသည်၊ တောမရေန-လေးပါးမဂ်ဉာဏ် လက်နက်မှန်သည့် ဘေးရန်ပယ်ကြောင်း လုံချွန်းတောင်းဖြင့်။ အရိံ-ရှေ့ဆောင်ဗိုလ်မှူး ဆယ့်နှစ်ဦးနှင့် ဗိုလ်မှူးနောက်ပါထောင့်ငါးရာခေါ် ရဲဘော်အမှန်ကိလေသာတည်း ဟူသောရန်ကို၊ ဟန္တွာ-ငါးယောက်တကြိမ် ခုတ်သတ်နှိမ်၍ သုံးကြိမ်ခုနစ်ယောက် လေးကြိမ်မြောက်မှာ ခံတပ်ကွာ၍။ ဗိုလ်ပါပျက်ပြုန်းအကုန်ရှုံးအောင် ဖျက်ဖြုန်းထိုးသတ် ချိုးဖြတ်နှိမ်နင်းတော်မူပြီး၍။ ဥပကံ–သင်၏ဆရာ မည်သူပါနည်း ရှင်ကြီးမည်တော် ဘယ်သို့ခေါ်ဟု ထုတ်ဖေါ်ကြောင်းလမ်း မေးစုံစမ်းသည့် ရဟန်းအသွင် ဝါလွင်ဝတ်ဆီး ဥပကမည်သော ပရဗိုဇ်ကြီးကို၊ တောသေတွာ-ငါသို့တသူ သယမ္ဘူမှာ ညွှန်သူကင်းကွာ ဆရာမရှိ ငါ၏မည်မှာ မဟာဇိန အောင်သူ့ဘဟု ခေတ္တတန့်နား ခရီးကြားဝယ် ထင်ရှားမြွက်ဖော် နှစ်သိမ့်စေတော်မူ၍။ မိဂဒါယံ မဟာဝနံ-တဆယ့်ရှစ်ယူဇနာ အဓွန့်ကွာသည့် မိဂဒါဝုန် ရဂုံသာမောစုံမြိုင်တောသို့၊ ဂန္တွာ-မြေပြင်စခန်း ခြေကျင်လှမ်း၍ ကွန့်

မြန်းကြွချီတော်မူလေပြီ၊ မဟာဇိနံ-ကိုယ်တော်တိုင်က နှုတ်တော်ဟသည့် အနုတ္တသညာ မဟာဇိန အမည်တော်ရသော၊ တံ နာထံ-ထိုဗောဓိနန်းမှ စခန်းထ၍ ကြွမြန်းတော်မူသော မြတ်စွာဘုရားကို၊ အဟံ-အကျွန်ုပ်သည်၊ နမာမိ-စေတနာမိုး စွေကာဖြိုးလျက် မြတ်နိုးသဒ္ဓါ နှလုံးသာစွာ သုံးဒွါရဖြင့် ဦးချရှိခိုးပါ၏ မြတ်စွာဘုရား။ (ဤကား 'တော' ဟူသောအက္ခရာကို အစထား၍ ရေးသားသီကုံးအပ်သော ပဏာမဂါထာပါဠိအနက်တည်း) (ဗောဓိမဏ္ဍိုင်ဌာနကို ယာုအခါ ဗုဒ္ဓဂယာ ခေါ်သည်)

၁၂—မိဂဒါဝုန်တော ဓမ္မစကြာဟောရာ အနုတ္တလက္ခဏာ သုတ်ဟောရာအရပ်နှင့်တကွ မြတ်စွာဘုရားကို ရှိခိုးကန်တော့ရန်။

သမ္မာ ပတ္တော မဟာတေဇော၊ ပဉ္စဝဂ္ဂိယ ဘိက္ခုနံ
ဓမ္မံ ပဝတ္တေသိ၊ သ ဌာနာဟံ နမာမိ တံ။

မဟာတေဇော-လောကသုံးခွင် ဘုံအပြင်ဝယ် ခုံတင်ပုံခိုင်း ဂုဏ်အလှိုင်းဖြင့် မနှိုင်းယှဉ်အပ် ကြီးမြတ်သော တန်ခိုးရှိတော်မူထသော-ယောနာထော အကြင်မြတ်စွာဘုရားသည်၊ မိဂဒါယံ-တဆယ့်ရှစ်ယူဇနာ အဓွန့်ကွာသည့် 'မိဂဒါဝုန်' ရဂုံသာမော စုံမြိုင်တောသို့၊ သမ္မာ—မပင်မပမ်း ချမ်းချမ်းသာသာ ကောင်းမွန်စွာ၊ ပတ္တော-ရွှေတောင်ကြီးနှယ် ရောင်ခြောက်သွယ်ဖြင့် တင့်တယ်လျှောက်ပတ် ရောက်တော်မူလတ်သည်ရှိသော်၊ ပဉ္စဝဂ္ဂိယဘိက္ခုနံ-ပဉ္စဝဂ္ဂီ အမည်ထင်ရှား ငါးဦးသော ရဟန်းတော်တို့အား၊ ဓမ္မံ-ဓမ္မစကြာဒေသနာနှင့် ရွှေစာအနတ္တ သုတ်နှစ်ဝကို၊ သမ္မာ-မဂ်ဖိုလ်နိဗ္ဗာန် သုံးတန်ရောက်ကြောင်း ကောင်းမွန်စွာ၊ ပဝတ္တေသိ-ဝေဘန်ပိုင်းခြားသိထင်ရှားအောင် ဟောကြားတော်

မူလေပြီ။ သဌာန်-'ဓမ္မစကြာ'ဒေသနာနှင့် 'ရွှေစာအနတ္တ' သုတ်ဓမ္မကို ထုတ်ပြဟောရာ မဝေးကွာသည့် နှစ်ဖြာသောဌာနနှင့် တကွသော၊ တံ နာထံ- ထိုနှစ်ဖြာဓမ္မစက် ဟောဖော်မြွက်သည့် ပြိုင်ဘက်ကင်းကွာ စောသတ္ထာကို၊ အဟံ-အကျွန်ုပ်သည်၊ နမာမိ-အရှင်ဖော်ထုတ်'ဒွေမေ'ပုဒ်ဖြင့်လက်အုပ်ချီကာ တောရဂုံနန်းဟောပုံမှန်းပြီး စိတ်တန်း ရှိခိုးပါ၏ မြတ်စွာဘုရား။ (ဤကား 'သမ္မာ'ဟူသောအက္ခရာကို အစထား၍ ရေးသား သီကုံးအပ်သော ပဏာမဂါထာပါဌ်အနက်တည်း)။

၁၃—ဇေတဝန်ကျောင်းတော်နှင့် မြတ်စွာဘုရားကို ရှိခိုးကန်တော့ရန်။

သံ ဃိဿရော မဟာပညော၊ ဒတွာ မတံ မဟာဇနံ၊
ဌိတောစိရံ ဇေတမှိ၊ သဝိဟာရံ နမာမိ တံ။

သံဃိဿရော - လေးကျွန်းသနင်း စကြာမင်းသို့ သားရင်းမျက်ရှု သမ္မုတိသံဃာ အရိယာကို မေတ္တာဖြန့်မိုး ဂုဏ်တန်ခိုးဖြင့် အစိုးရတော်မူထသော၊ မဟာစပညော- အဆုံးပိုင်းခြား မရှိငြားလည်း ထင်ရှားစေမူ ပုံရှာပြုသော် မြေထုပမာ ကြီးကျယ်သောပညာလည်း ရှိတော်မူထသော၊ ယောနာထော- အကြင်မြတ်စွာဘုရားသည်၊ မဟာဇနံ-မဟာဇနသာ တဆယ့်တမီး အရှိန်ကြီး၍ ညီးညီးပြောင်ပြောင် စွဲကာလောင်သည့် ဝဋ်နှောင်ကျဉ်းမြောင်း လူအပေါင်းအား၊ အမတံ-အလွန်ချိုအေး တရားတည်းဟူသော အမြိုက်ဆေးကို၊ ဒတွာ-အနာနှင့်ဆေး သင့်ရာရွေး၍တိုက်ကျွေးသောလား ပေးသနားတော်မူ၍၊ ဇေတမှိ—သာဝတ္ထိပြည်မှန် သရေလွှန်သော ဇေတဝန်ခေါ် ရွှေကျောင်း

တော်၌၊ စိရံ-လ,နှစ်,သင်္ချာ ရှည်မြင့်စွာ၊ သံ ဌီတော-တရား စည်မောင်း ရိုက်ဆော်ညောင်းလျက် ကိန်းအောင်းမွေ့လျော် ကောင်းစွာတည်နေတော်မူလေပြီ၊ သဝိဟာရံ-စံတော်မူရာ ရတနာအမွန် တုဘက်လွန်သည့် 'ဇေတဝန်'ခေါ် ရွှေကျောင်းတော်နှင့်တကွသော၊ တံ နာထံ- ထိုကျောင်းတော်ဝယ် ရှင်ပျော် စံစား မြတ်ဘုရားကို၊ အဟံ- အကျွန်ုပ်သည်၊ နမာမိ-ဆယ်ချောင်းလက်စုံ ထိပ်ထက်ပုံ၍ ကြည်ယုံသဒ္ဓါ အထူးဝပ်လျှိုး ဦးညွှတ်ကျိုး၍ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား။ (ဤကား 'သံ'ဟူသော အက္ခရာကို အစထား၍ ရေးသားသီကုံးအပ်သော ပဏ္ဏာမဂါထာ ပါဠ်အနက်တည်း)။

၁၄–ကုသိနာရုံပြည်၌ နိဗ္ဗာန်ဝင်စံတော်မူသော မြတ်စွာဘုရားနှင့်တကွ ဓာတ်တော် တောဇောဓာတ်ကုန်း လျှောင်းတော်မူ ရုပ်ပွားတော်ကြီးတို့ကို ရှိခိုးကန်တော့ရန်။

ဗုဒ္ဓဿ သာလဥယျာနေ၊ နိဗ္ဗုတဿ စ တာဒိနော၊
တဿ ဓာတုယော၊ ဌာနံ ရူပံ နမာမဟံ။

သာလဥယျာနေ-ကုသိနာရုံ ရွှေဘုံပိုင်နှင်း မလ္လာမင်းတို့ အင်ကြင်းမည်တွင် ပန်းဥယျာဉ်၌၊ နိဗ္ဗုတဿ-ရွှေပြည်အမတ နေရဗာန်သို့ ဝင်စံကြွယိမ်း ဇာတ်တော်သိမ်း၍ ငြိမ်းတော်မူပြီးထသော၊ တာဒိနော–ရှစ်ပါးအမှန် လောကဓံတို့ကြောင့် ဖောက်ပြန်မတုန် တာဒိဂုဏ်နှင့် ပြည့်စုံတော်မူထသော၊ ဗုဒ္ဓဿစ-နိဗ္ဗာန်စံဝင် ဘုရားရှင် ကိုယ်တော်မြတ်အားငှင်း၊ တဿဗုဒ္ဓဿ-ထိုကြွင်းသာစွ နန်းအမတသို့ လှမ်းကြွစိုဝင် ဘုရားရှင်၏၊ ဓာတုယော စ-အသမ္ဘိန္န သမ္ဘိန္နဟု သရီရဓာတ် 'မွေတော်မြတ်' တို့ကို

ငှင်း၊ ဌာနုဠု-လက်ျာနံတောင်း ကိုယ်တော်လျှောင်း၍ ကြွ ပြောင်းနိဗ္ဗူ ယူရာဌာန 'မြေသာစွ'နှင့် ဗုဒ္ဓအလောင်း တဖန် ပြောင်း၍အပေါင်းလူဗိုလ် ဝိုင်းအုံငိုလျက် သင်္ဂြိုဟ်ကြရာ ခုအခါ လည်း သူငါခပဲ အလွမ်းကဲ၍ ဝမ်းနည်းစဖွယ် ကွင်းပြင်လယ်၌ ချုံနွယ်ပိတ်ဖုံး'တောဇောခေတ်ကုန်း' ကိုငှင်း၊ ရူပဠု-ဥယျာဉ်မြေ ခင်း ဂူတော်တွင်းဝယ် ရှင်ရင်းကိုယ်စား တည်ပန်ထားသည့် ရုပ်ပွားတဆူ လျှောင်းတော်မူကြီးကိုငှင်း၊ အဟံ-ပဋိစ္စဝဋ် သံသာ ညွတ်မှ မလွတ်နိုင်ပဲ တလဲလဲဖြင့် ဆင်းရဲဒုက္ခ ခံနေရသော အကျွနုပ်သည်၊ နမာမိ-စိန်ခိုင်ပန်းခက် ဆယ်ချောင်းလက်ဖြင့် ပြိုးပြက်ဝင်းထိန်....မနေခေတ်အိုး ဇောမြတ်ဖြိုး၍ ရှိခိုးဦးနှိမ် ပါ၏ မြတ်စွာဘုရား။

(ဤကား 'ဗုဒ္ဓသာ'ဟူသော ပုဒ်ကို အစထား၍ ရေးသား သီကုံးအပ်သော ပဏာမဂါထာပါဌ်အနက်တည်း။)

(ဤဂါထာ၁၄-ပုဒ်ပါသော နမောတဿဂီတိကျမ်း(စတုတ္ထနှိပ်ခြင်း) ကို အလယ်တောရ အလယ်တိုက်ကြီး၊ ဓမ္မာစရိယ အရှင်ဇဝန တိက္ခာ ဘိဝံသက ကျေးဇူးပြုပါသည်။)

---

### သိကြားဥဒါန်း နမောတဿအနက်များ
### ကျေးဇူးတော်ရှင် မဟာဝိသုတာရာမ ဓိပတိဆရာတော်
### အရှင်ပညာ မဟာထေရ်၏ နမော တဿ အနက်

ယောဘဂ္ဂဝါ- အကြွင်းမြတ်စွာဘုရားသည်၊ အရဟံ-ပြဟ္မာ နတ်လူ သုံးဘုံသူတို့၏ကြည်ဖြူကော်ရော် ပူဇော်အထူးကို ခံတော် မူထိုက်၏၊ ဝါ-သံသရာစက် ကန့်အတွက်ကို ဖျက်ဆီးတော်မူတတ်

၏၊ ဝါ—ဆိပ်ကွယ်ရာအရပ်၌ မကောင်းမှုကို ပြုခြင်းရှိတော်မမူ၊ ဝါ-ထောင့်ငါးရာရန်ကိုလေမာရ်ကို လေးတန်မင်္ဂပေါင်း လက်နက်ကောင်းဖြင့် ထောင်းထောင်းကြေညက် အကုန်ပျက်အောင် ချိုးဖျက်တော်မူတတ်၏၊ သမ္မာသမ္ဗုဒ္ဓေါ—သစ္စာလေးပါး မြတ်တရားကို ထင်ရှားပိုင်ပိုင် ကိုယ်တော်တိုင် သိတော်မူတတ်၏။

အရဟာတော-ပြဟ္မာနတ်လူ သုံးဘုံသူတို့၏ ကြည်ဖြူကော်ရော် ပူဇော်အထူးကို ခံတော်မူထိုက်သော၊ ဝါ- သံသရာစက်ရှိကန့်အတွက်ကို ဖျက်ဆီးတော်မူတတ်သော၊ ဝါ-ဆိပ်ကွယ်ရာအရပ်၌ မကောင်းမှုကို ပြုခြင်းရှိတော်မမူသော၊ ဝါ-ထောင့်ငါးရာရန် ကိလေမာရ်ကို လေးတန်မင်္ဂပေါင်း လက်နက်ကောင်းဖြင့် ထောင်းထောင်းကြေညက် အကုန်ပျက်အောင် ချိုးဖျက်တော် မူတတ်သော၊ သမ္မာသမ္ဗုဒ္ဓဿ—သစ္စာလေးပါး မြတ်တရားကို ထင်ရှားပိုင်ပိုင် ကိုယ်တော်တိုင် သိတော်မူတတ်သော၊ တဿဘဂဝတော-ထိုမြတ်စွာဘုရားအား၊ မေ—အကျွန်ုပ်၏၊ နမော— ရှိခိုးကြောင်းဖြစ်သော ရတနတ္တယပဏာမ စေတနာသည်၊ အတ္ထု-ဖြစ်ပါစေသား။ (မဟာထေရလလိတကျမ်း ၃၂၇-မှ)

## ကျေးဇူးတော်ရှင် မဟာဝိသုတာရာမာဓိပတိ ဆရာတော် အရှင်နန္ဒဝံသမဟာထေရ်၏ နမော တဿအနက်

ယောဘဂဝါ-အကြင်မြတ်စွာဘုရားသည်၊ ဒီပင်္ကရဿ-ဒီပင်္ကရာ အမည်ရှိတော်မူသော၊ ဘဂဝတော—မြတ်စွာဘုရား၏၊ သန္တိကာ-အထံတော်မှ၊ တွံ-ရှင်ရသေ့ကြီးသည်၊ ဓုဝံ- စင်စစ်ကေန်အမှန်မချွတ်။ဗုဒ္ဓေါ-မြတ်ဘုရားသည်။ ဘဝိဿတိ-ဖြစ်လိမ့်လတ့်၊ ဣတိ-ဤသို့၊ နိယတဗျာကရဏလဒ္ဓ-နိယတဗျာဒိတ် ပန်းတံဆိပ်

ကို၊ပိလန္ဒိတွာ-ဖန်ဆင်းတော်မူ၍၊ သုမေဓတ္တဘာဝတော-သုမေဓာရှင်ရသေ့၏အတ္တဘောမှ၊ပဘုတိ-စ၍၊ယာဝ ဝေဿန္တရတ္တဘာဝတော-ဝေဿန္တရာမင်း၏အတ္တဘော-တိုင်အောင်၊အနေကေသု-များစွာကုန်သော၊ အတ္တဘာဝေသု-အတ္တဘောတို့၌ သမတိံသပါရမီယော-အယုတ်အလတ်အမြတ်အားဖြင့် အမျှသုံးဆယ်သောပါရမီတော်တို့ကို၊ပူရေတွာ-မဆုတ်မနစ် ဖြည့်ကျင့်တော်မူပြီး၍၊ အန္တိမအတ္တဘာဝေ-နောက်ဆုံးဖြစ်သော သိဒ္ဓတ္တမင်း၏ အတ္တဘော၌၊ ဧကူနတိံသဝဿဝယေ-နှစ်ဆယ့်ကိုးနှစ်အရွယ်၌၊ နိက္ခမိတွာ-တောထွက်တော်မူ၍၊ ဆဗ္ဗဿာနိ- ခြောက်နှစ်တို့ပတ်လုံး၊ ဒုက္ကရစရိယံ-ဒုက္ကရစရိယာကို၊ ဝါ-ပြုနိုင်ခဲသော အကျင့်ကို၊ စရိတွာ-ကျင့်တော်မူပြီး၍၊ ပဉ္စတိံသဝယေ-သုံး ဆယ့် ငါး နှစ်အရွယ်၌၊ ဝိသာခပုဏ္ဏဒိဝသေ-ကဆုန်လပြည့်နေ့၌၊ သူရိယေ-နေသည်၊အနတ္ထင်္ဂတေယေဝ-မဝင်မီသာလျှင်၊ ဒေဝပုတ္တမာရံ-ဒေဝပုတ္တမာရ်ကို၊ ဇိနိတွာ-အောင်တော်မူပြီး၍၊ ရတ္တိယာ-ညဉ့်၌၊ ပဌမယာမေ-ပဌမယာမ်၌၊ ဝါ-ညဉ့်ဦးယာမ်၌၊ ပုဗ္ဗေနိဝုတ္ထက္ခန္ဓပဋိစ္ဆာဒကံ-ရှေးဘဝ၌နေအပ်သော ခန္ဓာအစဉ်ကို ဖုံးလွှမ်းတတ်သော၊ အဝိဇ္ဇန္ဓကာရံ-အဝိဇ္ဇာတည်းဟူသော ဥဒ္ဓကိုး။ ပုဗ္ဗေနိဝါသာနုဿတိဉာဏမုခ တုဏ္ဍကေန-ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်တည်းဟူသော နှုတ်သီးဖျားဖြင့်၊ ပဒါလေတွာ-ဖေါက်ခွဲတော်မူပြီး၍၊မဇ္ဈိမယာမေ-မဇ္ဈိမယာမ်၌၊ စုတုပပါတပဋိစ္ဆာဒကံ-စုတိပဋိသန္ဓေကို ဖုံးလွှမ်းတတ်သော၊အဝိဇ္ဇန္ဓကာရံ-အဝိဇ္ဇာတည်းဟူသော ဥဒ္ဓကိုး၊ စုတုပပါတဉာဏတုဏ္ဍကေန-စုတိပဋိသန္ဓေကို သိတတ်သော ဒိဗ္ဗစက္ခုဉာဏ်တည်းဟူသော နှုတ်သီးဖျားဖြင့်၊ ပဒါလေတွာ-ဖေါက်ခွဲ၍၊ မစ္ဆိမယာမေ-မစ္ဆိမယာမ်၌၊ ဝါ-မိုး

သောက်ယာမ်၌၊ ဝါ-လင်းအားကြီးယာမ်၌၊ စတုသစ္စပဋိစ္စာဒကံ- လေးပါးသော သစ္စာကို ဖုံးလွှမ်းတတ်သော၊ အဝိဇ္ဇန္ဓကာရသံ- အဝိဇ္ဇာတည်းဟူသော ဥဍ္ဍကို၊ အာသဝက္ခယဉာဏတုလ္လကေန-အာသဝေါတရားတို့ကို ကုန်စေတတ်သော အရဟတ္တမဂ်ဉာဏ်တည်းဟူသော နှုတ်သီးဖျားဖြင့်၊ ပဒါလေတွာ-ဖေါက်ခွဲ၍၊သဗ္ဗကိလေသေ-တခုမကြွင်း ခပင်းဥဿုံ အလုံးစုံသောကိလေသာတို့ကို၊ ဘဥ္ဇိတွာ-ချိုးဖွဲ့ဖျက်ဆီးတော်မူပြီး၍၊ အနုတ္တရံ-မိမိကိုလွန်သော တရားမရှိသော၊ ဝါ-အတုမရှိမြတ်သော၊သမ္မာသမ္ဗောဓိံ၊ မဖေါက်မပြန် ကိုယ်တိုင်သိတတ်သော အရဟတ္တမဂ်ဉာဏ်သဗ္ဗညုတဉာဏ်ကို၊ အဘိသမ္ဗုဒ္ဓေါ- ထိုးထွင်း၍ သိတော်မူပြီးသည်၊ ဟုတွာ ဖြစ်၍၊ ရာဇာတိရာဇာ - မင်းအပေါင်းတို့ထက်မြတ်သော မင်းမြတ်အစစ်ကြီးဖြစ်တော်မူသည်၊ ဒေဝါတိဒေဝါ-နတ်အပေါင်းတို့ထက်မြတ်သော နတ်မြတ်အစစ်ကြီး ဖြစ်တော်မူသည်၊ ဗြဟ္မာတိဗြဟ္မာ-ဗြဟ္မာအပေါင်းတို့ထက်မြတ်သော ဗြဟ္မာမင်းအစစ်ကြီးဖြစ်တော်မူသည်၊ သက္ကာတိသက္ကာ—သိကြားမြတ်အပေါင်းတို့ထက် မြတ်သော သိကြားမင်းမြတ်အစစ်ကြီး ဖြစ်တော်မူသည်၊ အနာဝရဏဉာဏော-အနှောက်အယှက် အပိတ်အပင် အဆီးအတား အကန့်အကွက်မရှိသော သမ္ဗညုတဉာဏ်ရှိတော်မူသည်၊ မဟာဝဇီရဉာဏော-ကြီးကျယ်မျှားမြတ် ပူဇော်အပ်သော စိန်တုံးနှင့်တူသော မဟာဝိပဿနာဉာဏ် ရှိတော်မူသည်၊ ဒသဗလဓရော-ဆယ်ပါးသော ကာယဗလ ဆယ်ပါးသော ဉာဏဗလကို ဆောင်တတ်သည်၊ ဟုတွာ-ဖြစ်တော်မူ၍၊ပဥ္စစတ္တာလီသဝဿာနိ – လေးဆယ့်ငါးဝါတို့ပတ်လုံး၊ အရဟန္တသေတစ္ဆတ္တံ-အရဟတ္တဖိုလ်တည်းဟူသော ထီးဖြူတော်ကို၊စာရေတွာ

ဆောင်းတော်မူ၍၊ ဓမ္မဝိဇယသောရိ-တရားတည်းဟူသောအောင်စည်တော်ကို၊ ပဟာရိတ္ထာ-ကောင်းကင်မြေကြီး ပဲ့တင်ဟီးအောင် ရိုက်တီးဆော်ယွန်းတော်မူပြီး၍၊ ဓမ္မဝိဇယသဘာ-တရားတည်းဟူသော အောင်ပွဲသဘင်ကို၊ ပသာရေသိ-ကျင်းပတော်မူလေပြီ၊ ဝါ-ခင်းကျင်းတော်မူလေပြီ။

အရဟာတော-ပူညာ ပူည အာနဥ္ဇုဟု သုံးဝစနက် ကန့်အကွက်ကို ပယ်ဖျက်ခုတ်ထွင် သုမ် သင် ရှင်းလင်းတော်မူတတ်သော၊ သမ္မာသမ္ဗုဒ္ဓသာ-သစ္စာလေးလီ ခိုင်နှင်းဆီကို မမှီဆရာ ကိုယ်ချည်းသာလျှင် ကောင်းစွာသိမြင်တော်မူပြီးသော၊ တဿ ဘဂဝတော ထိုမြတ်ဘုရားအား၊ မေ-အကျွန်ုပ်၏၊ နမော-ရှိခိုးခြင်းသည်၊ ဝါ-ညွတ်ယိမ်းကိုင်းရှိုင်းခြင်းသည်၊ ဝါ-ခြေလက်နဖူး တတောင်ဒူးဟု ငါးဦးတည်ရိုး ကော်ရော်မျိုးဖြင့် ရှိခိုးခြင်းသည်၊ အတ္ထု-ဖြစ်ပါပေ၏။

ဣမိနာ ဗုဒ္ဓပဏာမေန- ဤဗုဒ္ဓပဏာမဖြင့်၊ ဝါ- မြတ်စွာဘုရားအား ရှိခိုးကြောင်းဖြစ်သော စေတနာကြောင့်။ မေ-အကျွန်ုပ်အား၊ ယတိစ္ဆိတတ္တော-အကြင် အကြင် အလိုရှိအပ်သော ကောင်းကျိုး ချမ်းသာ မင်္ဂလာ အပေါင်း သည်၊ ယာဘာဇ္ဈာသယံ-အကြင် အကြင် အလိုရှိတိုင်း၊ ဝါ-အလိုအားလျော်စွာ၊ သမိဇ္ဈတု-ပြီးပြည့်စုံပါစေသတည်း။

(သုတ်သီလက္ခန်အဋ္ဌကထာနိဿယ နှာ ၆-မှ)

ရန်ကုန်မြို့ သာသနာ့ရိပ်သာ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော် အရှင်သောဘန မဟာထေရ်၏ နမော တဿ အနက်။

အရဟာတော-နတ်လူမြဟ္မာ သတ္တဝါအပေါင်းတို့၏ လိုလားတောင့်တအပ်သော ချမ်းသာကို ရကြစေရန် ပူဇော်အထူးကို

ခံတော်မူထိုက်သော၊ သမ္မာသမ္ဗုဒ္ဓဿ-သစ္စာလေးတန် တရားမှန်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်ကန်စွာ သိတော်မူသော၊ တဿ ဘဂဝတော-ထိုမြတ်စွာ ဘုရားအား၊ နမော-ရှိခိုးပါ၏။ ဝါ-ရှိသေမြတ်နိုးလက်အုပ်မိုးလျက် ရှိခိုးခြင်းဖြစ်ပါစေသတည်း။

(သက္ကပဉ္စသုတ် တရားတော်မှ)

မန္တလေးမြို့ မန္တလေးတောင်ခြေ မိုးထိကျောင်းတိုက်
မိုးထိဆရာတော်ဘုရားကြီး ရေးသားတော်မူအပ်သော
နမော တဿ အနက်။

အရဟတော-လူမင်း နတ်မင်း ဗြဟ္မာမင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော၊ သမ္မာသမ္ဗုဒ္ဓဿ-သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူတတ်သော၊ တဿ ဘဂဝတော - ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာ ဘုရားအား၊ နမော-ရှိခိုးခြင်းသည်၊ အတ္ထု-ဖြစ်ပါစေသတည်း။ (နမော တဿ ဘုရားရှိခိုးကြီးဖွင့်အကျယ်၆၉-မှ)

ပရိတ္တဋီကာ နိဿယ ကျမ်းပြုဆရာတော်ဘုရားကြီး၏
နမော တဿ အနက်။

ယောဘဂဝါ-အကြင်မြတ်စွာဘုရားသည်၊ အရဟာ-ပူဇော်အထူးကို ခံတော်မူထိုက်၏၊ သမ္မာသမ္ဗုဒ္ဓဿ-သစ္စာ လေးပါး တရားတို့ကို အလိုလိုကိုယ်တော်တိုင်သာလျှင် သိတော်မူတတ်၏၊ အရဟတော-ပူဇော်အထူးကိုခံတော်မူထိုက်သော၊ ဘဂဝတော ဘုန်းတော်ခြောက်ပါး ရှိတော်မူသော၊ တဿ သမ္မာသမ္ဗုဒ္ဓဿ-ထိုသဗ္ဗညုတအထွတ် မြတ်စွာဘုရားအား၊ နော-တပည့်တော်တို့၏၊ နမော-ရှိခိုးခြင်းသည်၊ အတ္ထု၊ဘဝတု-ဖြစ်ပါစေသတည်း။

(ပရိတ္တဋီကာ နိဿယ နှာ ၁၂၄-မှ)

### တွံတေးမူ ပရိတ်ကြီးနိဿယ ကျမ်းပြု ဆရာတော်ဘုရားကြီး၏ နမော တဿ အနက်။

အရဟတော-လူနတ်ပြဟ္မာ သတ္တဝါခပင်း အမင်းမင်းတို့၏ ဝတ်စင်းဦးခိုက် ပူဇော်အထူးကိုခံတော်မူထိုက်ထသော၊ သမ္မာသမ္ဗုဒ္ဓဿ - မဖေါက်မပြန် သယမ္ဘူဉာဏ်ဖြင့် ငါးတန်ဉေယျ ဓမ္မလုံးစုံ တရားအဖုံဖုံကို အကုန်အစင် သိမြင်တော်မူပြီးထသော တဿဘဂဝတော-ဣဿရိယ စသည်အပြား ဘုန်းတော်ခြောက်ပါးသခင် ထိုဘုရားရှင်အား၊ နမော-ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။ (တွံတေးမူ ပရိတ်ကြီးနိဿယ နှာ ၁၄၇-မှ)

### မြင်းခြံမြို့ ကိုးဆောင်တိုက် ပရိတ်ကြီး နိဿယ ကျမ်းပြုဆရာတော်ဘုရားကြီး အရှင်ဝေပုလ္လာဘိဝံ မဟာထေရ်၏ နမော တဿ အနက်။

အရဟတော-ပြဟ္မာ နတ်လူ သုံးဘုံသူတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်ထသော၊ သမ္မာသမ္ဗုဒ္ဓဿ–ဉေယျငါးဆူ တရားဟူသည်ကို ဘူသယံဖြင့် သူမဆန်ဘိ ကိုယ်တော်တိုင် သိတော်မူထသော၊ တဿ ဘဂဝတော–သဟဿရောင် ခြည်တထောင်ကဲ့သို့ ရည်မှောင်မခို ဘုန်းတော်ရောင် စိုလှသော ထို သုံးလူ့ထွတ်ထား မြတ်ဘုရားအား၊ နမော–ရွှေငှက်ပျောရွက် မြေလျောသက်၏သို့ လက်စုံဝပ်လျှိုး ဦးနှိမ်ကျိုး၍ ရှိခိုးပူဇော်ပါ၏အရှင်ဘုရား။

(ကိုးဆောင်မူ မဟာပရိတ်တော်ကြီး နိဿယ နှာ ၁၃-မှ)

---

# ဗုဒ္ဓသာသနာဝင်

ဗုဒ္ဓသာသနာသို့ဝင်ရောက်လာသောသူကို(ဗုဒ္ဓဘာသာဝင်) ဗုဒ္ဓဘာသာသာသနာဝင်ဟုခေါ်ကြ၏။ ဗုဒ္ဓသာသနာသို့ဝင်လာကြသူတို့မှာ နတ်အမျိုးမျိုး လူအထွေထွေတို့ ဖြစ်ကြလေသည်။

ဗုဒ္ဓသာသနာသို့ ဝင်လာကြသော နတ်နှင့်လူတို့သည် ဥပါသကာအဖြစ်ဖြင့်ဖြစ်စေ၊ ရှင်ရဟန်းအဖြစ်ဖြင့်ဖြစ်စေ ဝင်ကြရပါ၏။ (ဒေဝမနုဿာ ဥပါသက ဘာဝေန ပဗ္ဗဇိတဘာဝေန ဝါသာသနံ ဩသရန္တိ-ခုဒ္ဒပါဌ အဋ္ဌကထာ စာမျက်နှာ ၁၃)

ဥပါသကာဟူသည် 'ရတနာမြတ်သုံးပါးကို ဆည်းကပ်သူ' မည်ပါ၏။ ရတနာမြတ်သုံးပါးကို ဆည်းကပ်သူ ဥပသကာဟူသည်မှာ သရဏဂုံသုံးပါး တည်မြဲ၏။ နတ်တို့သည် ဥပသကာအဖြစ်ဖြင့် သာသနာသို့ဝင်ကြရ၏။ လူတို့မှာမူ ဥပါသကာအဖြစ်ဖြင့်ဖြစ်စေ၊ ရှင်ရဟုန်းအဖြစ်ဖြင့်ဖြစ်စေ သာသနာသို့ဝင်နိုင်ပါသည်။

## သိကြားမင်း

သိကြားမင်းသည် ဗုဒ္ဓမြတ်ဘုရားပွင့်တော်မူသည်မှစ၍ ဗုဒ္ဓမြတ်ဘုရားနှင့် အကြိမ်ကြိမ်တွေ့ခဲ့ဘူးသော်လည်း ဗုဒ္ဓသာသနာဝင် ဥပသကာအဖြစ်ကိုမူ ဣန္ဒသာလလိုဏ်ဂူသို့ သွားရောက်ဖူးမြော်ကာမှသာ ခံယူခဲ့ရပါ၏။ သိကြားမင်းသည် ဗုဒ္ဓ၏ဂုဏ်တော်တို့ကို ဗုဒ္ဓပွင့်တော်မူကထဲကပင် သိပြီးဖြစ်သော်လည်း အခါအခွင့်မသင့်သေး၍ ဗုဒ္ဓမြတ်ဘုရားအား ရင်းရင်းနှီးနှီး မချဉ်းကပ်ခဲ့ရ။ ဣန္ဒသာလလိုဏ်ဂူ၌ ဗုဒ္ဓမြတ်ဘုရား သီတင်းသုံးတော်မူမှပင် ရင်းနှီးစွာ ဆည်းကပ်ခွင့်ရခဲ့ပါသည်။

ထိုအခါက 'နတ်လူတို့သည် ချမ်းချမ်းသာသာ နေထိုင်လိုကြပါလျက် အဘယ်ကြောင့် ချမ်းချမ်းသာသာ မနေနိုင်ကြပဲ ခိုက်

ရန်ခဒါသဖြစ်ကြပါသနည်း’ဟု မေးလျှောက်၏။ ဗုဒ္ဓမြတ်ဘုရားက ထိုပြဿနာကို ကောင်းစွာဖြေကြားတော်မူသောအခါဘဝအခြေအနေ္တက မကြားခဲ့ဘူးသေးသော တရားအထူးတို့ကို ကြားနာရသော သိကြားမင်းသည် နှလုံးသားမှ ပျို့အန်၍ တက်လာသဖြင့် နမောတဿကို ကျူးရင့်ရှိခိုးလေသည်။

ဤသို့ သိကြားမင်းသည် ‘နမောတဿ’ဥဒါန်းကို ကျူးရင့်ခြင်းမှာ ဘုရားအဖြစ်ဝေ ာ်စဥ်ကို ကောင်းစွာ ဆင်ခြင်မိပြီးသားဖြစ်၍ငင်း၊ မျက်မှောက်၌လဲ ဗုဒ္ဓမြတ်ဘုရား ဟောကြားတော်မူသော အပယ်ဘေးငြိမ်းခွင့် ဉာဏ်အဆင့်ကို ရောက်နိုင်သည့် သစ္စာလေးပါး တရားအထူးကို ကိုယ်တိုင်နာကြားရ၍ငင်း၊ သူ၏အနာဂတ်ဘဝကို မြင်ပြီးဖြစ်၍ငင်း ဖြစ်ပါသည်။

ဖြဟ္မာယုသုခမိန်

ထိုမှတပါး ဖြဟ္မာယုသုခမိန်ကြီး စသော ပုဂ္ဂိုလ်တို့သည်လည်း ဗုဒ္ဓ၏ဂုဏ်တော်တို့ကို ကြားလိုက်ရသည်နှင့် တပြိုင်နက် ပါရမီဓာတ်ခံ အားလျော်စွာ ရှိနှင့်ပြီးသော အသိဉာဏ်ဖြင့် ပိုင်းခြား ဝေဘန်ပြီးလျှင် အတုလဘဝဂါအစစ်ဖြစ်ကြောင်း ဆုံးဖြတ်၍ ဦးညွှတ်ရိုကျိုး ရှိခိုးကြကာ နမောတဿ ဥဒါန်းကို ကျူးရင့်ကြခြင်းဖြစ်ပေသည်။

ဤသို့ကြားကာမျှဖြင့် ဉာဏ်ဖြင့်ဇိုင်းတာ၍ ရှိခိုးလိုက်ကြရသော စေတနာအဟုန်တို့ကြောင့် ထိုဘဝ၌ပင် သစ္စာလေးပါး တရားအထူးတို့ကို ရကြ သိမြင်ကြ၏။ လူ့ချမ်းသာ သုခတို့ကို ချေဖျက်တတ်သည့် အလွန်ဆိုးဝါး ကြမ်းတမ်းလှသော ဤသာ မတွေ့ရ တရားဆိုးတို့ကို အပြီးအပိုင် ပယ်ခွာနိုင်သည့် အဆင့်သို့ ရောက်ကြရ၏။ ဤဘဝ၌သာမဟုတ် ဘဝ အဆက်ဆက်တို့၌

နတ်အချင်းချင်း, လူအချင်းချင်း ခိုက်ရန်ဒေါသဖြစ်တတ်သော တရားဆိုးတို့ လုံးဝ မဖြစ်တော့သောကြောင့် မနာလိုကင်း ဝန်တိုရှင်း လက်ငင်းချမ်းသာကြရကာ အကောင်းဆုံးသော နတ်ချမ်းသာ၊ အကောင်းဆုံးသော လူချမ်းသာတို့ကို အစဉ်မပြတ် ခံစားစံစားပြီး မအိုရာ မနာရာသို့ ကူးမြောက်သွားနိုင်ပေတော့သည်။

နမော ဗုဒ္ဓဿ

ဗုဒ္ဓမြတ်ဘုရား လက်ထက်တော်က ထင်းလှည်းသမားကြီး၏ သား ဖြစ်သော မောင်မိစ္ဆာသည် 'နမောတဿ' တပုဒ်လုံးကိုပင် ရွတ်ဆိုနိုင်သည် မဟုတ်ပဲ 'နမောဗုဒ္ဓဿ' ကို ရွတ်ဆိုကာမျှဖြင့်ပင် လောက၌ လူချမ်းသာကိုလဲ အဆင့်အတန်းမြင့်မြင့် ရသွား၏။ အိုခြင်း, နာခြင်းကင်းရာသို့လဲ ရောက်သွား၏။ ထို မောင်မိစ္ဆာကလေးသည် နမောဗုဒ္ဓဿကို အရေးကြုံကာမှ ကောက်ခါငင်ကာ ရွတ်ဆိုခြင်း မဟုတ်၊ စောစောကထဲကပင် ဗုဒ္ဓဂုဏ်တော်တို့ကို အစဉ်မပြတ်အောက်မေ့ဆင်ခြင်လာခဲ့သောကြောင့် အရေးပေါ်လာ၍ 'နမောဗုဒ္ဓဿ' ဟုရွတ်လိုက်သောအခါ တန်ခိုးထက်ခြင်းဖြစ်၏။

အရည်အချင်းက ပိုလို

ဗုဒ္ဓါနုဿတိ ဟူသည်မှာ ဗုဒ္ဓဂုဏ်တော်တို့ကို အစဉ်မပြတ် အောက်မေ့ခြင်း၊ အစဉ်မပြတ်သတိရခြင်းကို ဆိုလိုပါ၏။ နေ့စဉ် နေ့တိုင်း တနေ့လျှင် နာရီဝက် တနာရီဖြစ်စေ၊ နှစ်နာရီဖြစ်စေ၊ သုံးနာရီဖြစ်စေ ဗုဒ္ဓဂုဏ်တော် တပါးပါးကို အောက်မေ့ဆင်ခြင်ရန် ဖြစ်ပါ၏။အရေးအတွက်ထက် အရည်အချင်းက ပို၍ လိုပါသည်။

## ကိလေသာ ကြားမဝင်အောင်

အကြိမ်တထောင် တသောင်းရွတ်ခြင်းထက် မိမိရွတ်ဆိုသည့် ဂုဏ်တော်၏ အနက်ကို အစဉ်မပြတ်ထင်မြင်၍ ဖြည်းညှင်းစွာ ရွတ်နေခြင်းက ပို၍ ကောင်းပါ၏။ အစဉ်မပြတ်ဆိုသည်မှာ ဗုဒ္ဓ၏ ဂုဏ်တော်ကို ပါဠိလိုပဲဖြစ်ဖြစ်၊ မြန်မာလိုပဲဖြစ်ဖြစ် သို့မဟုတ် ပါဠိရော, မြန်မာလိုပဲဖြစ်ဖြစ် ကိလေသာ ကြားမဝင်အောင် အစဉ်မပြတ်ဆင်ချင်ခြင်း၊ နှလုံးသွင်းနေခြင်း၊ သတိရနေခြင်းကို ဆိုလိုပါသည်။

ဗုဒ္ဓဂုဏ်တော်တို့ကို အစဉ်မပြတ် သတိရနေမှု ကြာလေလေ မိမိမှာ စိတ်တည်မှုသမာဓိ အရှိန်ကောင်းလေလေ ဖြစ်ပါ၏။ သမာဓိအား ကောင်းကောင်းနှင့် ဗုဒ္ဓဂုဏ်တော်ကို စူးစူးစိုက်စိုက် အမှတ်ရ ရှုပွားနေနိုင်လေလေ လောဘ, ဒေါသ စသော ကိလေသာတို့နှင့် အချိန်ကြာမြင့်စွာ ဝေးလေလေ ဖြစ်သောကြောင့် စိတ်တန်ခိုးထက်မြက်လေလေ ဖြစ်ပါတော့သည်။ စိတ်တန်ခိုး ထက်မြက်သည်နှင့် အမျှလဲ အန္တရာယ်ကင်းခြင်း အရာရာမှာ အောင်မြင်ခြင်း စသော ကောင်းကျိုးချမ်းသာ မင်္ဂလာတို့ကို အလိုလို ရလာမည်ဖြစ်ပါသည်။

## ဒီပဲရင်း ဆရာတော်ကြီး

ဒီပဲရင်းဆရာတော်ဘုရားကြီးသည် သာသနာတော်၌အလွန် တရာ ထင်ရှားခဲ့သော ဆရာတော်ဘုရားကြီး ဖြစ်ပါ၏၊ ဆရာ တော်ဘုရားကြီးကို လာရောက် ဖူးကြသော ဒကာ ဒကာမတို့ အား "ညလုံးပေါက် ပွဲကြည့်ဘူးကြရဲ့လား"ဟု မေးလေ့ရှိ၏၊ "ကြည့်ဘူးပါဘုရား"ဟုဖြေလျှင် "ညလုံးပေါက်ကော ဘုရား ရှိခိုးဘူးကြရဲ့လား"ဟု ထပ်မေးလေ့ရှိသတဲ့၊ ဆရာတော် ဘုရား

ကြီးမှာ ညလုံးပေါက် ဗုဒ္ဓဂုဏ်တော်တို့ကို ရွတ်ဆို၍ မကြာ မကြာ ဘုရားရှိခိုးလေ့ရှိကြောင်း ကြားဘူးပါသည်။

ညောင်ရမ်း ဆရာတော်ကြီး

အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော်ဘုရားကြီးသည် နေ့စဉ်နေ့တိုင်း နံနက် ၃ နာရီအချိန်၌ အိပ်ရာမှထ၍ ဗုဒ္ဓ မြတ်ဘုရား၏ ရှေ့မှောက်၌ အရဟံဂုဏ်တော်ကို အ-ရဟံ, အရ-ဟံ, အရဟံ,ဟူ၍ သုံးမျိုးရွတ်ဆိုကာ အချိန်ကြာမြင့်စွာ အနုဿတိကမ္မဋ္ဌာန်းစီးဖြန်းတော်မူလေ့ရှိသည်ကို ကျွနုပ်တို့ကိုယ်တိုင်တွေ့ရပါ၏။ ဆဋ္ဌသံဂါယနာ၌ အတုမဲ့သော သံဃရာဇာ အဓိပတိ မထေရ်မြတ်ကြီး အဖြစ် ထင်ရှား ကျော်ကြားခဲ့ပါသည်။

မစိုးရိမ် ဆရာတော်ကြီး

အဘိဓဇ မဟာရဋ္ဌဂုရု မစိုးရိမ် ဆရာတော်ဘုရားကြီးသည် နမောတဿကို အချိန်ရတိုင်းရွတ်ဆို၏၊ အထူးအားဖြင့် ကျောင်းမှအပြင်သို့ ကြွသောအခါ ကျောင်းသို့ ပြန်ရောက်လာသောအခါ ညအိပ်ရာဝင်သောအခါတို့၌လည်း နမောတဿကို ရွတ်ဆိုရှိခိုးလေ့ရှိကြောင်းသိရပါ၏၊ယင်းဆရာတော်ဘုရားကြီးသည်လဲ ဆဋ္ဌသံဂါယနာဓိပတိ သက်တော်ရှည် ဆရာတော်ဘုရားကြီးပင် ဖြစ်တော်မူ၏၊ သာသနာတော်၌ မြောက်မြားလှစွာသော ဓမ္မာစရိယ စာချဆရာတော်တို့၏ အဓိပတိ ဖြစ်တော်မူခဲ့လေသည်။

ပခုက္ကူ ဆရာတော်

ပခုက္ကူမြို့ မဟာဝိသုတာရာမ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင် အရှင်နန္ဒဝံသ ဆရာတော်ဘုရားကြီးသည်လဲ နမောတဿကို အမြဲရွတ်ဆိုလေ့ရှိကြောင်း စာပေကျမ်းဂန်ပို့ချသော အချိန်မှလွဲ၍ ကျန်သောအချိန်တို့၌ နမောတဿကို အတတ်နိုင်

ဆုံး နှလုံးသွင်းလေ့ရှိကြောင်း က လေး သူ ငယ် တို့ လာရောက် ဖူးမြှော်လျှင် စကား ပြော တတ် သည့် အရွယ်ကို အစ ထား၍ အားလုံးသော က လေး သူငယ် တို့အား 'န မော ဗုဒ္ဓ ဿ'ကို နှုတ်တက် ရအောင် သင်ပေး၍ အမြဲ ရွတ် ဆို ရမည် 'န မော ဗုဒ္ဓဿ'ကို အမြဲရွတ်ဆိုလျှင် ဘေးကင်းသည် လို တ ရသည်ဟု မိန့်တော်မူလေ့ရှိကြောင်း သိရပါသည်။

ထင် ရှား သော ဆ ရာ တော် ကြီး များ

သာသနာတော်၌ ထင်ရှားသော ဆရာတော်ကြီးတို့သည် နမော တဿကို လွန်စွာ အရေး ထားကြ၏။ သီလ ပေးရာ၌ပင် နမော တဿကို ဖြေးညှင်းစွာ ပီပီသသ ချပေးလေ့ရှိ၏။ နမော တဿဖြင့် ရှိခိုးရခြင်းကြောင့် ခံစားရမည့်အကျိုးထူးတရားတို့ကို တခန်းတနား ဟောလေ့ရှိပါသည်။ (မ ဟာ စည် ဆရာ တော် ဘုရား တိပိဋကဓရ ဦးဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရား တို့ သီလပေးသည့်အခါ နားထောင်ကြည့်ပါ)

မြန်မာနိုင်ငံ၏သာသနာတော်၌ နမောတဿသည် သီလခံယူ သောအခန်းအနားမှစ၍ အရပ်ရပ်သောအခန်းအနားတို့၌ မပါ လျှင် မပြီးသော ဘုရားရှိခိုးညွှန်း ဖြစ်ပါ၏၊ လူ အစည်းအဝေး တို့၌ပင်လျှင် နမောတဿဖြင့် အခန်း အနား ဖွင့် လေ့ ရှိပါ၏၊ 'နမောတဿ'သည် အန္တရာယ်ပျောက်ခြင်း ဆောင်ရွက်လိုသည့် ကိစ္စ ပြီးစီး အောင်မြင်ခြင်း ဟူသော အကျိုးတို့ကို ချက်ခြင်း ရသည် မဟုတ်ပါလော၊ ထို့ကြောင့်ပင် ကျနုပ်တို့သည်'နမော တဿ'ကို နေရာမရွေး အခါမရွေး အသုံးချခြင်းဖြင့် (ဝါ)ရွတ် ဆိုခြင်းဖြင့် အောင်မြင်မှုသိဒ္ဓိကို ယူကြပါကုန်စို့။

---

## နိဂုံး

ကျွန်ုပ်တို့သည် ဤသိကြားဥဒါန်းကို ရေးရသော ကောင်းမှုကံ စေတနာကြောင့် ကြောင့်ကြခပ်သိမ်း စိုးရိမ်ခပ်သိမ်း ဆင်းရဲခပ်သိမ်း ဘဝတိုင်း ကင်းငြိမ်း၍ မင်္ဂလာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုရသောကိုယ် ဖြစ်ရပါလို သော်။

ဣဒံ မေ ပုညံ အာသဝက္ခယာဝဟံ ဟောတု။

မင်္ဂလာပါခင်ဗျား

**မင်္ဂလာ—ဦးအောင်မြင့်**

## နောက်ဆက်တွဲ
## မေ့လုဝနတ်စောင်းသံ ၁၄—ဂါထာ
### ပါဠိအနက်

၁- ဝန္ဒေ တေ ပိတရံ ဘဒ္ဒေ၊ တိမ္ဗရုံ သူရိယ ဝစ္ဆသေ
ယေန ဇာတာသိ ကလျာဏီ၊ အာနန္ဒ ဇနနံ မမ။

ဘဒ္ဒေသူရိယဝစ္ဆသေ-ရှင်မသူရိယဝစ္ဆသာ (နတ်သမီး)ရေ၊ ဝါ-အားနည်းသော နေရောင်ပမာ တောက်ပစွာ ရှိသော ကြောင့် သူရိယဝစ္ဆသာ မည်သော ရှင်မနတ်သမီးရေ၊ တေ-သင်၏၊ ပိတရံ - ဖခင်ဖြစ်သော၊ တိမ္ဗရုံ-တိမ္ဗရုနတ်မင်းကြီးကို၊ အဟံ - ငါသည်၊ ဝန္ဒေ - ဝန္ဒာမိ - ရှိခိုးကန်တော့ လိုက်ပါသည်၊ ယေန-ယင်းတိမ္ဗရု နတ်မင်းကြီး ဟူသော ဖခင်ကြောင့်၊ တွံ - သင်သည်၊ ကလျာဏီ-ကောင်းခြင်းငါးဖြာ အလှအပလက္ခဏာနှင့် ပြည့်စုံသည်ဖြစ်၍၊ မမ-အာနန္ဒဇနနီ-ငါ၏ နှစ်သက် မြတ်နိုးခြင်း ချစ်ခင်ခြင်းကို ဖြစ်စေနိုင်သည်၊ ဇာတာ အသိ-ဖြစ်ပါပေသည်။

၂- ဝါတောဝ သေဒတံ ကန္တော၊ပါနိယံဝ ပိပါသတော
အင်္ဂီရသီ ပိယာ မေသိ၊ ဓမ္မော အရဟတာမိဝ။

သေဒတံ-ချွေးတဒီးဒီး ယိုစီးနေအောင် ပူလောင်အိုက်လျက် အနေခက်နေသော သူတို့သည်၊ ဝါတော-လေအေးကလေးကို၊ ကန္တောဣဝ-နှစ်သက် လိုလား သကဲ့သို့ငှင်း၊ ပိပါသတော-ရေဆာ ရေငတ် နေသော သူသည်၊ ပါနိယံ - အေး မြ ကြည် လင် သောက်ရေစင်ကို၊ ကန္တံဣဝ - နှစ်သက် လိုလား သကဲ့သို့ငှင်း၊ အရဟတံ-ကိလေသာကင်းစင် ရဟန္တာ အရှင်တို့သည်၊ ဓမ္မော-နိဗ္ဗာန်တရားတော်ကို၊ ကန္တောဣဝ-လိုလားသကဲ့သို့ငှင်း၊ အင်္ဂီရသီ-ကိုယ်အင်္ဂါမှ တဖြာဖြာ တလက်လက် ရောင်လျှံ ထွက်နေ

သော သူရိယာဝစ္ဆသာရေ၊ မေ-ငါသည်၊ တံ-သင့်ကို၊ ပိယံ-နှစ်သက်လေးမြတ် ချစ်ခင်အပ်သည်၊ အသိ-စင်စစ်မသွေ ဖြစ်ပါပေသည်။

၃- အာတုရဿေဝ ဘေသဇ္ဇံ၊ ဘောဇနံဝ ဇိဃစ္ဆတော၊
ပရိနိဗ္ဗာပယ မံ ဘဒ္ဒေ၊ ဇလန္တမိဝ ဝါရိနာ။

အာတုရဿဣဝ ဘေသဇ္ဇံ-မကျန်းမာသူ၏ရောဂါကို ဆေးက ငြိမ်းစေသကဲ့သို့ငှင်း၊ ဘောဇနံဣဝ ဇိဃစ္ဆတော-အစာ ဆာနေသောသူ၏ ဆာလောင်ခြင်းကို အစာက ငြိမ်းစေသကဲ့သို့ငှင်း၊ ဇလန္တံဣဝ ဝါရိနာ-တောက်လောင်နေသော မီးကို ရေဖြင့် ငြိမ်းစေသကဲ့သို့ငှင်း၊ ဘဒ္ဒေ-ရှင်မသူရိယဝစ္ဆသာရေ၊ မံ-ငါ့ကို၊ ဝါ-ငါ၏ အချစ်မီးအပူကို၊ ပရိနိဗ္ဗာပယ-ငြိမ်းစေပါလော့။

၄- သီတောဒကံ ပေါက္ခရဏိံ၊ ယုတ္တံ ကိဉ္ဇက္ခ ရေဏုနာ၊
နာဂေါ ဃမ္မာဘိ တတ္တောဝ ဩဂါဟေ တေ တနုဒရံ။

ဃမ္မာဘိတတ္တော-နွေရာသီ အပူဖြင့် ပူလောင် ခံနေရသည့်ကိုယ်ရှိသော၊ နာဂေါ-ဆင်သည်၊ ကိဉ္ဇက္ခ ရေဏုနာယုတ္တံ-ကြာဝတ်မှုံရှိနေသော၊ သီတောဒကံ ပေါက္ခရဏိံ-အေးမြသော ရေရှိသည့် ရေကန်ကြီးသို့၊ ဩဂါဟေ ဣဝ-သက်ဆင်းဘိသကဲ့သို့၊ တေ-သင်၏၊ တနုဒရံ-သားမြတ်တို့၏ အလယ်အရပ် ရင်ဘတ်ရင်ခွင်ထဲသို့၊ ဩဂါဟေဣဝ၊ ဝင်ရောက်နေလိုပါသည်။

၅- အစ္စင်္ကုသောဝ နာဂေါဝ၊ ဇိတံ မေ တုတ္တတောမရံ၊
ကာရဏံ နပ္ပဇာနာမိ၊ သမ္ဘတ္တော လက္ခဏူရုယာ။

ဘဒ္ဒေ-ရှင်မသူရိယ ဝစ္ဆသာရေ၊ အစ္စင်္ကုသော - ချွန်းလက်နက်ကို ကျော်လွန်ပြီးသော၊ ဝါ-ချွန်းလက်နက်ဖြင့် ထိုးဆွ နှိပ်

သည်ကို မကြောက်သော၊ နာဂေါ-ဆင်ပြောင်ကြီးသည်၊ တုတ္ထ တောမရံ- နှင်တန်နှင့်လှန်ကို၊ ဇိတံမေဏ္ဍဝ-ငါ အောင်နိုင်ပြီဟု ထင်သကဲ့သို့၊ အဟံ-ငါသည်၊ သမ္ပတ္တေ ာလက္ခဏာရှယာ၊ လှပညီစွာ ပေါင်တန်လက္ခဏာနှင့်ပြည့်စုံသော သင့်ရုပ်ကိုယ်၌ စွဲမက်ယစ်မူး သည်ဖြစ်၍၊ ကာရဏံနပ္ပဇာမိ- အပြစ်ဖြစ်မည့် အကြောင်းအရာ ကိုပင် မသိနိုင်ပဲ ရှိပါတော့သည်။

၆_ တယိ ဂေဓိတ စိတ္တောသ္မိ၊ စိတ္တံ ဝိပရိဏာမိတံ၊
ပဋိဂန္တုံ န သက္ကောမိ၊ ဝင်္ကဃသ္တောဝ အမ္ဗုဇော။

ဘဒ္ဒေ-သူရိယဝစ္စသာရေ၊ အဟံ-ငါသည်၊ တယိ-သင်၌၊ ဂေဓိ တ စိတ္တောသ္မိ-မက်မောစွဲလန်းတဲ့စိတ် ရှိနေပါသည်၊ စိတ္တံ- ငါ၏ စိတ်ကို၊ ဝိပရိဏာမိတံ-ပကတိအတိုင်း မဟုတ်တော့ပဲ ရူးသွတ် စေသလို ဖြစ်စေမိပါပြီ၊ ဝင်္ကဃသ္တော ဣဝ အမ္ဗုဇော၊ငါးမျှား ချိတ်ကို မျိုမိသော ငါးသည် ပြန်၍ မထုတ်နိုင်သကဲ့သို့ပင်၊ ပဋိ ဂန္တုံနသက္ကောမိ၊ ငါလဲသင့်ကိုမချစ်ပဲ ပြန်မဆုတ်နိုင်တော့ပါ။

၇- ဝါမူရုသဇ မံ ဘဒ္ဒေ၊သဇ မံ မန္ဒလောစနေ၊
ပလိဿဇ မံ ကလျာဏိ၊ ဇတံ မေ အဘိပတ္ထိတံ။

ဝါမူရု-တင့်တယ်သည့် ပေါင်ရှိသော၊ ဘဒ္ဒေ- ရှင်မသူရိယ ဝစ္စသ ရေ၊ မံ-ငါ့ကို၊ သဇ-ပွေ့ဖက်လှဲစမ်းပါကွယ်၊ မန္ဒလော စနေ-မဂ်ိ တရိ ကြည့်တတ်သော ရှင်မရေ၊ မံ-ငါ့ကို၊ သဇ-ပွေ့ ဖက်လှဲစမ်းပါကွယ်၊ ကလျာဏိ-ကောင်းခြင်း ငါးဖြာ လက္ခဏာ နှင့် ပြည့်စုံသော ရှင်မသူရိယဝစ္စသာရေ၊ မံ-ငါ့ကို၊ ပလိသဇ- လက်နှစ်ဖက်ဖြင့် ဝန်းကျင်ယှက်၍ ပွေ့ဖက် လှဲစမ်းပါကွယ်၊ ဇတံ-ဤသို့ပွေ့ဖက်ခြင်းကို၊ မေ-ငါသည်၊ အဘိပတ္ထိတံ-အလွန်

ပင် လိုလားတောင့်တအပ်ပါသည်၊ (ဂါထာတွေက ကာမဂုဏ်နှင့်စပ်ပြီး သီကုံးထားတဲ့အတွက် တရားစာအုပ်နှင့်တော့ မသင့်လျော်လှ၊ သို့သော်လဲ ပါဠိရင်း၌ပင် ရှိနေတော့ ချန်းချန်ထားရန်လဲမသင့်၊ ဒါကြောင့် သူ့ဆိုလိုရင်း သရုပ်လဲပေါ်လွင်အောင် အနက်ပြန်လိုက်ရသည်။)

ဂ– အပ္ပကော ဝတ မေ သန္တော၊ တာမော
ဝေလ္လိတကေသိယာ၊
အနေကဘာဝေါ သမုပ္ပါဒိ၊ အရဟန္တေဝ ဒက္ခိဏာ။

မေ-ငါ၏၊ ကာမော-ပကတိဖြစ်နေကျ လိုချင်ခြင်း ချစ်ခင်ခြင်းသည်၊ အပ္ပကောသန္တော-အနည်းငယ်သာ ဖြစ်ပါလျက်၊ ဝေလ္လိတ ကေသိယာ -ဆံပင် တွန့်ကောက်သော သူရိယဝစ္စသာ-အပေါ်၌၊ ကာမော-ဖြစ်သော လိုချင်းခြင်း ချစ်ခင်ခြင်းသည်၊ ဝတ-စင်စစ်၊ အနေကဘာဝေါ-များပြားကြီးကျယ်သည်ဖြစ်၍၊ ဝါ-များပြားကြီးကျယ်စွာ၊ သမုပ္ပါဒိ-ဖြစ်လာပေသည်၊ ကိုမိဝ-ဥပမာပုံဆို ဘယ်လိုလဲဆိုလျှင်၊ အရဟန္တေဝ ဒက္ခိဏာ–ရဟန္တာ၌ လှူသော ဒါနဟုသိုလ်သည် အလွန်အကျိုးများပြား ကြီးမား သလိုပင်တည်း။

၉– ယံ မေ အတ္ထိကတံ ပုညံ၊ အရဟန္တေသု တာဒိသု၊
တံ မေ သဗ္ဗင်္ဂကလျာဏိ၊ တယာ သဒ္ဓိံ ဝိပစ္စတံ။

ဘဒ္ဒေ-ရှင်မသူရိယ ဝစ္စသာရေ၊ တာဒိသု– အကောင်းဆုံးနှစ်ခုကို အတူပြု၍ ရှုနိုင်သည့် တာဒိဂုဏ်နှင့် ပြည့်စုံကုန်သော၊ ရဟန္တေသု-ရဟန္တာတို့၌၊ မေကတံ-ငါပြုထားသော၊ ယံပုညံ-အကြင် ကောင်းမှုသည်၊ အတ္ထိ-ရှိပါသည်၊ သဗ္ဗင်္ဂကလျာဏိ-

ကိုယ်အင်္ဂါဟူသမျှ လှပကောင်းမွန်သော သူရိယဝစ္ဆသာရေ၊ တံမေ-ငါ၏ ထိုကောင်းမှုအပေါင်းသည်၊ တယာသဒ္ဓိ-သင်နှင့် အတူတကွ၊ ဝိပစ္စတံ-ကောင်းကျိုးကို ပေးပါစေသတည်း။

၁၀- ယံ မေ အတ္ထိကတံ ပုညံ၊ အသ္မိံ ပထဝိမဏ္ဍလေ။
တံ မေ သဗ္ဗင်္ဂကလျာဏီ၊ တယာ သိဒ္ဓိံ ဝိပစ္စတုံ။

သဗ္ဗင်္ဂကလျာဏီ-သူရိယ ဝစ္ဆသာရေ၊ အသ္မိံ ပထဝိမဏ္ဍလေ-၌မြေပြင်တလျှောက်လုံး၌၊မေကတံ-ငါပြုထားသော၊ ယံ ပုညံ-အကြင်ကောင်းမှုသည်၊ အတ္ထိ-ရှိပါသည်၊ တံ မေ-ငါ၏ ထိုကောင်းမှုအပေါင်းသည်၊ တယာသဒ္ဓိ - သင်နှင့် အတူ တကွ၊ ဝိပစ္စတံ–ကောင်းကျိုးကိုပေးပါစေသတည်း။

၁၁. သကျ ပုတ္တော၀ ဈာနေန၊ ကောဒိ နိပကော သတော၊
အမတံ မုနိ ဇိဂီသာနော၊ တမဟံ သူရိယဝစ္ဆသေ။

သူရိယဝစ္ဆသေ-သူရိယဝစ္ဆသာရေ၊ သကျပုတ္တော-သာကီဝင် မင်းသားဖြစ်သော၊ မုနိ - ရဟန်းမြတ်သည်၊ ဝါ - ဘုရားရှင်၏ အလောင်းအလျာ ရဟန်းမြတ်သည်၊ ဈာနေန-ရှုမှုဈာန်ဖြင့်၊ ကောဒိ-တခုတည်းသော အာရုံ၌ တည်သည်ဖြစ်၍၊ နိပကော-ရင့်ကျက်သော ပညာရှိသည်ဖြစ်၍၊ သတော - အမြဲပင် အမှတ်ရ လျက်၊ အမတံ-သေခြင်းကင်းသော အမြိုက် နိဗ္ဗာန်ကို၊ ဇိဂီသာ နောဣဝ - ရှာမှီးနေသလိုပင်၊ အဟံ-ငါသည်၊ တံ-သင့်ကို၊ ဇိဂီ သာနော - မမေ့မလျော့ပဲ အမြဲလိုပဲ ရှာမှီးလျက် ရှိနေပါသည်။

၁၂- ယထာပိ မုနိ နန္ဒေယျ၊ ပတွာ သမ္ဗောဓိ မုတ္တမံ၊
ဧဝံ နန္ဒေယျံ ကလျာဏီ၊ မိဿီဘာဝံ ဂတော တယာ။

ကလျာဏီ - ကိုယ်အင်္ဂါဟူသမျှ အချိုးကျ၍ လှပ တင့်တယ်

ပေသော သူရိယဝစ္ဆသာရေ၊ မုနိ-မြတ်စွာဘုရားရှင်သည်၊ ပတ္တာ သမ္ဗောဓိ မုတ္တမံ-ဘုရား ဖြစ်ကြောင်း ကောင်းမြတ်လှသော အရဟတ္တမဂ်ဖိုလ်ဉာဏ် သဗ္ဗညုတဉာဏ်သို့ ရောက်ပြီး၍၊ နန္ဒေယျ ယထာပိ၊ အလိုတော်ပြည့်ဝ အားရ ဝမ်းမြောက်တော်မူသလို၊ ဧဝံ-ဤအတူပင်၊ အဟံပိ-ငါသည်လည်း၊ တယာ-သင်သူရိယဝစ္ဆ သာ နှင့်၊ မိဿီဘာဝံ-ရောယှက် ပေါင်းသင်းရခြင်းသို့၊ ဂတော-ရောက်သည်ဖြစ်၍၊ နန္ဒေယျံ-အလိုပြည့်ဝ အားရဝမ်းမြောက်လို ပါသတည်း။

၁၃- သက္ကော စေ မေ ဝရံဒဇ္ဇာ၊ တာဝတိံသာ န မိဿရော၊
တာဟံ ဘဒ္ဒေ ဝရေယျာဟေ၊ ဧဝံ ကာမော ဒဠှောမမ၊

ဘဒ္ဒေ-သူရိယဝစ္ဆသာ၊ တာဝတိံသာနမိဿရော- တာဝတိံသာ နတ်တို့၏အရှင်ဖြစ်သော၊ သက္ကော-သိကြားနတ်မင်းသည်၊ မေ-ငါ့အား၊ စေဝရံဒဇ္ဇာ-အကယ်၍ ဆုပေးငြားအံ့၊ အဟံ-ငါ သည်၊ တံ-သင်သူရိယ ဝစ္ဆသာကို၊ ဝရေယျံ-လက်ခံတောင်းယူ လိုပါသည်၊ မေ-ငါ၏၊ ကာမော- လိုချင်ချစ်ခင်ခြင်းသည်၊ ဧဝံ ဒဠှော-ဤသို့ဆုကိုတောင်းယူလိုသည်အထိ မြဲမြံထက်သန် လှပါ တော့သည်။

၁၄- သာလံဝ နစိရံ ဖုလ္လံ၊ ပိတရံတေ သုမေဓသေ၊
ဝန္ဒမာနော နမဿာမိ၊ ယဿာသေ တာဒိသီပဇာ။

သုမေဓသေ-အသိဉာဏ် ကောင်းစွာ သူရိယဝစ္ဆသာရေ၊ နစိရံ ဖုလ္လံ သာလံကုဝ-မကြာမီက ပွင့်နေသော အင်ကြင်း ပင်ကြီးကို အလေးပြုသလိုပင်၊ ပိတရံတေ-သင်၏ ဖခင် တိမ္ဗရုမည်သော ဂန္ဓဗ္ဗနတ်မင်းကြီးကို၊ အဟံ-ငါသည်၊ ဝန္ဒ

မာနော-အလိုဆန္ဒ ပြည့်ဝပါစေဆိုတဲ့ ဆုမွန်ကောင်းတောင်းလျက်၊ နမဿာမိ-လက်အုပ်မိုး၍ ရှိခိုးကန်တော့ လိုက်ပါသည်၊ ကသ္မာ-အဘယ့်ကြောင့် ဤလိုရှိခိုးရသနည်း ဆိုလျှင်၊ ယဿ-ယင်းနတ်မင်းကြီး၏၊ ပဇာ-သမီးတော် သင်သည်၊ ဧဝံတာဒိသီ အသိ-ဤသို့ ချစ်ခင်လောက်အောင် လှပတင့်တယ်ပါပေသည်၊ ဝါ-တင့်တယ်လှပသော သမီးတော် ဖြစ်ထွန်းလျက် ရှိသောကြောင့်ပါတည်း။

(အမှာ-ဤ ၁၄-ဂါထာအနက်သည် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့သော သက္ကပဥှသုတ် တရားတော် စာအုပ်မှ ဖြစ်ပါသည်။)

---

ဗေလုဝနတ်စောင်းသံကဗျာ ၁၄-ပုဒ်

၁။ နေဝန်းပမာ ရောင်ဝါဖြိုးလို့ တိမ္ဗရုမျိုးမို့ လှရှာပေသည်၊
ကောင်းခြင်းစုံညီ ကလျာသွေး မို့ ရှုကာတွေးလို့ ငေးလောက် ပါပေသည်၊
မောင်ရဲ့စိတ်မှာ နှစ်သက်စွဲလို့ တချစ်ထဲပဲ ချစ်နေချင်သည်၊
တိမ္ဗရုအား ဘဘုရား ငါကား ရှိခိုးသည်။

၂။ ၃။ ချွေးစိုသူဟာ လေကိုတလို့ ရေဆာသူက ရေရှာသလို၊
အရိယာတို့ဟာ မဂ္ဂင်တရားကို ရှုပွားလို့သာ နေချင်သလို၊
ရောဂါရှင်ဟာ ဆေးကိုတလို့ ဆာလောင်သူက အစာရှာသလို၊

မောင့်မှာတော့ကာ ခင့်ကိုတလို့ ရာဂမီးလဲ တောက်
လို့ကိုယ်၊
သစ်လွင် တောက်ပ မေဘဒ္ဒ သူရိယဝစ္ဆပျို။
၄။ ဝတ်မှုံသင်းလျှံ ရေကန်တွင်းကို သက်ဆင်းရတဲ့ ဆင်
ပြောင်ဟာ၊
နှလုံး ကြည်လင် ပူပင်ကင်းလို့ ရှင်လန်းခြင်း ကို
ရသည့်ပမာ၊
ရာဂပူလောင် ဒီမောင်တယောက်တော့ သည်းကြွေ
မလောက် ဖြစ်ရပါ။
၅။ ချွန်း၏ဒဏ်ကို ခံနိုင်စွမ်းတဲ့ ဆင်သရမ်းကြီး တကောင်
ဟာ၊
နားရယ်ပါးရယ် ခြေပါခွင်းတဲ့ ခက်ရင်းကိုလဲ ရေး
မစိုက်သလိုပါ၊
သွယ်ပြောင်း အင်္ဂါ ခါးရင်လှသမို့ ပေါင်တန်ကလဲ
ဖြိုးလို့သာ၊
လှပကျော့ရှင်း မေ့ရှုခင်း သက်ဆင်းမိပေါ့ ဒီမောင်
မှာ။
၆။ နှမသူရိယာ ခင်အလှကို မြင်ကထဲက စွဲမိတာ၊
သံမျှားချိတ်ကို အစာမှတ်လို့ ဟတ်မျိုမိတဲ့ ငါးကြီး
ဟာ၊
အံ့ထုတ်ဘို့ရာ နောက်ပြန်ဆုတ်လဲ မလှုပ်သာလို့ ခံရပါ၊
ထိုနည်းတိုင်ပဲ ဒီမောင်လဲ နောက်လဲ့ မဆုတ်သာ။
၇။ ရွှေငှက်ပျောပမာ သွယ်ကာဖြိုးလို့ ပေါင်တမျိုး
လှတဲ့ မယ်ဘဒ္ဒါ၊

မောင့်ထံပြေးလာ စလျားဆက်သမို့ တအားဖက်လို့ ချစ်စမ်းပါ၊
ကောင်းခြင်းအင်္ဂါ လက္ခဏာပြည့်လို့ ကြည့်ပုံကလဲ သိမ်မွေ့စွာ။

၈။ ငါ၏ကာမာ ရင်းမူလက အနည်းငယ်မျှ ဖြစ်ပေတာ၊
တွန့်လိမ်ကွေးနေ သံကေအလှကြောင့် ချစ်ပွေဆန်းပြား ကြီးမားလာ၊
ရဟန္တာအား ပေးလှူငြား တိုးပွားကျိုးပမာ။

၉။ ရဟန္တာမြေမှာ စိုက်ခါပျိုးတဲ့ မောင့်ကုသိုလ် အမျိုးမျိုး ရှိပါသည်၊
ထိုသည့်ကုသိုလ် ထိုထိုကျိုးက ဖွင့်ကာဖြိုးလို့ နေပါပြီ၊
မောင်နှင့်မေလဲ တူစုံတွဲ အဲဒီအကျိုး ခံစားမည်။

၁၀။ ပြုပြီးကုသိုလ် မောင့်မှာရှိသမို့ ဤမြေဗဟို့ မဏ္ဍလင်ဝယ်၊
ထိုသည့်ကုသိုလ် နှစ်ကိုယ်တွဲလို့ မောင်လဲမေနဲ့ ခံစားမယ်၊
သူရိယဝစ္ဆ မေဘဒ္ဒ အလှပျိုကညာရယ်။

၁၁။ ဈာနလာဘီ မထေရ်ကြီးမို့ ရင့်ပြီးသတိ သာကီမဟာ
အမြိုက်နိဗ္ဗာန် ရောက်ရန်စခန်းကို အစဉ်မှန်းလို့ ရှာသလိုသာ၊
မောင်လဲ မေအား ရစေသားလို့ ကြိုးစားရှာခဲ့တာ။

၁၂။ သဗ္ဗညုတံ ဉာဏ်တော်ရလို့ ဝမ်းမြောက်လှသည့် ပရမေလို၊

မေဒင့်မှာလေ မေ့ကိုရလို့ ဝမ်းသာအားရဖြစ်မှာကို၊
ဘဒ္ဒါအလှ ခင်နှမ သူရိယဝစ္ဆဗျို။

၁၃။ အကယ်၍သာ နတ်သိကြားက နတ်မင်းဆုများ ပေးခဲ့
သော်၊
ဒေဝစ္ဆရာ ရှောင်သွေလွဲလို့ မေ့ကိုအသဲစွဲချစ်ဖို့မြှော်၊
အချစ်ဟူသမျှ မောင့်ကာမ မြဲပခင့်အပေါ်။

၁၄။ ကောင်းခြင်းလက္ခဏာ ဝေဖြာကြွလို့ လှပကျော့ရှင်း
ကိုယ်အင်္ဂါ၊
ပြည့်စုံပေတာ ဘသမီးမို့ ရှုမငြီးတဲ့ လှသူဇာ၊
နတ်တို့ပြည်မှာ ကြိုင်လှိုင်သင်းသမို့ ပပဝင်းလို့
ပွင့်ဝေဆာ၊
အင်ကြင်းပင်အလား သင့်ဘဘုရား မောင်ကား
ဦးတင်ပါ။

(ပဉ္စသိခ သီချင်းဂါထာ ၁၄-ပုဒ်ကဗျာများ ပြီး၏)။

# ရတနာ

သိကြားဥဒါန်းကို ဖတ်ပြီးလျှင် ရတနာစာအုပ်ကိုဖတ်ရန် မမေ့ကြစေလိုပါ၊ သိကြားဥဒါန်းနှင့် ရတနာစာအုပ်သည် ဆက်စပ်လျက်ရှိပါသည်။

## ရတနာစာအုပ်သည်

လောကီ ရတနာ, လောကုတ္တရာ ရတနာ အမျိုးမျိုးတို့တွင် အန္တရာယ် ရန်စွယ်ဟူသမျှတို့ကို အုတ်တံတိုင်းကြီးပမာ အကာ အကွယ်ပေးနိုင်မည့် ရတနာတို့ကို ဖွင့်ပြသည့် စာအုပ်ဖြစ်ပါ သည်။

အန္တရာယ်တို့ကို ဘယ်လောက် ကာကွယ်နိုင်သောရတနာ, ဘယ်လောက်သိဒ္ဓိပေါက် အကျိုးပြီးနိုင်သော ရတနာ တို့ဖြစ် သည်ကို ကျမ်းအကိုးအကား ခိုင်လုံစွာဖြင့် ဖော်ပြ၍ ကျင့်သုံး နည်းနှင့်တကွ ဖတ်ရှုကြရပါမည်။

မင်္ဂလာစာပေ။

# ဗုဒ္ဓသာသနာဝင် အခြေခံကျင့်စဉ်

"ဗုဒ္ဓသာသနာဝင် အခြေခံကျင့်စဉ်" စာအုပ်ငယ်ကို ၁၉၇၈ ခုနှစ်က ပထမအကြိမ် အုပ်ရေ(၅၀၀၀)ငါးထောင် ပုံနှိပ်ဖြန့်ချိခဲ့ရာ ကုန်ခဲ့ပါသည်။

ယခုတဖန် အလှူမင်္ဂလာပွဲများနှင့် ဥပုသ်ဇရပ်များတို့တွင် ဓမ္မဒါနပြုလိုသော စေတနာရှင်များ၊ စာမေးပွဲများ၌ ကလေးသူငယ်များအား ဆုပေးလိုကြသော စေတနာရှင်များ၊ အခြေခံသာသနာရေးစာမေးပွဲ ကျင်းပလိုသူအရှင်မြတ်များက ထပ်မံပုံနှိပ်ရန် မေတ္တာရပ်ခံကြသောကြောင့် ဒုတိယအကြိမ် ပုံနှိပ်နေပါပြီ။

မူလ အရွယ်အစားအတိုင်းဖြစ်သော်လဲ စာအနေအထား၊ ချုပ်လုပ်ပုံသေသပ်ကောင်းမွန်အောင်စီစဉ်လျက်ရှိပါသည်။

ယင်းစာအုပ်၌ (၁) ဩကာသ၊ (၂) သီလတောင်း၊ (၃) သရဏဂုံဆောက်တည်ပုံ၊ (၄) ငါးပါးသီလ ဆောက်တည်ပုံ၊ (၅) ရှစ်ပါးသီလ ဆောက်တည်ပုံ၊ (၆) ခုနစ်နေ့ ဘုရားရှိခိုး, သတ္တဋ္ဌာနဘုရားရှိခိုး, ဂုဏ်တော် ပါဠိအနက်ရှိခိုး, အနန္တငါးပါးရှိခိုး, သမ္ဗုဒ္ဓေရှိခိုး၊ (၇)အန္တရာယ်ကင်း ဂါထာများ၊ (၈) မေတ္တာပို့၊ (၉) ပန်းကပ်, ဆွမ်းကပ်, ရေချမ်းကပ် စသည်တို့အပြင် လူငယ်တို့ကျင့်ဝတ်ကဗျာများပါဝင်ပါသည်။

**အဘိုး တအုပ် ၂-ကျပ်**

အသင်းအဖွဲ့နှင့် ဓမ္မဒါနပြုလိုသူများအတွက် အထူးနှုန်းပေးပါမည်။

**မင်္ဂလာစာပေ။**

# ရှင်ဥပဂုတ်

ရှင်သီဝလိစာအုပ်ကို ဖတ်ရသည်မှာ ကျမ်းအကိုးအကား ခိုင်လုံ၍ ကြေနပ်ပါသည်ဟု ထောပနာ ပြုတော်မူကြသော ရဟန်းရှင်လူ စာရှုသူတို့အား ရှင်ဥပဂုတ် ကျမ်းစာအုပ်ကိုလဲ ဖတ်ရှုတော်မူကြပါဦးဟု တိုက်တွန်းပါသည်။

ကျမ်းအမျိုးမျိုး, ရာဇဝင် မဟာဝင်အမျိုးမျိုးတို့၌ ပါပင်ခဲ့သော ရှင်ဥပဂုတ်ထေရုပ္ပတ္တိအမျိုးမျိုးတို့ကို တိတိကျကျ မိမိရရ တင်ပြ၍ ဝေဖန်ထားသော နိဒါန်းကို ဖတ်ရလျှင် အားရဘွယ် ဖြစ်ပါသည်။

ဖတ်ဖူးခဲ့သော ရှင်ဥပဂုတ်ထေရုပ္ပတ္တိတို့နှင့် မတူသောအချက်တွေ အတော်များများ တွေ့ရမည့်အပြင် ရေမျှောသော ရှင်ဥပဂုတ်၊ အရုပ်ဆိုးသော ရှင်ဥပဂုတ် မဟုတ်သည်ကိုလည်း တွေ့ကြရ ဖတ်ကြရပါမည်။

ကိုးကွယ်နည်းနှင့်တကွ လိုရာဆုတောင်းဂါထာ ကျက်မှတ်စရာများ ပါဝင်ပါသည်။

## ဒုတိယအကြိမ် ပုံနှိပ်နေပါပြီ

မင်္ဂလာဗေ။

## မင်္ဂလာဦးအောင်မြင့်၏ ကျမ်းစာများ

| | | |
|---|---|---|
| ၁။ | ရှင်သီဝလိ | လေးကြိမ်ပုံနှိပ်ပြီး |
| ၂။ | ရှင်ဥပဂုတ် | ဒုတိယအကြိမ်ပုံနှိပ်ဆဲ |
| ၃။ | မဟာစည်သြကာသအဖွင့် | ဒုတိယအကြိမ်ပုံနှိပ်ပြီး |
| ၄။ | ဗုဒ္ဓသာသနာ့ဝင်အခြေခံကျင့်စဉ် | ဒုတိယအကြိမ်ပုံနှိပ်ဆဲ |
| ၅။ | သိကြားဥဒါန်း | ပထမအကြိမ်ပုံနှိပ်ပြီး |
| ၆။ | ရတနာ | မကြာမီပုံနှိပ်မည် |
| ၇။ | သုစရိုက်ပုံစံတဆယ် | မကြာမီပုံနှိပ်မည် |
| ၈။ | ဗုဒ္ဓရုပ်ပွားထုလုပ်ကိုးကွယ်နည်းများ | ရေးပြီး |
| ၉။ | ဣဒ္ဓိဆယ်ပါးတန်ခိုးရှင်ကြီးများ | ရေးပြီး |
| ၁၀။ | ပခုက္ကူဝတ်ရွတ်စဉ် | တတိယအကြိမ်ထွက်ပါတော့မည် |
| ၁၁။ | စက္ကဝတ္တိမမွသတ် | စာမူသစ်ရေးပြီး |
| ၁၂။ | ပရိတ်ကြီးနိဿယ | စာမူသစ်ရေးပြီး |

**မင်္ဂလာစာပေ။**

# မင်္ဂလာပါခင်ဗျား

မင်္ဂလာစာပေ
၅/၆၊ စိန်မေတ္တာလမ်း၊ ဟာမစ်တိတ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။